မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၇၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ မာမွတ် အာမက်ဒိန်ရတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လက်တွေ့အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင်

အဖွဲ့အစည်းတစ်ခုမှာ သဘောတရားရှိရမယ်၊ သဘောတရားကို အခြေခံတဲ့ လုပ်ငန်းလမ်းညွှန်ရှိရမယ်၊ လက်တွေ့လုပ်ငန်းစဉ်များနှင့် စည်းရုံးအကောင်အထည်ဖော်ကြရမယ်ဆိုတဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ နာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ရဲ့ရည်မှန်းချက်များ လက်တွေ့အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင် အကောင်အထည်ဖော်သွားကြပါ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေး ဆောင်ရွက်နေချိန် အင်အားကြီးနိုင်ငံအချို့ မြန်မာနိုင်ငံကို သူတို့ဩဇာခံဖြစ်ရေး အဆက်မပြတ်ဖိအားပေးထိုးနှက်နေ ပြည်တွင်းပြည်ပ အဖျက်လုပ်ရပ်များကို စည်းလုံးညီညွတ်မှုအင်အားဖြင့် တွန်းလှန်နိုင်မည် စစ်မှုထမ်းဟောင်းများ တပ်မတော်၏ဦးဆောင်မှုခံယူပြီး ပြည်သူနှင့်အတူ ပါဝင်ဆင်နွှဲ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ **"အမျိုးသားနိုင်ငံရေးရာကဏ္ဍ"**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့်၏ ပြန်လည်ရှင်းလင်းချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) တတိယနေ့ အစီအစဉ်ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပညာနှင့်နည်းပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချ နိုင်ငံတော်ကြီး ကမ္ဘာ့အလယ် ဝင့်ထည်စွာရပ်တည်နိုင်ရေး ကြိုးပမ်း

မျက်မှောက်ကာလသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင်သာမက ကဏ္ဍအသီးသီးတွင် ပညာနှင့်နည်းပညာကို ပိုမိုစေစားအသုံးပြုလာကြသော အချိန်ကာလ ဖြစ်သည်။

အနာဂတ်ကာလတွင်လည်း ယခုထက်ပိုမို၍ ပညာနှင့်နည်းပညာများကို ဆက်လက်အသုံးချနေကြရမည်ဖြစ်ရာ ပညာနှင့်နည်းပညာနောက်ကျမကျန်ရစ်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုခိုင်မာအားကောင်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“မိမိနိုင်ငံ၏ လူ့ဘောင်ကို Life Long Learning Society ‘အမြဲသင်ယူလေ့လာနေသည့် လူ့ဘောင်’ ဖြစ်လာစေရန် ကြိုးပမ်းတည်ဆောက်ရမည်”** ဟု လမ်းညွှန်မှာကြားထားပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံအတွင်းရှိ လူငယ်လူရွယ်များမှအစပြု၍ လူကြီးပိုင်းအရွယ်များအထိ ပညာနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် တစ်နည်းအားဖြင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က အဘက်ဘက်က အားပေးမြှင့်တင်ဖော်ဆောင်ပေးလျက် ရှိသည်။

ယင်းသို့ မြှင့်တင်ဆောင်ရွက်ရာတွင် လူငယ်လူရွယ်များ အသိဉာဏ်ပညာ မြင့်မားတိုးတက်စေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပညာနှင့်နည်းပညာကဏ္ဍ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာမှသည် အဆင့်မြင့်ပညာများ ဆည်းပူးလေ့လာ သင်ယူနိုင်သည်အထိ စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အခြားဖွံ့ဖြိုးပြီးနိုင်ငံအချို့၌ပင် မထူထောင် မဖွင့်လှစ်နိုင်သေးသော ရေကြောင်း ပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပညာရပ်များကို ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ပြီဖြစ်သည်။ ဒေသအသီးသီးတွင်လည်း ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို ဖြန့်ကြက်ထူထောင်ပေးထားရာ ဒေသခံလူငယ်လူရွယ်များ အဆင့်မြင့်နည်းပညာများကို သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေကြပြီ ဖြစ်သည်။

တစ်ဖက်တွင်လည်း ကျေးလက်နေပြည်သူများ အသိပညာ၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးလက်စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးလျက် ရှိပေသည်။ ကျေးလက်နေပြည်သူများ စာအုပ်စာစောင်များ လက်လှမ်းတမီရှိစေရေးနှင့် စာပေဖတ်ရှုမှု အလေ့အကျင့်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိလာစေရန်အတွက် ကျေးလက်စာကြည့်တိုက်များကို မွန်မြတ်သောစေတနာဖြင့် ထူထောင်ပေးနေခြင်း ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာများအားလုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုကြီး ၁၃၄၇၈အုပ်စုတွင် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအား အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်စသည့် အရည်အချင်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးနေခြင်းသည် နိုင်ငံတော်ကို တိုးတက်သည်ထက် တိုးတက်စေရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရန်တို့အတွက် ဖြစ်သည်။

ယင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများသည်လည်း သဟဇာတရှိရှိ အပြန်အလှန်အကျိုးပြု ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ သို့မှသာ နိုင်ငံတော်သည် ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝသည်လည်း ပြည့်စုံမြင့်မားလာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က စေတနာရှေ့ထား၍ ဖန်တီးဖော်ဆောင်ပေးထားသည့် အသိပညာ၊ အတတ်ပညာများပါဝင်သည့် ပညာနှင့်နည်းပညာများကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အကျိုးရှိရှိအသုံးပြုပြီး နိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကဏ္ဍအသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့်ဟန်ဂေရီနှစ်နိုင်ငံ သဘောတူညီ

ဘူဒါပက် ဇွန် ၂၈

သိပ္ပံနှင့် နည်းပညာရပ်ဆိုင်ရာများ အပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးတွင် စွမ်းအားပြည့်ဆောင်ရွက်ကြရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို အိန္ဒိယနှင့် ဟန်ဂေရီနိုင်ငံတို့က ဇွန် ၂၄ ရက် သောကြာနေ့၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ်ကို အိန္ဒိယသံအမတ် မင်ဘီရာဆင်းနှင့် ဟန်ဂေရီနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး အရာရှိတစ်ဦးဖြစ်သည့် အီစတီဗင်မေဂျာတို့က အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ကေနပ်ဝါဆင်း၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယပြည်ပရေးရာ ဝန်ကြီး မစ္စတာဆင်းသည် အစောပိုင်းက ဟန်ဂေရီ နိုင်ငံဝန်ကြီးချုပ် ဖရင့်ဂယူရာဆာနီနှင့် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ဖရင့်ဆိုမိုရိုင်နှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် မစ္စတာဆင်းနှင့် ဟန်ဂေရီဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးအပေါ် အမြင်ချင်းဖလှယ်ပြောကြားခဲ့ကြသည်။

ထို့အပြင် ပညာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်များတွင်လည်းကောင်း၊ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာများတွင် လည်းကောင်း စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ ပီတီအိုင်

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူများ တိုးပွားလျက်ရှိ

ဟနွိုင်း ဇွန် ၂၈

ဗီယက်နမ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ပို၍ပို၍များလာလျက်ရှိသည့်အားလျော်စွာ မိမိတို့အတွက် ဝင်ငွေပို၍ပို၍ရရှိလာကြောင်း ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့ ဘက်ချ်မေ လမ်းမကြီးရှိ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင် ပိုင်ရှင် ငုယင်သီငန်က ပြောကြားသည်။

မိမိဆိုင်သည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၉၀၀နီးပါး အကျိုးအမြတ်ရရှိကြောင်း လွန်ခဲ့သည့် ငါးနှစ်က ဟနွိုင်းဥပဒေတက္ကသိုလ်မှ ဘွဲ့ရခဲ့သူ ငုယင်သီငန်က ပြောကြားသည်။

စီးပွားရေးကောင်းသည့်အလျောက် သူမသည် တွန်ဒတ်သန် လမ်းမကြီး၌ နောက်ထပ် ဆိုင်တစ်ဆိုင် ဖွင့်ရန် ရည်ရွယ်ထားသည်။ ငုယင်သီငန်၏ မိုဘိုင်းလ်ဖုန်း အရောင်းဆိုင်ကဲ့သို့ ဆိုင်များသည် ဟနွိုင်းမြို့တွင်း၌ နေ့ချင်းညချင်း မှိုလိုပေါက်လာခဲ့ကြသည်။

နှစ်ကီလိုမီတာရှိသော ဘက်ချ်မေ လမ်းမကြီး တစ်လျှောက်၌ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင် တစ်ဒါဇင်ကျော်မျှ ရှိပြီး ဝယ်သူများကို ဈေးခေါ်ကာ ရောင်းအားတိုးအောင် ဆွဲဆောင်လျက်ရှိသည်။

ဆဲလ်ဖုန်းများသည် အရေးပါသော ခေတ်မီလူသုံးပစ္စည်းဖြစ်လာပြီး ဆဲလ်ဖုန်းရောင်းသည့်ကုန်သည်များသည် ယခုနှစ်၌ ဆဲလ်ဖုန်းအလုံး နှစ်သန်းရောင်းချဖွယ်ရှိသည်။ ယမန်နှစ်က ၁ဒသမ၆သန်း ရောင်းချခဲ့ရသည်ဟု ဆိုသည်။

အသုံးပြု

လူဦးရေ ၈၂သန်းကျော်သော ဗီယက်နမ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း အသုံးပြုသူဦးရေသည် ယခုအခါ ၅ဒသမ၃သန်းမျှရှိပြီး ယခုနှစ် ကုန်ပိုင်း၌ ၇ဒသမ၃သန်း ကျော်ဖွယ်ရှိကာ ၂၀၀၈ ခုနှစ်ကုန်ပိုင်း၌ ၂၁ဒသမ၂သန်းရှိမည်ဟု ဗီယက်နမ်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးကော်ပိုရေးရှင်းက ပြောကြားသည်။ **(အင်တာနက်)**

အီဂျစ် ကိုယ်ချင်းဆက်အမြွှာ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်

ကိုင်ရို ဇွန် ၂၈

အီဂျစ်ကိုယ်ချင်းဆက်အမြွှာ ကလေးငယ်နှစ်ဦးဖြစ်သည့် အလာနှင့် ဝါလာတို့အား ပြီးခဲ့သည့် ဇွန် ၂၅ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တော် ဆေးရုံတစ်ခုတွင် ဆရာဝန်များက သီးခြားစီဖြစ်အောင် ခွဲစိတ်ပေးခဲ့ကြောင်း အီဂျစ်ဂေဇက်သတင်းစာက ဇွန်၂၆ရက် တနင်္ဂနွေနေ့တွင် ဖော်ပြထားသည်။

ခွဲစိတ်ကုသပေးခဲ့သည့် ဆရာဝန်များအဖွဲ့ခေါင်းဆောင် အဗ္ဗဒူလာအယ်ရူဘီရာက ပြောကြားရာတွင် အလာနှင့်ဝါလာတို့ ယခုအခါ သီးခြားစီ ဖြစ်သွားပြီဖြစ်ကြောင်း နှစ်ဦးစလုံး ကျန်းမာရေးကောင်းမွန်ပြီး အခြေအနေမှာ ပုံမှန်ဖြစ်လျက်ရှိကြောင်း ပြောကြားသည်။

သီးခြားစီနေနိုင်ပြီ

အမြွှာကလေးငယ်နှစ်ဦးသည် ခွဲစိတ်မှုများပြုလုပ်ခဲ့ပြီးနောက် သီးခြားစီခွဲထားနိုင်ပြီဖြစ်ရာ ပထမဆုံးအကြိမ် သီးခြားစီ ကိုယ်ပိုင်အိပ်ရာဖြင့် နေနိုင်ကြပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အမြွှာကလေးငယ်နှစ်ဦးမှာ ပြီးခဲ့သည့် ဧပြီလ ၁၉ရက်က ရီယာ့ဒ်ဆေးရုံတွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကလေးငယ်များ၏ ရင်ဘတ်အောက်ပိုင်းနှင့် ဝမ်းဗိုက်များ ဆက်နေခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်

အမြွှာကလေးငယ်နှစ်ဦးကို ၃၅ဦးပါ ဆရာဝန်အဖွဲ့က ၁၀နာရီကြာအောင် ခွဲစိတ်ပေးခဲ့ကြရပြီး မခွဲစိတ်မီ စမ်းသပ်မှု အမျိုးမျိုးပြုလုပ်ခဲ့ကြရသည်။ ယခုခွဲစိတ်ကုသမှုသည် ဆော်ဒီအာရေဗျတွင် ကိုယ်ချင်းဆက်အမြွှာ ခွဲစိတ်မှု (၁၀)ကြိမ်မြောက်လည်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်ကို တပ်မတော်၊ ပြည်သူလူထုနဲ့ အစိုးရက ဟန်ချက်ညီစွာ တည်ဆောက်လျက်ရှိ
အင်အားကြီးနိုင်ငံအချို့က ကြိုးကိုင်ခြယ်လှယ်စိုးမိုးနိုင်ရန် ILO စင်မြင့်ကို အသုံးပြု
မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရာမှာ ICFTU က အဓိကတိုင်ကြားသူဖြစ်
ICFTU သို့ မဟုတ်အမှန် လုပ်ကြံစွပ်စွဲချက် သတင်းပို့သူမှာ FTUB မှ ပြည်သစ်ညွန့်ဝေဖြစ်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "အမျိုးသားနိုင်ငံရေးရာကဏ္ဍ" နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုး(အငြိမ်းစား)၏ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ နိုင်ငံတော်ပြိုကွဲပျက်စီးအောင် နည်းမျိုးစုံသုံးပြီး ကြံစည်ကြိုးပမ်းနေတဲ့ ပြည်ပြေးအကြမ်းဖက်သမား မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေဦးစီးတဲ့ FTUB အဖွဲ့ဟာ မြန်မာနိုင်ငံအစိုးရက တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမဟုတ်တဲ့အပြင် ပြည်သူ့ရန်သူဖြစ်နေတဲ့အတွက် FTUB အဖွဲ့ကို မတရားအသင်းအဖွဲ့အဖြစ် ကြေညာပေးပါရန် နိုင်ငံတော်အစိုးရအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ကြီးက တောင်းဆို။

အင်တိုက်အားတိုက်ဆောင်ရွက်

၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်အမှတ်(၃/၉၈)အရ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးကော်မတီကို ကော်မတီဝင် ၃၁ ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၀၅) အရကော်မတီဝင် ၄၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဟာဗဟိုနာယကကြီးဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဩဝါဒများနှင့် လမ်းညွှန်ချက်များကို ခံယူကာ အမျိုးသားနိုင်ငံရေးရာကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး

"အမျိုးသားနိုင်ငံရေးရာကဏ္ဍ" နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုး (အငြိမ်းစား)က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လာခဲ့ရာ ယခုအခါ ခုနစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်ပါသည်။

ပြည်နယ်၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ ၁၉ ဖွဲ့က ကဏ္ဍလိုက် ဆောင်ရွက်ချက်များကို ညီလာခံပထမနေ့မှာ စစ်မှုထမ်းဟောင်းညီလာခံကြီးကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ထိရောက်စွာဆောင်ရွက်

လုပ်ငန်းကဏ္ဍကြီး(၅)ရပ်အနက် အမျိုးသားနိုင်ငံရေးကဏ္ဍကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ရှေးဦးစွာကြီးကြပ်ရေးအဆင့်ဆင့်ဖြင့်

စာမျက်နှာ ၆ ကော်လံ ၁

● *ရှေ့ဖုံးမှ*

ကျွန်တော့်အနေနဲ့ ပြည်နယ်၊ တိုင်း အသီးသီးမှ တက်ရောက်လာကြတဲ့ညီလာခံကိုယ်စားလှယ်များရဲ့ အမျိုးသားနိုင်ငံရေးကဏ္ဍ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။

ဟန်ချက်ညီပေါင်းစည်း

အမျိုးသားနိုင်ငံရေးဆိုတာ တစ်ဦးတစ်ဖွဲ့အတွက် မဟုတ်ဘဲ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ သက်ဆိုင်တဲ့ အရေးအရာများကို ခေါ်ဆိုခြင်းပဲဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်အစိုးရက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စတဲ့ ဒို့တာဝန်အရေးသုံးပါးကို အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါတယ်။ ဒါဟာအမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေခြင်းပဲဖြစ်ပါသည်။

ယနေ့ကာလဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာစေရေးအတွက် အပူတပြင်းဆောင်ရွက်နေတဲ့ ကာလလဲ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တပ်မတော်၊ ပြည်သူနှင့် အစိုးရစတဲ့ အင်အားသုံးရပ်ရဲ့ စွမ်းပကားကို ဟန်ချက်ညီပေါင်းစည်းဆောင်ရွက်ကြရန်လိုအပ်ပါတယ်။

ယနေ့မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးဟာ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများမှာ တက်ကြွစွာပါဝင်နေကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

"အမျိုးသားနိုင်ငံရေးရာကဏ္ဍ" နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့်က ပြန်လည်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းထား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ရက်မှာ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ယခုဆိုလျှင် ပြည်နယ်၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ ၁၉ ဖွဲ့၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့ ၆၅ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ၃၀၈ ဖွဲ့တို့ကို အဖွဲ့ဝင်အင်အား ရှစ်သောင်းခြောက်ထောင်ခန့်၊ အရန်အဖွဲ့ဝင်ငါးသောင်းခန့်၊ စုစုပေါင်းအင်အား တစ်သိန်းလေးသောင်းခန့်ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

ပုံမှန်ပြုလုပ်

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစေရေး၊ အထွေထွေဗဟုသုတတိုးတက်စေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်ရာမှာ အဆင့်မြင့် သင်တန်း အကြိမ် ၃၀၊ ရက်တိုသင်တန်း ၃၆ ကြိမ်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်း၊ စစ်မှုထမ်းဟောင်းပုံမှန်သင်တန်း ၂၄၃ ကြိမ်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အရာရှိ၊စစ်သည် ၂၀၃၅၉ ဦးတို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ အမျိုးသားနိုင်ငံရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးနဲ့ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံယဉ်ကျေးမှုနယ်မြေမှာ ကျင်းပခဲ့သော လူထုအစည်းအဝေးကြီးက ချမှတ်ခဲ့တဲ့ ပြည်သူတို့၏ သန္နိဋ္ဌာန် (၆)ရပ်တို့ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး သိရှိခံယူကျင့်သုံးကြရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာဘဲ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွင်း အမျိုးသားနိုင်ငံရေး အတွေးအခေါ်အသိအမြင်များ ဖလှယ်နိုင်ရေးအတွက် ဆွေးနွေးဟောပြောပွဲများကိုလည်း ပုံမှန်ပြုလုပ်ကြဖို့ လိုအပ်ပါတယ်။ သင်တန်းများကို ၁၉၉၉ခုနှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ရာ (၆)နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။ သို့သော်အချို့သော ပြည်နယ်နှင့်တိုင်းတို့မှာ သင်တန်းများမတက်ရောက်သေးသည့် စစ်မှုထမ်းဟောင်းများ ကျန်ရှိနေကြရာ တစ်နိုင်ငံလုံးရှိ စစ်မှုထမ်းဟောင်း နှစ်သောင်းကျော်ကို သင်တန်းတက်ရောက်နိုင်ရေးအတွက် စီမံစေလွှတ်ပေးရန်လိုအပ်နေကြောင်းသိရှိရပါတယ်။ဒေသဆိုင်ရာ ပြည်နယ်နှင့်တိုင်းကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကြီးကြပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌများက တာဝန်ယူစိစစ်ပြီး သင်တန်းများ စေလွှတ်လေ့ကျင့်ပျိုးထောင်ပေးကြပါရန် အလေးအနက်တိုက်တွန်းလိုပါတယ်။

စွမ်းရည်ဖော်ထုတ်ပြသ

စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ ဆွေးနွေးသွားကြတဲ့အတိုင်းပဲ ယနေ့အချိန်အခါမှာ မဟာအင်အားကြီး နိုင်ငံအချို့ဟာ မြန်မာနိုင်ငံကို သူတို့ရဲ့ ဩဇာခံ နိုင်ငံဖြစ်စေရေးအတွက် ဖိအားပေးမှု၊ ထိုးနှက်မှုတွေ အဆက်မပြတ်လုပ်ဆောင်နေတဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ ဒီလိုရန်စွယ်တွေက ကာကွယ်တွန်းလှန်နိုင်ဖို့အတွက် ပြည်သူလူထုရဲ့ တစ်ခဲနက်စည်းလုံးညီညွတ်မှုအင်အားဟာ အထူးပဲလိုအပ်လှပါတယ်။ ဒီလို စည်းရုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာမှသာ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ လုပ်ရပ်မှန်သမျှကို တွန်းလှန်နိုင်မှာဖြစ်ပါတယ်။

စစ်မှုထမ်းဟောင်းများဟာ တပ်မတော်၏ ဦးဆောင်မှုကိုခံယူပြီး ပြည်သူတွေနဲ့အတူ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနှင့် ဘက်စုံစစ်ပွဲမှာ ပါဝင်ဆင်နွှဲကြဖို့ လိုအပ်ပါတယ်။ ခြောက်တိုင်းလဲမကြောက်၊မြှောက်တိုင်းလဲမမြောက်ဘဲ ဖိအားပေးထိုးနှက်မှု မှန်သမျှကို တွန်းလှန်ဖြိုခွဲနိုင်တဲ့ မိမိတို့၏စွမ်းရည်ကို ဖော်ထုတ်ပြသကြရပါလိမ့်မယ်။

ခိုင်မာအောင်ဆောင်ရွက်

ဘယ်ခေတ် ကာလပဲ ရောက်ရောက်၊ ဘယ်အစိုးရပဲ တက်တက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ ကိုယ်ပိုင်ဂုဏ်ဒြပ်ရှိသော၊ ကိုယ်ပိုင်စွမ်းရည်ပြည့်ဝသော အဖွဲ့ကြီးအဖြစ် ထာဝစဉ်ရပ်တည်နေနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အဓိကအားဖြင့် စိတ်ဓာတ်ရေးရာ ခိုင်မာကောင်းမွန်ဖို့လိုအပ်ပါတယ်။ စိတ်ဓာတ်ဆိုရာမှာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အဖွဲ့အစည်းအတွင်းမှာလည်း ခိုင်မာအောင်ဆောင်ရွက်သလို၊ ဒေသအနှံ့မှာရှိနေကြတဲ့ ပြည်သူလူထုကြားမှာလည်း ခိုင်မာအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီလိုစိတ်ဓာတ်ရေးရာစည်းလုံးခိုင်မာခဲ့ကြတဲ့ အတိတ်သမိုင်းကာလများမှာ ပထမ၊ ဒုတိယနဲ့ တတိယစတဲ့ ခံ့ညားသော အင်ပါယာနိုင်ငံတော်ကြီးများ ထူထောင်နိုင်ခဲ့ကြကြောင်း တွေ့ကြရမှာဖြစ်ပါတယ်။ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ်ကလည်း တိုင်းရင်းသား ပြည်သူလူထုများဟာ ရရာလက်နက်ဆွဲကိုင်ပြီး နယ်ချဲ့ရန်ကို ရှုပ်ရှုပ်ချုံချုံ ရဲရဲဝံ့ဝံ့ တွန်းလှန်တိုက်ခိုက်ခဲ့ကြပါတယ်။ ဘိုးဘေးမိဘတို့ရဲ့ ရဲရဲတောက် စိတ်ဓာတ်မျိုးတွေကို နောင်လာနောက်သားများ အတုယူပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်အောင် စစ်မှုထမ်းဟောင်းများက စံနမူနာပြ ဦးဆောင်လှုပ်ရှားကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ်များ ထောက်ခံအကြံပြုခဲ့ကြတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကိုလည်း ရှေ့ဆက်လက်ပြီးတာဝန်ယူဆောင်ရွက်သွားကြရပါမယ်။ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ မတည်ထူထောင် အားပေးခြင်း စသည်တို့ကို ပါဝင်ဆောင်ရွက်ကြခြင်းအားဖြင့် ပြည်သူလူထုရဲ့ ယုံကြည်အားထားမှုနဲ့ ချစ်ခင်လေးစားမှုများကို ရရှိစေမှာဖြစ်ပါတယ်။

အင်တိုက်အားတိုက်ပါဝင်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဟာ လက်တွေ့စည်းရုံးရေးလုပ်ငန်းများဖြစ်တဲ့အတွက် လိုအပ်လျှင် စစ်မှုထမ်းဟောင်း ဗဟိုစည်းရုံးရေးကော်မတီကိုတင်ပြပြီး အကူအညီတောင်းခံနိုင်ပါတယ်။ ထို့အတူပဲ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာလဲ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့အဖွဲ့အစည်းတစ်ခုမှာသဘောတရားရှိရမယ်၊ သဘောတရားကို အခြေခံတဲ့ လုပ်ငန်း လမ်းညွှန်ရှိရမယ်၊ လက်တွေ့လုပ်ငန်းစဉ်များနှင့်စည်းရုံးအကောင်အထည်ဖော်ကြရမယ်ဆိုတဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့နာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ရဲ့ရည် မှန်းချက်များ လက်တွေ့အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင် အကောင်အထည်ဖော်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

(သတင်းစဉ်)

ကိုလိုနီလက်သစ်များ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးသုံးပြီး နိုင်ငံငယ်များ ပြည်တွင်းရေးစွက်ဖက် မိမိတို့အာဏာရရှိရေးတစ်ခုတည်းသာ လိုလားတဲ့ ပုဆိန်ရိုးလက်ကိုင်တုတ်မွေး အပုပ်ချဝါဒဖြန့်ပြီး ထိပါးနှောင့်ယှက်နေမှုကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တားဆီးကာကွယ်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်း ပခုက္ကူခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး၏ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော်တို့ နိုင်ငံဟာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖွဲ့စည်းနေထိုင်လျက်ရှိတဲ့ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်ပါတယ်။ သမိုင်းအစဉ်အလာအရ တပ်မတော်နဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လက်တွဲပြီး နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားဖို့၊ ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ထာဝရရပ်တည်နိုင်အောင် ကြိုးပမ်းတည်ဆောက်သွားဖို့ တာဝန်ဟာ နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန် ဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတော်ရဲ့ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဖြစ်ပါတယ်။ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တဲ့နေရာမှာ အဓိကအားဖြင့် နိုင်ငံတော်မှာ တည်ငြိမ်မှုရှိရပါမယ်။ အေးချမ်းသာယာမှု ရှိရပါမယ်။ ဒါကြောင့် နယ်မြေအသီးသီးမှာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိအောင်၊ နယ်မြေဒေသ ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီလို ကြိုးပမ်းဆောင်ရွက်တဲ့အခါမှာ စစ်ရေး၊ နိုင်ငံရေးအတွေ့အကြုံတွေရှိကြတဲ့ ကျွန်တော်တို့ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေနဲ့ တပ်မတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုကို စဉ်ဆက်မပြတ်ခံယူပြီး နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် ပြည်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနဲ့အတူ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးရာလုပ်ငန်းများမှာ လက်တွဲဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းထားရှိ

အခုဆိုရင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ကျစ်လျစ်ခိုင်မာတဲ့ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် ရပ်တည်နိုင်ဖို့ ကိုယ်ပိုင်ဂုဏ်ဒြပ်နဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ အဖွဲ့ကြီးဖြစ်အောင် ဖွဲ့စည်းတည်ဆောက်ရမယ်ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်အထိ စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဖွဲ့ဝင်အင်အားအနေနဲ့ ကြည့်မယ်ဆိုရင် ၂၀၀၅ ခုနှစ် မေ ၂၄ ရက်နေ့အထိ ၁၃၆၁၅၆ ဦး ရှိနေပြီဖြစ်ပါတယ်။ ဒီအဖွဲ့ဝင်အင်အားစုကြီးဟာ နိုင်ငံတော်ကာကွယ်ရေး အင်အားစုကြီးဖြစ်တာနဲ့အညီ နိုင်ငံတော်မှာ အရေးပေါ်ကာလ ကျရောက်လာတဲ့အခါ တပ်မတော်ရဲ့ ဦးဆောင်မှုအောက်မှာ တိုက်ခိုက်ရေးတာဝန် ထမ်းဆောင်နိုင်ဖို့အတွက် ပြည်နယ်၊ တိုင်းအလိုက် တပ်ရင်း၊ တပ်ခွဲ၊ တပ်စု၊ တပ်စိတ်များ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

ပြည်တွင်း၊ ပြည်ပ အန္တရာယ်များနဲ့ ကြုံတွေ့လာရင် အဲဒီလုပ်ရှားတိုက်ခိုက်ရေးတပ်ရင်းများဟာ ပင်ကိုမူလ တပ်မတော်သားဘဝတုန်းကလိုပဲ တပ်မတော်ရဲ့ ဦးဆောင်မှုကို စဉ်ဆက်မပြတ်ခံယူပြီး မိမိတို့ရဲ့ စစ်ဘက်အတွေ့အကြုံတွေကို အသုံးချကာ ပြည်သူတို့နဲ့အတူ လက်တွဲ တိုက်ပွဲဝင်သွားကြမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ဒေသကာကွယ်ရေး တပ်ရင်းများအနေနဲ့လဲ မိမိတို့၏ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးရဲ့ ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ကြရမှာဖြစ်သလို ကုန်ထုတ်လုပ်မှုနဲ့ အုပ်ချုပ်ရေး တပ်ရင်းများကတော့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်တွေမှာ ရှိတဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဌာနဆိုင်ရာတွေ၊ ပြည်သူလူထုရဲ့ စီးပွားရေး ကုန်ထုတ်လုပ်ငန်း တာဝန်တွေကို အချိန်နဲ့တစ်ပြေးညီ ပါဝင်ထမ်းဆောင်သွားကြမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေကို တပ်ရင်း၊ တပ်ခွဲ၊ တပ်စုတွေအဖြစ်ဖွဲ့စည်းထားရုံနဲ့ အားရတင်းတိမ်မနေဘဲ မိမိတို့ရဲ့ တပ်ရင်း၊ တပ်ခွဲ၊ တပ်စုတွေကို အသင့် တိုက်ပွဲဝင်နိုင်ရေးအတွက် လေ့ကျင့်ပညာပေးရုံသာမက ပြည်တွင်း ပြည်ပ ဖြစ်စဉ်ဖြစ်ရပ်တွေကိုပါ မျက်ခြည်မပြတ် သိရှိနိုင်စေဖို့ သင်တန်းတွေကို တိုးမြှင့်ဖွင့်လှစ်နေတဲ့ အစီအစဉ်ဟာလဲ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ဆောင်ချက် ဖြစ်ကြောင်း သုံးသပ်မိပါတယ်။

ဒီကနေ့ မျက်မှောက်ကာလကို ကြည့်ရင် သိပ္ပံနဲ့နည်းပညာရပ်များ အံ့မခန်း တိုးတက်လာခြင်းနဲ့အတူ ကမ္ဘာ့နိုင်ငံအသီးသီးဟာ အဲဒီဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာရပ်တွေကို အသုံးပြုပြီး နိုင်ငံရေး၊ စစ်ရေးတွေမှာ မဟာဗျူဟာလက်နက်အဖြစ် အသုံးချလာကြတာတွေ့ရပါတယ်။ အင်မတန်ခိုင်မာပါတယ်ဆိုတဲ့ နိုင်ငံကြီးတွေတောင် ပြည်တွင်းစည်းလုံးညီညွတ်မှု ဖြိုခွဲခံရပြီး နိုင်ငံတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခဲ့ရတဲ့ သာဓကတွေရှိပါတယ်။

သတိပြုတားဆီး

အလားတူနိုင်ငံငယ်အချို့ဟာလည်း ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်မှုများအရ နည်းအမျိုးမျိုးနဲ့ ဝါးမျိုသိမ်းသွင်းခြင်း ခံနေရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေး၊ ယဉ်ကျေးမှုအသွင်သဏ္ဌာန် အမျိုးမျိုးနဲ့ ကိုလိုနီလက်သစ်တို့က ဝင်ရောက်စွက်ဖက် ဩဇာလွှမ်းမိုးဖို့ လုပ်ဆောင်နေကြတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို တွင်တွင်သုံးပြီး နိုင်ငံငယ်များရဲ့ ပြည်တွင်းရေး တည်ငြိမ်မှုပျက်ပြားအောင် ဝင်ရောက်စွက်ဖက် ဖြိုခွဲနေကြတယ်။

အဲဒီလိုဖြိုခွဲရာမှာ မိမိတို့အာဏာရရှိရေးတစ်ခုတည်းကိုသာ လိုလားနေတဲ့ အမေကျော် ထွေးတော်လွှမ်းနေကြတဲ့ ပုဆိန်ရိုး လက်ကိုင်တုတ်တွေကိုမွေးပြီး အဲဒီနိုင်ငံရဲ့ ပြည်တွင်းရေးရှုပ်ထွေးအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး နည်းလမ်းအမျိုးမျိုးနဲ့ လုပ်ဆောင်နေကြတယ်။ ဒါ့အပြင် မဟုတ်မမှန် လုပ်ကြံဖန်တီးထားတဲ့ ဖြစ်ရပ်တွေ၊ လုပ်ဇာတ်တွေနဲ့ ပြည်ပမီဒီယာအချို့ကနေ အပုပ်ချ ဝါဒဖြန့်တဲ့နည်းလမ်းတွေကိုပါသုံးပြီး အမျိုးမျိုးထိပါးနှောင့်ယှက် လုပ်ဆောင်နေကြတာတွေကိုလည်း ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေ သတိပြုတားဆီးသွားကြဖို့ လိုအပ်ပါတယ်။

"နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ"နှင့် စပ်လျဉ်း၍ မကွေးတိုင်း ပခုက္ကူခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

အဲဒီ ဘက်စုံ စစ်ပွဲအသွင်နဲ့ မျက်နှာစာအမျိုးမျိုးကနေ ထိုးဖောက်ဝင်ရောက်နှောင့်ယှက်လာတဲ့ ကိုလိုနီလက်သစ်တို့ရဲ့ အဖျက်လုပ်ရပ်တွေကို တားဆီး တိုက်ဖျက်နိုင်ဖို့အတွက် ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေဟာ မိမိတို့နိုင်ငံကို ခြိမ်းခြောက်လာနိုင်ဖွယ်ရှိတဲ့ ရန်သူ၊ ၎င်းတို့ရဲ့ လက်နက်နဲ့ ကျင့်သုံးလာနိုင်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတို့အပေါ် မပြတ်သုံးသပ်ပြီး စစ်ရေးသတိ အစဉ်ရှိနေဖို့ လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ပကတိ အခြေအနေ အရပ်ရပ်နဲ့ ကျွန်တော်တို့ ကျင့်သုံးအပ်တဲ့ မဟာဗျူဟာကတော့ **"ပြည်သူ့စစ် မဟာဗျူဟာ"**သာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံကို ထိန်းသိမ်းကာကွယ်ဖို့၊ ကိုယ့်နိုင်ငံကို ထိပါးကျူးကျော် တိုက်ခိုက်လာရင် တရားသောစစ် ဆင်နွှဲနိုင်ဖို့၊ ပြည်သူ့စစ် မဟာဗျူဟာကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးဖို့ ဘာကြောင့် လိုအပ်သလဲဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော် အနည်းငယ် ဆက်စပ်တင်ပြလိုပါတယ်။

စွမ်းရည်ကြီးမား

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ ကမ္ဘာ့စစ်ရေးနဲ့ ကမ္ဘာ့နိုင်ငံရေးတို့မှာ အချက်အချာကျပြီး အရေးပါနေပါတယ်။ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင် နိုင်ငံငယ်ပြီး လူဦးရေ ပေါက်ကွဲလုဖြစ်နေတဲ့ နိုင်ငံ၊ အင်အားကြီး နိုင်ငံအချို့ရဲ့ ဩဇာလောင်းရိပ်မိပြီး အဲဒီ အင်အားကြီးနိုင်ငံရဲ့အလိုကျ နိုင်ငံရေးဆက်ဆံမှုပုံစံကို အရောင်ပြောင်း ကျင့်သုံးနေရတဲ့ နိုင်ငံ၊ မဟာဗျူဟာလက်နက်ကြီးတွေပိုင်ဆိုင်ပြီး လူဦးရေများပြားစွာရှိနေတဲ့ နိုင်ငံ၊ ဘာသာရေးနဲ့ လူမျိုး ပဋိပက္ခဖြစ်တဲ့ နိုင်ငံတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ အကြောင်းအမျိုးမျိုးကြောင့် စစ်ရေးဆိုင်ရာ အင်အား ပြုပြင်တည်ဆောက်နေမှုတွေ၊ စွမ်းရည် မြင့်မားလေ့ကျင့်နေမှုတွေကို ပြုလုပ်နေကြတာတွေ တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ တစ်မျိုးသားလုံး အန္တရာယ်ကျရောက်လာတဲ့အခါ ပြည်သူတိုင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တိုင်း အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်သင့်တဲ့ ပြည်သူ့စစ်ပုံစံ စည်းရုံးခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

"ပြည်သူ့စစ်စည်းရုံးခြင်း"ဆိုတာဟာ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာတဲ့အခါမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူအင်အား၊ ငွေအင်အား၊ မြေပေါ်မြေအောက်ရှိသယံဇာတပစ္စည်းအင်အား၊ ကုန်ထုတ်လုပ်မှုအင်အားနဲ့ အမျိုးသားရေးစိတ်ဓာတ် အင်အားတို့ကို အစွမ်းကုန် စုစည်းတည်ဆောက်ပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် နေရာပေါင်းစုံ၊ ထောင့်ပေါင်းစုံကနေ ပါဝင်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

အောင်ပွဲခံတွန်းလှန်

လူအင်အားစုစည်းမှုဆိုတာအသက်အရွယ်အမျိုးမျိုးရှိတဲ့အနက် ဘယ်အရွယ်ပဲဖြစ်ဖြစ် မိမိနေထိုင်တဲ့ တိုင်းပြည်အပေါ် သစ္စာရှိရှိ ရဲရဲဝံ့ဝံ့နဲ့ ကိုယ်စွမ်းဆောင်နိုင်တဲ့ အခန်းကဏ္ဍကနေ နိုင်ငံတော်ကာကွယ်ရေးအတွက် ပါဝင်ကြရမှာ ဖြစ်ပါတယ်။ **ဒါကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေအနေနဲ့ အသက်(၇၅)နှစ်တွေကျော်ပေမယ့်လည်း ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ထမ်းဆောင်နိုင်ဦးမယ်ဆိုရင် ဆက်လက် တာဝန်ထမ်းဆောင်ခွင့် ပြုသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ဒါဟာ နိုင်ငံတော်အရေး၊ အမျိုးသားအရေး၊ သူ့ကျွန်မဖြစ်ဖို့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်တဲ့ အရေးဖြစ်လို့ပါပဲ။ နိုင်ငံနဲ့ လူမျိုးကိုချစ်တဲ့ ပြည်သူတိုင်းက ညီညီညွတ်ညွတ်နဲ့ နိုင်ငံတော်ရဲ့အလံတော်အောက်မှာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စည်းလုံးညီညွတ်တဲ့ တိုင်းပြည်ရဲ့အင်အားနဲ့သာ ဘယ်လိုကျူးကျော်ရေးအင်အားမျိုးကို မဆို၊ ဘယ်လိုအဖျက်မသမားမျိုးကို မဆို ကျွန်တော်တို့ အောင်ပွဲခံ တွန်းလှန်နိုင်မှာ ဖြစ်ပါတယ်။**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များဟာ ထူးခြားတဲ့ ပြည်သူ့စစ်မဟာဗျူဟာ လမ်းညွှန်ချက်ကို အခြေခံပြီး မိမိတို့နယ်မြေဒေသအလိုက် လူအင်အား၊ လက်နက်အင်အား၊ စစ်နည်းဗျူဟာ၊ အုပ်ချုပ်ထောက်ပံ့မှုစနစ်တွေကို အထိရောက်ဆုံး၊ အကျိုးအရှိဆုံး အသုံးပြုနိုင်မယ့် စီမံချက်တွေကို ရေးဆွဲလေ့ကျင့်ထားကြဖို့ အကြံပြုတင်ပြလိုပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ တပ်မတော်ရဲ့ဦးဆောင်မှုကို စဉ်ဆက်မပြတ်ခံယူပြီး မိတ်ဖက်အဖွဲ့အစည်းများနဲ့ လက်တွဲကာ နိုင်ငံတော် ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် အရေးအတွက်သာမက အရည်အသွေးအရပါ ပြည့်ဝနေအောင် တက်တက်ကြွကြွ ကြိုးပမ်းလုပ်ဆောင်သွားကြဖို့ လိုအပ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ အခြားအခြေအနေအရပ်ရပ်တို့ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ရန်သူကို တားဆီးကာကွယ်ရာမှာ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံရဲ့ လူအင်အား၊ အခြေအနေ အချိန်အခါတို့အရ နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီးကို ထုနဲ့ထည်နဲ့ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်အင်အားကို တိုးချဲ့စည်းရုံးဖွဲ့စည်းဖို့ လိုအပ်သလို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ၊ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့များ၊ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ထားတဲ့ အင်အားစုများနဲ့သာမက မိတ်ဖက် အဖွဲ့အစည်းများပါ ပါဝင်ပြီး အားဖြည့်လက်တွဲဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဦးထမ်းပဲ့ထမ်းပါဝင်

ဒီကနေ့ကာလဟာ နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ကျရာအခန်းကဏ္ဍက ဦးထမ်းပဲ့ထမ်းပါဝင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ ပြည်သူထဲက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားများဖြစ်ခဲ့ကြတဲ့အတွက် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဘဲ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များဟာ မိတ်ဖက်အင်အားစုများကို အခြေခံပြီး စည်းရုံးရေးစက်ဝိုင်းကို ချဲ့ထွင်ကာ ပြည်သူတို့နဲ့ တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် ပြည်သူတစ်ရပ်လုံးကို စည်းရုံးလှုံ့ဆော်သွားကြရပါမယ်။ ပြည်သူတွေက လက်ခံလာအောင် ယုံကြည်လာအောင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ အဖွဲ့ဝင်တွေက စိတ်ရောကိုယ်ပါ ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြဖို့လည်း အကြံပြုလိုပါတယ်။

နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများက ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေခြင်းဟာ တပ်မတော်သားတို့ရဲ့ သစ္စာ(၄)ချက် အစဉ်အလာကောင်းကို ဆက်လက် ထိန်းသိမ်းခြင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေနဲ့ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာတဲ့ သားကောင်းများပီပီ တပ်မတော်ရဲ့ ဦးဆောင်မှုကို စဉ်ဆက်မပြတ်ခံယူပြီး နိုင်ငံတော်ကို ထာဝရကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း လေးလေးနက်နက် သန္နိဋ္ဌာန်ပြုပါတယ်။

အခွင့်အခါကောင်း

ကျွန်တော်တို့ အစုအဖွဲ့ရဲ့ကိုယ်စား နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍအတွက် ကျွန်တော်တို့ရဲ့ တင်ပြဆွေးနွေးချက်များမှာ ဤမျှသာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုလို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်ကြီးများနဲ့ နိုင်ငံရဲ့ အကြီးအကဲများ၊ တာဝန်ရှိသူများ စုံညီစွာရှိနေကြတဲ့ ဒီစစ်မှုထမ်းဟောင်း ညီလာခံကြီးမှာ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် ပတ်သက်တဲ့ အရေးကိစ္စအချို့ကို အခွင့်အခါကောင်း တစ်ရပ်အနေဖြင့် ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုတဲ့ အကြောင်းအချက်များမှာ ကျွန်တော်တို့နိုင်ငံနဲ့ တပ်မတော်အစိုးရကို နိုင်ငံရေးသိက္ခာ၊ နိုင်ငံတော်နဲ့ လူမျိုးရဲ့ဂုဏ်သိက္ခာများ ကျဆင်းစေရန်အတွက် အနောက်အုပ်စုဝင် အင်အားကြီးနိုင်ငံအချို့နဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့တို့က မဟုတ်မမှန် အမနာပ စွပ်စွဲပြောဆိုပြီး ဘက်ပေါင်းစုံမှ ဖိအားပေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်နေကြတဲ့ ကိစ္စရပ်များပဲ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့် အချို့ကိစ္စရပ်များမှာ ရှေ့မှ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးသွားရာမှာ ပါဝင်ပြီးသား ဖြစ်ပေမယ့် အလေးအနက်ဖြစ်စေရန်အတွက် ထပ်လောင်း တင်ပြဆွေးနွေးခြင်း ဖြစ်ကြောင်းကိုလည်း ဦးစွာတင်ပြထားလိုပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁

စာမျက်နှာ ၄ မှ

ပထမဦးစွာတင်ပြလိုတဲ့အကြောင်းကိစ္စမှာ **UN နဲ့ ILO အဖွဲ့အစည်းများအား တပ်မတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်နိုင်တဲ့ နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ် အသုံးချပြီး ကလေးသူငယ်များကို စစ်သားအဖြစ် အဓမ္မသိမ်းသွင်း အသုံးပြုနေကြောင်း မမှန်မကန်စွပ်စွဲချက်များ ဖန်တီးပြုလုပ်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ စစ်မှု မထမ်းမနေရ ဥပဒေသတ်မှတ်ထားခြင်း မရှိပါ။ နိုင်ငံတော်ကာကွယ်ရေးအတွက် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ရှိသူများကိုသာ ၎င်းတို့၏ဆန္ဒအရ စစ်မှုထမ်းရန် လက်ခံခြင်းဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူ အသက် ၁၈ နှစ် ပြည့်ပြီးသူအဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာနဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ရဲ့ ထောက်ခံချက်နဲ့ စိစစ်ချက်များအရ လက်ခံစာရင်းသွင်းခြင်းဖြစ်ပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များအား စစ်သားအဖြစ် လက်ခံအသုံးပြုခြင်း မဖြစ်နိုင်စေရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ်ရုံးအနေနဲ့ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ထားရှိပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။**

ထုတ်ပြန်ခဲ့တဲ့ အမိန့်နှင့်ညွှန်ကြားချက်များအားလုံးရဲ့ အဓိက ညွှန်ကြားကြပ်မတ်ချက်မှာ အသက် ၁၈ နှစ် မပြည့်သေးသော၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းအဖြစ် ဝင်ရောက်ခွင့်မပြုရန်၊ အတင်းအဓမ္မစုဆောင်းခြင်း၊ အနိုင်အထက်ပြု သိမ်းသွင်းခြင်း၊ ငွေကြေးဖြင့် အပေးအယူလုပ်ခြင်း၊ ခွဲတမ်းစနစ်ဖြင့် ဆင့်ဆိုတောင်းခံခြင်းများ မပြုလုပ်နိုင်ရန်တို့အတွက် ညွှန်ကြားကြပ်မတ်ထားခြင်းပင် ဖြစ်ပါတယ်။ အသက် ၁၈ နှစ် ပြည့်ရမယ်ဆိုတဲ့ အချက်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် သတင်းစာများမှာ ကြေညာခြင်း၊ နံရံကပ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလဲ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် UNICEF/UNDP ကိုယ်စားလှယ်များကို တပ်မတော်စစ်သားစုဆောင်းရေးတပ်များရှိ တပ်သားသစ်များနဲ့ တွေ့ဆုံလေ့လာနိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်အနေနဲ့ အသက်အပိုင်းအခြား သတ်မှတ်မှုနဲ့ ဆက်စပ်နေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား လုပ်ဆောင်မှုကို လေ့လာနိုင်ရန်လဲ စီစဉ်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ တပ်မတော်အစိုးရအနေနဲ့ မဟုတ်မမှန်စွပ်စွဲမှုများကို လျစ်လျူရှုမထားဘဲ ပကတိအခြေအနေမှန်များကို နိုင်ငံတကာ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဖြေရှင်းပြန်ကြားခဲ့ပေမယ့် ဥပေက္ခာပြုကာ ဆက်လက်ဖိအားပေးနေကြောင်း တွေ့ရှိရပါတယ်။ အခုလို UN နဲ့ ILOတို့ရဲ့ ပြောရေးဆိုခွင့်ကို နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချကာ ကျွန်တော်တို့ နိုင်ငံအပေါ် နိုင်ငံရေးသိက္ခာချတဲ့ လုပ်ရပ်များပြုလုပ်နေခြင်းကို ကျွန်တော်တို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက ဆန့်ကျင်ကန့်ကွက်ကြောင်း ပြောကြားလိုပါတယ်။

လုပ်ကြံစွပ်စွဲ

အလားတူပဲ ကျွန်တော်တို့ တပ်မတော်အစိုးရနဲ့ မြန်မာ့တပ်မတော်သားတွေအပေါ် ပြည်သူလူထုက အကြည်အညိုပျက်စေဖို့ နိုင်ငံတကာက ဆန့်ကျင်ရှုတ်ချလာနိုင်စေရေးအတွက် ထိုင်းနိုင်ငံမှာ အခြေစိုက်တဲ့ The Shan Human Rights Foundation (SHRF) နှင့် The Shan Women's Action Network(SWAN)တို့က မဟုတ်မမှန်တဲ့ စွပ်စွဲချက်တွေကို ထုတ်ပြန်တဲ့အပြင် Licence to Rape စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ ၎င်းတို့ရဲ့ ၂၀၀၂ ခုနှစ်အတွင်း ကြေညာချက်မှာ တပ်မတော်သားများက ရှမ်းတိုင်းရင်းသူများအား အဓမ္မပြုကျင့်မှု ၁၇၅ မှု ကျူးလွန်ကြောင်း စွပ်စွဲထားခဲ့ပါတယ်။ ဒီစွပ်စွဲချက်အရ အခြေအနေမှန်ကို သိရှိနိုင်ဖို့အတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစီးကာ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၂၅ ဖွဲ့နဲ့ စွပ်စွဲချက်မှာပါတဲ့ ဒေသ၊ ကျေးရွာများအထိ ကွင်းဆင်းလေ့လာကာ စုံစမ်းခဲ့ပါတယ်။ ၎င်းအဖွဲ့ ၂၅ ဖွဲ့မှာ တာဝန်ကျရာ ဒေသအသီးသီးရှိ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စတဲ့ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ အဖွဲ့ငယ်များ ထပ်မံစုဖွဲ့ကာ မြို့နယ်ပေါင်း ၁၇ မြို့နယ်၊ ကျေးရွာ ၁၃၆ ရွာအတွင်းရှိ ပြည်သူလူထု ၂၅၂ ဦးကို တွေ့ဆုံမေးမြန်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ စွပ်စွဲမှု ၁၇၅ မှုမှာ သုံးမှုသာ မှန်ကန်မှုရှိခဲ့ပါတယ်။ အဲဒီအမှုများကိုလဲ စစ်ဘက်နယ်ဘက် ဥပဒေများအရ ထောင်ဒဏ်ချမှတ်တဲ့အထိ အရေးယူခဲ့ပါတယ်။ ကျန်စွပ်စွဲချက်များမှာ အထောက်အထား အချေအမြစ်မခိုင်လုံဘဲ မဟုတ်မမှန် လုပ်ကြံစွပ်စွဲထားခြင်းများသာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အထက်ပါကဲ့သို့ ပြည်ပအားကိုးပုဆိန်ရိုးအချို့တို့ရဲ့ မဟုတ်မမှန် လုပ်ကြံပြီး ရှမ်းပြည်နယ်မှာ တပ်မတော်သားများက တိုင်းရင်းသူရှမ်းအမျိုးသမီးများအား အနိုင်အထက်ပြုကျင့်ကြတယ်ဆိုတဲ့ စွပ်စွဲချက်များဟာ အချေအမြစ်လုံးဝမရှိဘဲ တပ်မတော်ကို ဂုဏ်သိက္ခာကျဆင်းအောင် တမင်သက်သက် လုပ်ကြံဇာတ်လမ်း ဆင်ထားခြင်းသာ ဖြစ်ပါတယ်။ အဆိုပါစွပ်စွဲချက်များ မဟုတ်မမှန်ကြောင်း သိပါလျက်နှင့် အနောက်နိုင်ငံကြီးအချို့နဲ့ အဖွဲ့အစည်းအချို့တို့က အဆင်ခြင်ကင်းမဲ့စွာ လက်ခံယုံကြည်ပြီး မိမိတို့နိုင်ငံအပေါ် မတရားအကြောင်းရှာပြီး ပြည်သူအများ ထိခိုက်နစ်နာအောင် စီးပွားရေးပိတ်ဆို့ အကျပ်ကိုင်မှုများကို မိမိတို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက လုံးဝဆန့်ကျင်ကန့်ကွက်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးမှာလဲ ပြည်တွင်းသာမက နိုင်ငံတကာနဲ့ပါပူးပေါင်းပြီး ဆန့်ကျင်တိုက်ဖျက်လျက်ရှိကြောင်း ဆက်လက်တင်ပြလိုပါတယ်။ လူကုန်ကူးမှုဟာ လူသားအချင်းချင်းကို ကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်းများ ပြုလုပ်တာ ဖြစ်ပါတယ်။ လူတစ်ဦးရဲ့ အသက်ခန္ဓာအပြင် အကျင့်သိက္ခာနဲ့ စိတ်ပိုင်းဆိုင်ရာကိုပါ နစ်နာထိခိုက်စေတာ ဖြစ်ပါတယ်။ လူကုန်ကူးခံရသူ အများစုမှာ အမျိုးသမီးများနဲ့ ကလေးသူငယ်များ ဖြစ်ကြပါတယ်။ **မြန်မာလူမှုအသိုင်းအဝိုင်းအနေနဲ့ အသက်ထက်အရှက်နဲ့** ဂုဏ်သိက္ခာကို ပိုပြီးတန်ဖိုးထားကြပါတယ်။ ဒါကြောင့် ပြည့်တန်ဆာလုပ်ငန်းနဲ့ အသက်မွေးခြင်းကို မြန်မာနိုင်ငံမှာ ဘာသာတရား အဆုံးအမနဲ့ ယဉ်ကျေးမှုအရ လုံးဝလက်မခံကြပါဘူး။ ဒါ့ကြောင့် ၁၉၄၉ ခုနှစ်ကတည်းက ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ **လူကုန်ကူးမှုဟာ လူ့ရဲ့အရှက်နဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့အပြင် မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်တဲ့ အမျိုးအနွယ်ထိန်းသိမ်းမှုကိုပါ ထိပါးပျက်စီးစေတဲ့အတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။**

လူကုန်ကူးမှု တိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကတော့–

(က) ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းများအား တိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(CTOC)အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း၊

(ခ) လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ်(TIP-Protocol) အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း၊

(ဂ) မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီး ကာကွယ်ရေးတွင် ပူးပေါင်း ဆောင်ရွက်ခြင်း (ARCPPT)၊

(င) အာဆီယံဝန်ကြီးအဆင့် နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု (AMMTI)တို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာနဲ့ ပူးပေါင်းပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပေမယ့် အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံဟာ လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးမှာ လုံလောက်တဲ့ ကြိုးပမ်းဆောင်ရွက်ချက်များ မရှိဟု စွပ်စွဲပြီး အဆင့်(၃) (Tier-3)မှာ သတ်မှတ် စာရင်းသွင်းထားခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုမှုနဲ့ မြန်မာပြည်သူများ အကျိုးထိခိုက်နစ်နာစေရန် မမှန်မကန် မတရားသဖြင့် ဖိနှိပ်ဆောင်ရွက်တာ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်တဲ့အတွက် ဒီလုပ်ရပ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက ဆန့်ကျင်ကန့်ကွက်ကြောင်း အတိအလင်း ပြောကြားလိုပါတယ်။

နောက်ဆုံးအချက်အနေနဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ထိန်းချုပ်ပပျောက်ရေးနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်များကို တင်ပြလိုပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး တားဆီးနှိမ်နင်းရေး တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရဘဲ ဘိန်းစိုက်တောင်သူတို့ရဲ့ လူမှုဘဝမြင့်တင်ရေးအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါ့ကြောင့် အောက်ပါ မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်–

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှုအလေ့အထ လုံးဝချုပ်ငြိမ်းပပျောက်ရေး။

အထက်ပါ မဟာဗျူဟာနှစ်ရပ်နဲ့ အတူ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေး နည်းဗျူဟာ(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ချမှတ်ခဲ့ပါတယ်။

တားဆီးနိုင်

မဟာဗျူဟာ(၂)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် ဧပြီလအထိ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်သန်းပေါင်း ၆၈၆၃၀ ကျော် ကျခံသုံးစွဲခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ (၁၅)နှစ်စီမံကိန်းမှာ ကျပ်ငွေသန်းပေါင်း ၃၃၅၈၈ ဒသမ ၀၄ နှင့် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ စီမံကိန်းရဲ့ ပထမ(၅)နှစ်အတွက် ကျပ်ငွေ သန်းပေါင်း ၆၇၆၁ ဒသမ ၇၈ သန်းကို ကျခံသုံးစွဲပြီး ဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ကို ၂၀၀၂ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းအနေဖြင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးစေခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်သွားစေရန်ဖြစ်ပါတယ်။ အခုအချိန်ထိ ဘိန်းစိုက်တောင်သူများက ၎င်းတို့ရဲ့ အသိစိတ်ဓာတ်နဲ့ ဘိန်းမျိုးစေ့ ၁၆၉၅၁၈ ကီလိုကို လာရောက်အပ်နှံတဲ့အတွက် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒါဟာ ဘိန်းစိုက်ပျိုးမှု ၁၀၃၈၀၈ ဧက သို့မဟုတ် ဘိန်းဖြူ ၄၅ ဒသမ ၆၈ တန် ထုတ်လုပ်မှုကို တားဆီးနိုင်ခြင်း ဖြစ်ပါတယ်။

ဘိန်းထုတ်လုပ်မှုကျဆင်း

နိုင်ငံတော်အစိုးရရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ တိုင်းရင်းသားအဖွဲ့အစည်းများကလဲ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ မိုင်းလားဒေသ၊ ၂၀၀၃ ခုနှစ်မှာ ကိုးကန့်အထူးဒေသ(၁)တို့ကို ဘိန်းကင်းမဲ့ဒေသများအဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့ပါတယ်။ 'ဝ'အထူးဒေသ(၂)ကလဲ ၂၀၀၅ ခုနှစ်မှာ ဘိန်းကင်းမဲ့ဒေသ ဖြစ်အောင် ကြိုးပမ်းလျက်ရှိပါတယ်။ အလားတူ နိုင်ငံတော်အစိုးရဟာ တာချီလိတ်၊ မြဝတီနဲ့ ကော့သောင်းခရိုင်များကို မူးယစ်ဆေးဝါးကင်းမဲ့တဲ့ ဒေသဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ UNODC က ဆောင်ရွက်ခဲ့တဲ့ ဘိန်းစိုက်ပျိုးမှု ကြီးကြပ်ရေး အစီအစဉ်အရ ၂၀၀၂ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၈၁၄၀၀ ဟက်တာ ဘိန်းထုတ်လုပ်မှု ၈၂၀ တန်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၄၄၂၀၃ ဟက်တာ၊ ဘိန်းထုတ်လုပ်မှု ၃၇၀ တန်သို့ သိသိသာသာကျဆင်းခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံနဲ့ ၁၉၉၃ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့တဲ့ ဘိန်းအထွက်နှုန်းတိုင်းတာမှုများအရ ၁၉၉၆ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၁၆၃၁၀၀ ဟက်တာ၊ ဘိန်းထုတ်လုပ်မှု ၂၅၆၀ တန်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်မှာ ၃၀၈၈၈ ဟက်တာနဲ့ ၂၉၂ တန်အထိ ကျဆင်းသွားကြောင်း တွေ့ရပါတယ်။

နိုင်ငံတော်အစိုးရဟာ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျရေးလုပ်ငန်းအဖွဲ့များအဖြစ် ဝန်ကြီးဌာနများ ပူးပေါင်း၍ လည်းကောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မူးယစ်အထူးအဖွဲ့ ၂၁ ဖွဲ့ ဖွဲ့စည်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုများနဲ့ အောင်မြင်မှုများစွာ ရရှိခဲ့ပါတယ်။ ဘိန်းနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိခြင်း၊ မိမိနိုင်ငံမှာ ထုတ်လုပ်နိုင်မှုမရှိသော အက်ဆစ်တစ်အမ် ဟိုက်ဒရိုဂျက်၊ အက်ဖီဒရင်းစတဲ့ ဓာတုပစ္စည်းများ ဖမ်းဆီးရမိခြင်း၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေတဲ့ ရှမ်းပြည်နယ်မှာစိတ်ကြွရူးသွပ်ဆေးပြားသန်းပေါင်းများစွာ ဖမ်းဆီးရမိခြင်းစတဲ့ အောင်မြင်မှုများ ရရှိခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဘိန်းချက်စခန်း စုစုပေါင်း၁၄၉ ခုကိုဖော်ထုတ်ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် မေလအထိ မူးယစ်ဆေးဝါးမှုနဲ့ သိမ်းဆည်းခဲ့တဲ့ ငွေကြေးနဲ့ ပစ္စည်းတန်ဖိုးစုစုပေါင်းမှာ ၁၅၄၆ သန်းကျော် ဖြစ်ပါတယ်။မြန်မာနိုင်ငံဟာ ကုလသမဂ္ဂရဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ကွန်ဗင်းရှင်းများကို အဖွဲ့ဝင်အဖြစ် ဝင်ခဲ့တဲ့အပြင် နိုင်ငံအနေနဲ့ လိုအပ်တဲ့ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများကိုလဲ ပြဋ္ဌာန်းခဲ့ပါတယ်။

နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် မြန်မာနိုင်ငံဟာ ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နဲ့ လက်မှတ်ရေးထိုးပြီး UNODC ပူးပေါင်းပါဝင်မှုဖြင့် ၁၉၉၃ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ဝန်ကြီးအဆင့် အစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ်၊ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျ ကျင်းပလျက်ရှိပါတယ်။ အစည်းအဝေးများက အတည်ပြု ချမှတ်ခဲ့တဲ့ Regional Action Planအရ ဒေသတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေး ဆောင်ရွက်ချက်များကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ် သိသိသာသာ လျော့နည်းကျဆင်းလျက်ရှိပြီး နိုင်ငံတကာကလဲ အသိအမှတ်ပြုလျက်ရှိပါတယ်။ နိုင်ငံတကာမူးယစ်ဆေးဝါး ပူးပေါင်း တားဆီးနှိမ်နင်းရေးမှာလဲ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများရရှိနေပါတယ်။ ငွေကြေးခဝါချမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် Financial Action Task Force on Money Laundering (FATF)နဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခံရခြင်းမှ ကင်းလွတ်ရေး (FATF)နဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးညှိနှိုင်းမှုများကိုလဲ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး တိုးတက်အောင်မြင်မှုများနဲ့ အမေရိကန်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ တိုင်းတာရေး ရလဒ်များကိုပင် လျစ်လျူရှုလျက် နှစ်စဉ်ထုတ်ပြန်တဲ့ အမေရိကန်သမ္မတရဲ့ Certification ကြေညာချက်မှာ မြန်မာနိုင်ငံကို ၎င်းနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံ အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါ တယ်။ အမေရိကန်နိုင်ငံအနေနဲ့ မည်သည့်အကူအညီမျှ မပေးတဲ့အပြင် မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ပင်မှုများ ပြုလုပ်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ နိုင်ငံတကာအဆင့်၊ ဒေသနှင့်ဒေသခွဲ အဆင့်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေချိန်မှာ ပူးပေါင်းဆောင်ရွက်မှုကင်းမဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် မတရားပြုမူ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေနဲ့ ဆန့်ကျင်ကန့်ကွက်ကြောင်း အတိအလင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ နိုင်ငံတကာအဆင့်၊ ဒေသနှင့်ဒေသခွဲ အဆင့်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေချိန်မှာ ပူးပေါင်းဆောင်ရွက်မှုကင်းမဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် မတရားပြုမူ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ကြီးအနေနဲ့ ဆန့်ကျင်ကန့်ကွက်ကြောင်း အတိအလင်း ပြောကြား။

❒ *ကျောဖုံးမှ*

ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ထွေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှဒုတိယအရာခံဗိုလ်မေသက်ပိုင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ်စန္ဒာစိုးဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၂၃ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၄၁၃ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၆၃ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ စတင်ကျင်းပကြောင်း ကြေညာသည်။

(ဒုတိယဗိုလ်မှူးကြီးလှဆွေ၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

လူမှုရေးနှင့်

သက်သာချောင်ချိရေးကဏ္ဍ

ယင်းနောက် **"လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ"**နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ကလေးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့် က ဆွေးနွေးတင်ပြသည်။

(ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ

ဆက်လက်၍ **"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"**နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းမဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဆွေ (အငြိမ်းစား)က ဆွေးနွေးတင်ပြပြီး ညီလာခံကို ခေတ္တရပ်နားသည်။

[ဗိုလ်ကြီးမြင့်ဆွေ(အငြိမ်းစား)၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။]

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့တွင် အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယအရာခံဗိုလ် မေသက်ပိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယအရာခံဗိုလ် စန္ဒာစိုးဝင်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားနိုင်ငံရေးရာကဏ္ဍ

ထို့နောက် အစီအစဉ်အရ လုပ်ငန်းကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ညီလာခံကိုယ်စားလှယ်များက တင်ပြကြရာတွင် ရှေးဦးစွာ **'အမျိုးသားနိုင်ငံရေးရာကဏ္ဍ'**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုး(အငြိမ်းစား)က ဆွေးနွေးတင်ပြသည်။

[ဗိုလ်မှူးကြီးတင်စိုး(အငြိမ်းစား)၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။]

နိုင်ငံတော်ကာကွယ်ရေးနှင့်

လုံခြုံရေးရာကဏ္ဍ

ဆက်လက်၍ **"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ"** နှင့် စပ်လျဉ်း၍ မကွေးတိုင်း ပခုက္ကူခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ဆွေးနွေးတင်ပြသည်။

(ဒုတိယဗိုလ်မှူးကြီးဌေးဦး၏ ဆွေးနွေးတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

စီးပွားရေးကဏ္ဍ

ထို့နောက် **"စီးပွားရေးကဏ္ဍ"**နှင့် စပ်လျဉ်း၍ မကွေးတိုင်း ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက ဆွေးနွေးတင်ပြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)ကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ လုပ်ငန်းကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ တင်ပြချက်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ပြန်လည်ရှင်းလင်းတင်ပြရာ ရှေးဦးစွာ **"အမျိုးသားနိုင်ငံရေးရာကဏ္ဍ"**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့်က ပြန်လည်ရှင်းလင်းတင်ပြသည်။

(ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်ခင်အောင်မြင့်၏ ပြန်လည်ရှင်းလင်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ **"နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာကဏ္ဍ"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးမြင့်ထွန်း (အငြိမ်းစား)က ပြန်လည်ရှင်းလင်းတင်ပြသည်။

[ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးမြင့်ထွန်း (အငြိမ်းစား)၏ ပြန်လည်ရှင်းလင်းချက်ကို သီးခြားဖော်ပြထားပါသည်။]

ထို့နောက် **"စီးပွားရေးကဏ္ဍ"** နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောထွန်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

(ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောထွန်း၏ ပြန်လည်ရှင်းလင်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် **"လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ"** နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်သိန်းဆွေက ပြန်လည်ရှင်းလင်း တင်ပြသည်။

(ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်ချုပ်သိန်းဆွေ၏ ပြန်လည်ရှင်းလင်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ

ဆက်လက်၍ **"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"** နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီး သိန်းညွန့်က ပြန်လည်ရှင်းလင်းတင်ပြသည်။

(ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီးသိန်းညွန့်၏ ပြန်လည်ရှင်းလင်းချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)ကို ဇွန် ၃၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အတွင်း ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ဖွဲ့စည်းပြီးဖြစ်တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လေ့ကျင့်ရေးဖြင့် သဘောတရားရေးရာ တည်ဆောက်မှုအနေနဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့်သင်တန်း၊စစ်မှုထမ်းဟောင်းအရာရှိသင်တန်း၊ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီဝင်များ သင်တန်းနှင့် စစ်မှုထမ်းဟောင်း ပုံမှန်သင်တန်းများကို အကြိမ် ၃၀၀ခန့် ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဤသင်တန်းများကို ဖွင့်လှစ်ပေးခြင်းအားဖြင့်စစ်မှုထမ်းဟောင်းများသည် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ပြည်သူ့သဘောထား(၄)ရပ်၊ ပြည်သူတို့၏ သန္နိဋ္ဌာန်(၆)ရပ်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တို့ကို အခြေအမြစ် ခိုင်မာစွာ နားလည်သိရှိ ခံယူလာကြပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း စစ်မှုထမ်းဟောင်းအဖွဲ့အတွင်း စည်းရုံးရေးနှင့် တိုင်းရင်းသားပြည်သူလူထုအတွင်း စည်းရုံးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်လာတဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေးဟာ အလွန်အလေးထားရမယ့်အချက်ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအပေါ် မူတည်တဲ့အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

တပ်မတော်ဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲသာ မရှောင်သာ ယူလိုက်ရပြီးနောက် ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ပြောင်းလဲပေးရမယ့် တာဝန်ဟာ အလွန်ကြီးမားပြီး တစ်ဆင့်တစ်ဆင့် သိမ်မွေ့စွာ ကူးပြောင်းရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။

တစ်တပ်တစ်အားပါဝင်

ဒီမိုကရေစီစနစ်ဟာ လူအုပ်စုဖွဲ့အနိုင်ကျင့်ဝါဒနှင့် အလွန်နီးကပ်တဲ့အတွက် ဒီမိုရေကစီကျင့်သုံးဖို့ အဆင်သင့်ဖြစ်အောင် ဘက်ပေါင်းစုံက ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးဟာ ပညာရည်မြင့်မားပြီး လုံလောက်တဲ့ ဝင်ငွေရှိမှသာ သွေးဆောင်ဖြားယောင်းမှုမှန်သမျှကို တွန်းလှန်ပြီး အမှန်တရားကို ရှာဖွေဆုံးဖြတ်နိုင်ကြမှာဖြစ်ပါတယ်။ လူထုက မှန်ကန်တဲ့ ကိုယ်စားလှယ်များကို ရွေးချယ်ပြီး အာဏာအပ်နှင်းနိုင်သောနိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ကို ခိုင်မြဲစွာ ကျင့်သုံးနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့ လက်တွဲညီညီဆောင်ရွက်လျက်ရှိကြတဲ့ နည်းတူ ပြည်သူလူထုအကြားမှာ ပျံ့နှံ့စွာနေထိုင်လျက်ရှိကြတဲ့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာလည်း တပ်မတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို ကွန်ရက်ပမာသတ်မှတ်ပြီး ဒေသများရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အရှိန်အဟုန်နှင့် မြှင့်တင်ဆောင်ရွက် လျက်ရှိပါတယ်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကွက်လပ်မကျန်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသများမှာ နေထိုင်ကြတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ မိမိတို့နေထိုင်ရာဒေသများမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူထုရဲ့ ချစ်ခင်အားကိုးယုံကြည်မှုကို ရရှိလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မတရားသင်းကြေညာ

မနာလိုမရှုဆိတ်တဲ့ ပြည်ပနိုင်ငံအချို့ဟာ ပြည်တွင်း ပုဆိန်ရိုးသစ္စာဖောက်တွေကို လက်ကိုင်ပြုပြီး သပ်လျှိုမှုတွေဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးတဲ့အဖွဲ့ဟာ ၂၀၀၅ခုနှစ် ဧပြီ ၁၇ရက်နေ့မှာ ပြည်ပတစ်နေရာကနေပြီး ရှမ်းပြည်ယာယီအစိုးရဆိုတဲ့ အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားခဲ့ပါတယ်။ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ကြေညာလုပ်ဆောင်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်သော လုပ်ရပ်ဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဧပြီ ၁၉ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ပြေးစဝ်ခမ်ဖဦးစီးအဖွဲ့၊ အဖွဲ့ဝင်များနဲ့ ယင်းအဖွဲ့နဲ့ ဆက်နွှယ်တဲ့ အခြားအဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ အရ မတရားအသင်းဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

မြန်မာနိုင်ငံကို တပ်မတော်၊ ပြည်သူလူထုနဲ့ အစိုးရတို့က ဟန်ချက်ညီစွာ တည်ဆောက်လျက်ရှိစဉ်မှာ အင်အားကြီးနိုင်ငံအချို့က ကြိုးကိုင်ခြယ်လှယ်စိုးမိုးလိုတဲ့အတွက် ILO စင်မြင့်အား အသုံးပြုပြီး မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ရာမှာ ICFTUက အဓိက တိုင်ကြားသူဖြစ်ပြီး၊ ICFTU သို့မဟုတ် မမှန်လုပ်ကြံစွပ်စွဲချက်သတင်းများ၊ ပေးပို့သူမှာ အဖွဲ့ဝင်တစ်ဦး နှစ်ဦးမျှဖြင့် ဖွဲ့စည်းထားတဲ့ Federation of Trade Union of Burma (FTUB) မှမောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေဟာ မြန်မာ့ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း စီမံကိန်းဌာနခွဲမှာ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း လက်ဝတ်ရတနာများ ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး အရေးယူခံခဲ့ရပြီး တရားခံပြေးအဖြစ် ကြေညာခံခဲ့ရသူဖြစ်ပါတယ်။ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေဟာ FTUB ကို ၁၉၉၁ခုနှစ်မှာ ပြည်ပတစ်နေရာမှ တရားမဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အထွေထွေအတွင်းရေးမှူးအဖြစ်

စာမျက်နှာ ၇ ကော်လံ ၄

ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ပြီး လက်တွေ့နေတာက

❒ ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUB ဟာ နိုင်ငံတကာမျက်နှာစာမှာ ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံး တပ်ထားပြီး လက်တွေ့လုပ်နေတာကတော့ ထောက်ပံ့ငွေတွေ၊ ရန်ပုံငွေတွေရရှိအောင် တောင်းခံကာ သူတို့အကျိုးအတွက် သုံးစွဲနေတာလည်း ဖြစ်ပါတယ်။

❒ မြန်မာတိုင်းရင်းသား ပြည်သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ပြည်ပအားကိုး ပြည်ပြေးစိန်ဝင်းရဲ့(NCGUB) အဖွဲ့နှင့် အခြားဆက်စပ်နေတဲ့အဖွဲ့အားလုံးကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် အခုကျင်းပတဲ့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ညီလာခံမှ တစ်ဆင့်တင်ပြ။

တစ်မျိုးသားလုံးအန္တရာယ်ကျရောက်ချိန် ရန်သူကို ထိထိရောက်ရောက်ချေမှုန်းနိုင်ရေး စစ်မှုထမ်းဟောင်းနှင့် မိတ်ဖက်အင်အားများ၊ ပြည်သူများပေါင်းစည်းအားဖြင့် ပြည်သူ့စစ်မဟာဗျူဟာဖွဲ့စည်း ပြည်သူ့စစ်စည်းရုံးရေးလုပ်ငန်းများ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းထမ်းဆောင်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ"နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးမြင့်ထွန်း(အငြိမ်းစား)၏ ပြန်လည်ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော့်အနေနဲ့ အစုအဖွဲ့(၂) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနဲ့စပ်လျဉ်းပြီး ကိုယ်စားလှယ်များရဲ့တင်ပြချက်အပေါ် ဗဟိုစည်းရုံးရေးကော်မတီရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အခုကျင်းပနေတဲ့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)မှာ ကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့ကဏ္ဍအလိုက်တက်တက်ကြွကြွ ဆွေးနွေးတင်ပြသွားကြတာတွေ့ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရှေးဦးစွာပြောကြားလိုပါတယ်။

စနစ်တကျစီမံ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို နိုင်ငံတော်အကြီးအကဲ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျစ်လျစ်သိပ်သည်းခိုင်မာတဲ့ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် အောင်အောင်မြင်မြင် စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့ဆိုရင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးမှာ အဖွဲ့ဝင်အင်အား တစ်သိန်းလေးသောင်းနီးပါး ရှိနေပြီဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ဟာ အမျိုးသားကာကွယ်ရေးမှာ တပ်မတော်ရဲ့ အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိရာမှာ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သက်သာချောင်ချိရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆိုတဲ့ကဏ္ဍတွေမှာ ထိထိရောက်ရောက်ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်း ဒေသအလိုက် တပ်ရင်း၊ တပ်ဖွဲ့တွေ စနစ်တကျဖွဲ့စည်းပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေကို နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ စစ်ပညာလေ့ကျင့်ပေးရေး၊ စည်းရုံးရေးစတဲ့ ကျွမ်းကျင်မှုပညာရပ်ဆိုင်ရာ သင်တန်းတွေ ဖွင့်လှစ်လေ့ကျင့်ပေးနေတာကြောင့် စွမ်းရည်မြင့်မားတဲ့အဖွဲ့ဝင်တွေ တိုးပွားလာတာကို တွေ့ရတဲ့အတွက် အားတက်စရာဖြစ်ပါတယ်။ ဒီလိုကောင်းမြတ်တဲ့ အစဉ်အလာနဲ့ လုပ်ဆောင်မှုတွေကို အရှိန်အဟုန်မြှင့်ပြီး စနစ်တကျစီမံ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ အစုအဖွဲ့(၂)ရဲ့ ကိုယ်စားလှယ်ဆွေးနွေးတင်ပြသွားတဲ့အထဲမှာ ဒီကနေ့ မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေနဲ့ အင်အားကြီးနိုင်ငံအချို့ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဝင်ရောက်စွက်ဖက် ဩဇာလွှမ်းမိုးဖို့ လုပ်ဆောင်နေကြတဲ့ ကိုလိုနီလက်သစ်တွေရဲ့လုပ်ရပ်နဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ထိပါးနှောင့်ယှက်လုပ်ဆောင်လာနေမှုတွေကို သတိပြု တားဆီးကြဖို့နဲ့ နိုင်ငံတော်ရဲ့ရန်ဆူးရန်ငြောင့်တွေကို သုတ်သင်ရှင်းလင်းတဲ့အခါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တင်ပြသွားတာတွေ့ရပါတယ်။

အမျိုးသားရေးတာဝန်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာအစုအဖွဲ့ ကိုယ်စားလှယ်ရဲ့ အကြံပြုတင်ပြသွားတဲ့အတိုင်း ပြည်တွင်းပြည်ပအဖျက်သမားတွေ၊ နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာသူတွေကို တပ်မတော်နဲ့အတူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့အင်အားနဲ့ ပူးပေါင်းတားဆီးတိုက်ဖျက်ကြရမယ့် တာဝန်ဟာ အမျိုးသားရေးတာဝန်ပဲဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို သုံးသပ်ကြည့်ရင် အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံကို လူ့အခွင့်အရေးကိစ္စ၊ အဓမ္မလုပ်အားခိုင်းစေမှုကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ၊ အသက်မပြည့်တဲ့ ကလေးများကို စစ်သားစုဆောင်းတဲ့ကိစ္စ၊တိုင်းရင်းသူအမျိုးသမီးငယ်များကို အဓမ္မပြုကျင့်တဲ့ကိစ္စစတဲ့ လုပ်ကြံဖန်တီးထားတဲ့ စွပ်စွဲချက်အမျိုးမျိုးနဲ့ ပြည်ပမီဒီယာတချို့ကနေ နိုင်ငံကိုသိက္ခာချပုတ်ခတ်စော်ကားနေကြတယ်။ ဒါ့အပြင် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံကို သစ္စာဖောက်ပြီး အဖျက်လုပ်ရပ်တွေ ကျူးလွန်နေတဲ့ ပြည်ပြေးတွေကိုလည်း နေစရာပေး၊ စားစရာတွေ ပေးပြီး ထောက်ပံ့နေကြတာတွေလည်း ရှိပါသေးတယ်။

မကြာသေးခင်ကပဲ ပြည်ပနိုင်ငံအချို့ရဲ့ အားပေးအားမြှောက်ပြုမှုနဲ့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းအပါတစ်စုက ရှမ်းပြည်နယ်ခွဲထွက်ရေးကြေညာချက်ထုတ်ပြန်သွားခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ ပြည်ပအားကိုးပြီး ပြည်ပက ညွှန်ကြားတဲ့အတိုင်းအစဉ်တစ်စိုက်လုပ်လာခဲ့တဲ့ ပြည်ထောင်စုဖြိုခွဲရေးစီမံချက်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှက်ဆစ်ဦးစီး SSA, SNLD နဲ့ ရှမ်းပညာရှင်များအတိုင်ပင်ခံကောင်စီတို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြတဲ့ သီးခြားနိုင်ငံထူထောင်ရေးစီမံချက်ရဲ့ အပိုင်းတစ်ပိုင်းသာဖြစ်ပါတယ်။

တိုက်ဖျက်ချေမှုန်း

သူတို့ရဲ့စီမံချက်ဟာ နိုင်ငံတော်အစိုးရကိုမြေပေါ်မြေအောက်ပြည်ပြေးတို့ သုံးဖက်သုံးတန်ညှပ်တိုက်ပြီး သူတို့ရဲ့ ရည်မှန်းချက် အောင်မြင်အောင်ကြံစည်လုပ်ဆောင်ကြတာပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်မျိုးဟာ နိုင်ငံတော်ရဲ့ လွတ်လပ်တဲ့အချုပ်အခြာအာဏာကို ထိပါးစေတဲ့လုပ်ရပ်၊ ပြည်ထောင်စုကြီးပြိုကွဲအောင်လုပ်ဆောင်လာတဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ် တင်ပြသွားတဲ့အတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေအနေနဲ့ တပ်မတော်နဲ့အတူ ကိုယ့်နိုင်ငံကိုထိပါးလာမယ့် ပြည်တွင်းပြည်ပအန္တရာယ်ဆူးငြောင့်တွေကို တားဆီးတိုက်ဖျက်ချေမှုန်းသွားကြဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ အစုအဖွဲ့(၂)ရဲ့ ကိုယ်စားလှယ်က ပြည်သူ့စစ်စည်းရုံးခြင်းလုပ်ငန်းများကို အလေးထား

"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကဏ္ဍ"နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်မှူးကြီးမြင့်ထွန်း(အငြိမ်းစား)က ပြန်လည်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ရေးနဲ့စပ်လျဉ်းပြီး တင်ပြသွားတာ တွေ့ရပါတယ်။

နိုင်ငံတော်မှာ တစ်မျိုးသားလုံး အန္တရာယ်နဲ့ကျရောက်လာချိန်မှာ အဲဒီရန်သူကို ထိထိရောက်ရောက် ချေမှုန်းနိုင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းကတော့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေအပါအဝင် မိတ်ဖက်အင်အားစုများ၊ ပြည်သူတွေရဲ့ ပေါင်းစည်းမှုစွမ်းအားတွေနဲ့ ဖွဲ့စည်းလုပ်ဆောင်ကြရမယ့် ပြည်သူ့စစ်မဟာဗျူဟာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အဖွဲ့ဝင်တွေက ပြည်သူ့စစ်စည်းရုံးခြင်းလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါ၊ မိတ်ဖက်အင်အားစုများကို အခြေခံပြီး စည်းရုံးရေးစက်ဝိုင်းကိုချဲ့ထွင်ကာ ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် ပြည်သူ့စစ် စည်းရုံးရေး လုပ်ငန်းတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းထမ်းဆောင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

အစုအဖွဲ့(၂)ရဲ့ ကိုယ်စားလှယ်က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေအနေနဲ့အသက်(၇၅)နှစ်ကျော်ပေမယ့် ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ထမ်းဆောင်နိုင်မယ်ဆိုရင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုဖို့ အကြံပြုသွားပါတယ်။ ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အနေနဲ့အသက်အရွယ်ကြီးရင့်လာပေမယ့် ကျန်းမာရေးကောင်းမွန်နေလို့ ဆက်လက်တာဝန်ထမ်းဆောင်ဖို့ ကာယကံရှင်က ဆန္ဒရှိနေတယ်ဆိုရင် စစ်မှုထမ်းဟောင်းဗဟိုစည်းရုံးရေး ကော်မတီအနေနဲ့ ဂုဏ်ယူစွာနဲ့ လက်ခံကြိုဆိုလျက်ရှိပါကြောင်း ပြန်ကြားလိုပါတယ်။

ချေမှုန်းသုတ်သင်

ကျွန်တော်တို့ အစုအဖွဲ့(၂)ရဲ့ ကိုယ်စားလှယ်က မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံများရဲ့ အခြေအနေ၊ မြန်မာနိုင်ငံကရပ်တည်နေရတဲ့ အနေအထား၊ ပြည်တွင်း ပြည်ပအဖျက်သမားတွေရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်ဆုံးရှုံးအောင် လုပ်ဆောင်နေမှုတွေနဲ့ အဲဒီအဖျက်အန္တရာယ်တွေကို တားဆီးတိုက်ဖျက်ချေမှုန်းသွားဖို့ တပ်လှန့်သွားခဲ့ပါတယ်။ ဒီတပ်လှန့်နှိုးဆော်ချက်ကို ကျွန်တော်တို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာလုပ်ငန်းအဖွဲ့နှင့်အတူ ဒီညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလုံးက အကောင်အထည်ဖော် ချေမှုန်းသုတ်သင်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ ကျွန်တော်တို့ အသက်သွေးချွေးတွေ ရင်းနှီးပြီး ရယူခဲ့ရတဲ့ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အခွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာမှာ တပ်မတော်နဲ့အတူ နိုင်ငံတော်ရဲ့ ကာကွယ်ရေးအရန်အင်အားစုကြီးအဖြစ် ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာဖြစ်လာအောင် အရည်အချင်းပြည့်ဝတဲ့ အဖွဲ့ဝင်တွေနဲ့ တိုးမြှင့်တည်ဆောက်သွားကြပါ၊ ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်ဟူသမျှကို ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာနဲ့ စွန့်လွှတ်စွန့်စားရင်ဆိုင်တိုက်ခိုက်ချေမှုန်းသွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

(သတင်းစဉ်)

မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်ဆွေ ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၃၀

အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် ဇွန် ၁၆ရက်တွင် ဂျေရုဆလင်မြို့၌ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာမိုရှေကာဆက်ဇ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

တာဝန်ယူခဲ့ပါတယ်။ ၁၉၉၇ ခုနှစ် ဇွန်က မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ အဓိကကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့လို့ တရားရုံးကနေပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂/(၂)၊ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ–၅၁၂ အရစစ်ဆေးစီရင်ပြီး ၁၉၉၇ ခုနှစ်၊ ဩဂုတ်၂၅ရက်မှာ တရားခံပြေးအဖြစ် အတည်ပြုကြေညာခဲ့ပါတယ်။

ငွေကြေးထောက်ပံ့

ဒါ့အပြင် မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–(၈၇)၊(၈၈)တို့အရ အရေးယူဆောင်ရွက်ဖို့အမိန့်ချမှတ်ခဲ့ပါတယ်။ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေဟာ ၂၀၀၃ ခုနှစ်အတွင်းနိုင်ငံယက္ခပါကိုးဦး မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများလုပ်ဆောင်စေဖို့ စီမံခန့်ခွဲဦးဆောင်ခဲ့ပြီး ငွေကြေးထောက်ပံ့မှုပြုခဲ့တယ်လို့လည်း သိရပါတယ်။

မောင်မောင် (ခေါ်) ပြည်သစ်ညွှန့်ဝေဟာ FTUB ရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိပြီး FTUBဟာလည်း ICFTU ရဲ့ အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိပါတယ်။ တရားမဝင်အဖွဲ့အစည်းဖြစ်တဲ့ FTUBရဲ့အထွေထွေအတွင်းရေးမှူးမောင်မောင်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက နှစ်စဉ်အကြိမ်ကြိမ်ကန့်ကွက် ပြောကြားခဲ့ပေမယ့် ILO ညီလာခံတွေမှာ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေကို တက်ရောက်စကားပြောဖို့ ILO က ခွင့်ပြုပေးလျက်ရှိပါတယ်။

မောင်မောင် (ခေါ်) ပြည်သစ်ညွှန့်ဝေဟာ ရာဇဝတ်မှုကျူးလွန်ပြီး ပြည်ပသို့ ထွက်ပြေးကာပြည်ပရှိအဖွဲ့အစည်းအချို့၏ ငွေကြေးထောက်ပံ့မှုနှင့်ရပ်တည်နေပြီး မည်သည့်တရားဝင်အလုပ်သမား အဖွဲ့အစည်းကမျှတာဝန်ပေး ရွေးချယ်ခံခဲ့ရခြင်းလည်းမရှိ၊ မည်သည့်အလုပ်သမားကို လည်း ကိုယ်စားပြုခြင်းမရှိဘဲ အရေခြုံအမည်ခံ FTUB အဖွဲ့ကို ဖွဲ့စည်းကာ မဟုတ်မမှန်သတင်းများ ပေးပို့လျက် ILO က မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးအကျပ်ကိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသူတစ်ဦးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ နိုင်ငံတော်ပြိုကွဲပျက်စီးအောင် နည်းမျိုးစုံသုံးပြီး ကြံစည်ကြိုးပမ်းနေတဲ့ ပြည်ပြေးအကြမ်းဖက်သမား မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေဦးစီးတဲ့ FTUBအဖွဲ့ဟာ မြန်မာနိုင်ငံအစိုးရက တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမဟုတ်တဲ့အပြင် ပြည်သူ့ရန်သူဖြစ်နေတဲ့အတွက် FTUB အဖွဲ့ကို မတရားအသင်းအဖွဲ့အဖြစ် ကြေညာပေးပါရန် နိုင်ငံတော်အစိုးရအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးက တောင်းဆိုလိုက်ပါတယ် ခင်ဗျား။

ပြည်ပြေးစိန်ဝင်းဟာ ၁၉၉၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ရက်မှာ KNU ဌာနချုပ် မာနယ်ပလော၌ NCGUB ကို အဖွဲ့ဝင် ရှစ်ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၀၅ခုနှစ် မေလ ၇ရက်က ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုမှာ ABSDFဥက္ကဋ္ဌ သံခဲ၊ KNUမှ ဗိုလ်ချုပ်အဆင့်ရှိ မူတူး၊ NCGUB မှ ပြည်ပြေးစိန်ဝင်း၊ စွမ်းအားမြင့် ကျောင်းသားအဖွဲ့မှ ရဲသီဟတို့ ပူးပေါင်းဆောင်ရွက်သော စီမံချက်ဖြစ်ပြီး ABSDF မှ ကိုကိုနိုင်က အနီးကပ်ကွပ်ကဲခဲ့ကြောင်း သိရပါတယ်။

ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ဟာ မြန်မာပြည်သူပြည်သားတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလား မရှုဆိတ်နဲ့ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်တွေနဲ့ နှောင့်ယှက်ဖျက်ဆီးနေတာကို တွေ့ရှိနေရပါတယ်။အဲဒီပြည်ပြေးစိန်ဝင်းအပါအဝင် ရှစ်ဦးဟာ နိုင်ငံတော်ကို သစ္စာဖောက်ပြီး ထွက်ပြေးတိမ်းရှောင်သွားတဲ့သူတွေဖြစ်လို့ ၁၉၉၀ ပြည့်နှစ်ကတည်းက နိုင်ငံတော်က တရားခံပြေးများအဖြစ် ကြေညာထားပြီးသူများ ဖြစ်ပါတယ်။ ပြည်ပြေးစိန်ဝင်းဟာ ပြည်ပနိုင်ငံတွေကို လှည့်လည်သွားလာပြီး အနောက်နိုင်ငံတွေအကြိုက် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဗန်းပြပြီး တစ်ဖက်က အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လာခဲ့တာကို တွေ့ရှိရပါတယ်။ ပြည်ပြေးစိန်ဝင်းနှင့် သူ့အုပ်စုဝင်တွေဟာ အနောက်နိုင်ငံအချို့မှာ လွတ်လွတ်လပ်လပ် သွားလာနိုင်ပြီး NGO အဖွဲ့များရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျောထောက်နောက်ခံ ကောင်းကောင်းရရှိနေတာကို တွေ့ရပါတယ်။ ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUB ဟာ နိုင်ငံတကာမျက်နှာစာမှာ ဒီမိုကရေစီအရေးတိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံး တပ်ထားပြီး လက်တွေ့ လုပ်နေတာကတော့ ထောက်ပံ့ငွေတွေ၊ ရန်ပုံငွေတွေရရှိအောင် တောင်းခံကာ သူတို့ကိုယ်ကျိုးအတွက် သုံးစွဲနေတာလည်း ဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသား ပြည်သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ပြည်ပအားကိုး ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အဖွဲ့နှင့် အခြားဆက်စပ်နေတဲ့ အဖွဲ့အားလုံးကို မတရားအသင်းအဖြစ် ကြေညာပေးပါရန် အခုကျင်းပတဲ့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းညီလာခံမှတစ်ဆင့် တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။(သတင်းစဉ်)

မြန်မာနိုင်ငံက ILO အဖွဲ့ဝင်ပီသစွာ စိတ်ရင်းစေတနာကောင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ (၉၃)ကြိမ်မြောက် ILO ညီလာခံတွင် မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုကို ပြန်လည်အသက်သွင်းရန် မတရားဆုံးဖြတ်ခဲ့ ILO က အကြမ်းဖက်သမားများကို နေရာပေး စင်ပေါ်တင်၊ နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ စော်ကား၍ ILO မှ နုတ်ထွက်သင့်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "စီးပွားရေးကဏ္ဍ"နီးနှော ဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ မကွေးတိုင်း ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၏ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–



"စီးပွားရေးကဏ္ဍ" နှင့် စပ်လျဉ်း၍ မကွေးတိုင်း ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

၂၀၀၅ခုနှစ် မတ်လ ၁၅ ရက်နေ့ ရက်စွဲပါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်အမှတ်(၂၄/၂၀၀၅)ဖြင့် ဗဟိုစည်းရုံးရေးကော်မတီကို အဖွဲ့ဝင် ၄၂ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်၊ အဓိက ထမ်းဆောင်ရမယ့် လုပ်ငန်းကဏ္ဍကြီး (၅)ရပ်မှာ စီးပွားရေးအခန်းကဏ္ဍလည်း ပါဝင်ပြီး စီးပွားရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်၊ ဒီနေ့ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍဟာ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံအဖြစ် မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် နှစ်တိုနှစ်ရှည်စီမံကိန်းများနှင့် နေ့မအားညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ တတိယကာလတို (၅)နှစ်စီမံကိန်းရဲ့ နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်၊ စီမံကိန်းပထမနှစ်ဖြစ်တဲ့ (၂၀၀၁–၂၀၀၂) ခုနှစ်မှာ စီးပွားရေးတိုးတက်မှု ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဒုတိယနှစ်ဖြစ်တဲ့ (၂၀၀၂–၂၀၀၃)နှစ် မှာ ၁၂ရာခိုင်နှုန်း၊ တတိယနှစ်ဖြစ်တဲ့ (၂၀၀၃–၂၀၀၄)မှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ စတုတ္ထနှစ်ဖြစ်တဲ့ (၂၀၀၄–၂၀၀၅)မှာ ၁၃ ဒသမ ၆ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်၊ (၂၀၀၄–၂၀၀၅)ခုနှစ် လူတစ်ဦးချင်းဝင်ငွေဟာ ၁၆၇၂၀၂ ကျပ် ရရှိနေပြီဖြစ်ပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့ အားရကျေနပ်နေခြင်း မရှိဘဲ (၂၀၀၅–၂၀၀၆)ခုနှစ် ရည်မှန်းချက်အဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၁၂ ဒသမ ၅ ရာခိုင်နှုန်းနဲ့ လူတစ်ဦးချင်းဝင်ငွေ ကျပ်နှစ်သိန်းနှင့် အထက်ရရှိရေး ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တတိယကာလတို ငါးနှစ်စီမံကိန်းရဲ့ ရည်မှန်းချက်(၄)ရပ်ဖြစ်တဲ့–

(၁) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားရေး၊
(၂) ဘတ်ဂျက်လိုငွေ တဖြည်းဖြည်း လျော့နည်းပြီး စီမံကိန်းရဲ့ တတိယနှစ်မှစ၍ ပိုငွေဖြစ်ပေါ်စေရေး၊
(၃) ငွေကြေးဖောင်းပွမှု လျော့နည်းစေရေး၊
(၄) နိုင်ငံခြားငွေ ရသုံးစာရင်းတွင် စတုတ္ထနှစ်မှစ၍ ပိုငွေဖြစ်ပေါ်စေရေးတို့ကို ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါ နိုင်ငံတော်ဟာ တည်ငြိမ်မြင့်မားတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ဆက်တိုက်ရရှိနေပြီဖြစ်ပါတယ်၊ နိုင်ငံခြားငွေရသုံး (Current Account)မှာ ၂၀၀၂–၂၀၀၃ မှစ၍ ပိုငွေဖြစ်ပေါ်လာပြီဖြစ်ပါတယ်၊ ငွေရေးကြေးရေး အခြေခံကောင်းများ ဖြစ်ပေါ်လာပြီး ဘတ်ဂျက်လိုငွေ လျော့နည်းလာကာ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းစေရန် ဆောင်ရွက်လျက်ရှိပါတယ်။

လူကုန်ကူးခံရ

နိုင်ငံတော်နဲ့ပြည်သူတို့ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဒီထက်ပိုမိုတိုးတက်နိုင်ပါလျက် ဒီလောက်သာအောင်မြင်ခဲ့ရခြင်းမှာ ပြည်ပနိုင်ငံကြီးအချို့ဟာ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုများ မရှိစေရေး၊ ကမ္ဘာလှည့်ခရီးသည်များ မလာရောက်စေရေး စတဲ့ စီးပွားရေး ပိတ်ဆို့မှုများပြုလုပ်နေလို့ဖြစ်ပါတယ်။ ဒါဟာလည်း ပြည်သူ ၅၄ သန်းရဲ့ စစ်မှန်တဲ့ သဘောထားကို မထောက်ထားဘဲ တစ်ဦးတစ်ယောက်ရဲ့ မရိုးသားတဲ့ ပြောဆိုမှုကို အခြေခံကာ မတရားလုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပါတယ်၊ စီးပွားရေးပိတ်ဆို့မှုကြောင့် နိုင်ငံတွင်းရှိ အထည်ချုပ်စက်ရုံပေါင်း ၁၆၀ကျော်ကို ပိတ်ပစ်ခဲ့ရပြီး စက်ရုံပေါင်း ၄၀ ကျော်ကို ဝန်ထမ်းများ လျော့ချခဲ့ရပါတယ်၊ အလုပ်သမားပေါင်း ၈၀၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး အဲဒီထဲမှာ ၇၀၀၀၀ ကျော်ဟာ အမျိုးသမီးများ ဖြစ်ကြပါတယ်၊ ၎င်းတို့ကိုမှီခိုနေတဲ့ မိသားစုဝင်လေးသိန်းကျော်ဟာ အတိဒုက္ခရောက်ခဲ့ရပြီး အချို့မိန်းကလေးငယ်များဟာ အလုပ်အကိုင် ရှာဖွေရင်း မသမာသူတို့ရဲ့ သွေးဆောင်ဖြားယောင်းမှုကြောင့် လူကုန်ကူးခံရပြီး ဘဝပျက်ခဲ့ရတာကို ရင်နင့်ဖွယ် ကြားသိနေရပါတယ်။

ဒါပေမဲ့ နိုင်ငံတော်ဟာ ပြည်ပမှ မည်သို့ပင် စီးပွားရေးပိတ်ဆို့မှုများရှိစေကာမူ ပြည်သူတို့ရဲ့ စစ်မှန်တဲ့ အင်အားကိုရယူကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခုကဲ့သို့ စီးပွားရေး တိုးတက်လာခဲ့ခြင်းပဲဖြစ်ပါတယ်၊ ဒီနိုင်ငံတော်ရဲ့ ကြိုးပမ်း ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက လိုက်လိုက်လှဲလှဲ ထောက်ခံပါကြောင်းနှင့် မိမိတို့ အနေနဲ့လဲ ပြည်သူများနှင့် လက်တွဲပြီး အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကတိပြု တင်ပြအပ်ပါတယ်ခင်ဗျား။

ရင်းနှီးမြှုပ်နှံ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းဗဟို အစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိတဲ့ စီးပွားရေးလုပ်ငန်းများကိုကြည့်မယ်ဆိုရင် ဘဲနှင့်ဝက်မွေးမြူရေးလုပ်ငန်းကို ကျပ် ၁၃၈၉ သိန်းကျော်ဖြင့်လည်းကောင်း၊ ကော်ဖီနှင့်ပျားလိမ္မော်နှစ်ရှည်သီးနှံစိုက်ပျိုးရေးကို ကျပ် ၂၈၁ သိန်းကျော်ဖြင့် လည်းကောင်း၊ အသားတိုးကြက် မွေးမြူရေးလုပ်ငန်းကို ကျပ် ၄၃၄ သိန်းကျော်ဖြင့်လည်းကောင်း၊ နွားမွေးမြူရေးနှင့် နွားနောက်မွေးမြူရေးလုပ်ငန်းကို ကျပ်၁၀သိန်းစီဖြင့်လည်းကောင်း၊ ငါးမွေးမြူရေးလုပ်ငန်းကို ကျပ်၄၉၉သန်းကျော်ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါတယ်။

စက်မှုလက်မှု လုပ်ငန်းအနေနဲ့ ပင်မယာဉ်ပြင်အလုပ်ရုံကို ကျပ်သန်း ၁၂၀ ကျော်ဖြင့်လည်းကောင်း၊ ဓာတ်ခဲစက်ရုံကို ကျပ်သန်း ၇၀၀ ကျော်ဖြင့်လည်းကောင်း၊ ရေခဲစက်ရုံလေးရုံကို ကျပ်သန်း၂၈၀ကျော်ဖြင့်လည်းကောင်း၊ သစ်အချောထည်စက်ရုံကို ကျပ်သန်း ၂၀၀၀ခန့်ဖြင့်လည်းကောင်း ရင်းနှီးဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့ မော်တော်ယာဉ်လုပ်ငန်းကို ကျပ်၂၁၈ သန်းဖြင့်လည်းကောင်း၊ ဖြေဖျော်မှု အငြိမ့်သဘင်လုပ်ငန်းကို ကျပ်သန်း ၁၀၀ဖြင့် လည်းကောင်း၊ အထူးကုဆေးခန်းကြီးကို ကျပ်၆၆၃သန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံရပ်ခြားသို့ စစ်မှုထမ်းဟောင်းများနဲ့ စစ်မှုထမ်းဆဲတို့ရဲ့ သားသမီးများ၊ မိသားစုဝင်များကို အလုပ်အကိုင်ရှာဖွေစေလွှတ်ပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းနဲ့ မြန်မာကျပ်ငွေသန်း ၄၃၀ မတည်ရင်းနှီးဆောင်ရွက်ပေးခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းအနေနဲ့ မတည်ငွေကျပ်သန်း၂၉၀နဲ့ အမေရိကန်ဒေါ်လာ တစ်သိန်းတို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ငွေကျပ်သန်း၁၉၀ကိုရင်းနှီးပြီး ပြည်ပမှ မော်တော်ယာဉ်များ မှာယူတင်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံဝယ်ယူရေးလုပ်ငန်းကို ကျပ်၂၆သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအဖြစ် ငွေဆောင်ကမ်းခြေမှာ ကျပ်၂၇၁သန်းကျော် မြှုပ်နှံဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းများမှာ ကျပ်သန်း၁၈၀၀ဖြင့်လည်းကောင်း၊ သဲကျောက်လုပ်ငန်းများမှာ ကျပ်၁၉သန်းဖြင့်လည်းကောင်း ရင်းနှီးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နှင့်တိုင်းအသီးသီးသို့လည်း ငွေကျပ်သိန်း၁၀၀စီ အရင်းမပျောက်မတည်ငွေထုတ်ပေးပြီး စုစုပေါင်းသိန်း ၁၉၀၀ကို လည်ပတ်ဆောင်ရွက်စေခဲ့ပါတယ်။

ဗဟိုဌာနချုပ်က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ ၃၁–၂–၂၀၀၅ရက်အထိ အမြတ်ငွေပေါင်း ၄၃၈၈သန်းကျော် ရရှိခဲ့ကြောင်း ကျေနပ်အားရဖွယ် တွေ့ရှိခဲ့ရပါတယ်။

လေးလေးနက်နက်ထောက်ခံ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ စီးပွားရေးလုပ်ငန်းများဟာ စစ်မှုထမ်းဟောင်းများနဲ့ ၎င်းတို့ရဲ့ မိသားစုဝင်များ သာမက ပြည်သူလူထုတစ်ရပ်လုံးအတွက်ပါ အလုပ်အကိုင်များ ရရှိစေခြင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်စေခြင်း၊ နိုင်ငံခြားငွေများ ရရှိစေခြင်းတို့ကြောင့် များစွာနှစ်ထောင်းအားရ ဖြစ်မိကြောင်းနှင့် ယခုလို ရန်ပုံငွေတိုးတက်လာစေတဲ့အတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုရဲ့ စီးပွားရေးလုပ်ငန်းအရပ်ရပ်ကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။

အလျဉ်းသင့်လို့ ILO နဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ၁၉၄၈ခုနှစ် မေလမှာ ILOရဲ့ (၅၅)နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ယခု အဖွဲ့ဝင် ၁၇၈ နိုင်ငံအကြားမှာ သက်တမ်း(၅၇)နှစ်ရှိပြီးဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံဟာ သက်တမ်းရင့်အဖွဲ့ဝင် တစ်နိုင်ငံဖြစ်ပါတယ်။ ILO ပြဋ္ဌာန်းချက်များအနက် ၁၉ခုကို လက်ခံကျင့်သုံးလျက်ရှိပြီး ၁၉၉၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံနဲ့ ILO အကြားမှာ ပြဿနာကြီးကြီးမားမား မရှိခဲ့ပါဘူး။

လီဆယ်လုပ်ကြံ

၁၉၉၀ပြည့်နှစ် နောက်ပိုင်းမှာ အင်အားကြီးနိုင်ငံအချို့က သူတို့အလိုကျ မိမိနိုင်ငံကို ကြိုးဆွဲလို့မရတဲ့အတွက် IOL အပါအဝင် အဖွဲ့အစည်းများကို လက်ကိုင်တုတ်အဖြစ် အသုံးချဖို့ ကြိုးစားလာခဲ့ပါတယ်။ တစ်ကြိမ်တည်းမှာပဲ ငွေအလွဲသုံးစားမှု၊ ရာဇဝတ် ကျူးလွန်သူ၊ ဖုံးခွဲလူသတ် အကြမ်းဖက်သမား မောင်မောင် (ခ) ပြည်သစ်ညွန့်ဝေကို အသုံးပြုပြီး မြန်မာနိုင်ငံမှာ အစိုးရက ပြည်သူကို ရန့်ရင်းကြမ်းတမ်းစွာ ညှဉ်းပန်းနှိပ်စက်နေပါတယ်လို့ လီဆယ် လုပ်ကြံပြီး ILO ကို တိုင်ကြားစေခဲ့ပါတယ်။

မြန်မာနိုင်ငံက စနစ်တကျ ဖြေရှင်းခဲ့ပေမယ့် ILO ဟာ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း စစ်ဆေးဖို့ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ဒီ မတရားလုပ်ဆောင်မှုကို လက်မခံခဲ့တဲ့အတွက် အဲဒီ ကော်မရှင်ဟာ မြန်မာနိုင်ငံကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းများ၊ ဒုက္ခသည်အမည်ခံ သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လုပ်ဇာတ်ကို ပုံဖော်ခဲ့ပါတယ်။

ထပ်မံထုတ်ပြန်

မြန်မာနိုင်ငံအနေနဲ့ ILO နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ ၁၉၉၉ ခုနှစ် မေလ ၁၄ ရက်နေ့မှာ ကျေးရွာဥပဒေနဲ့ မြို့များ အက်ဥပဒေပါ အပိုဒ်အချို့ကို ကျင့်သုံးခြင်းမပြုရန် အမိန့်အမှတ် (၁/၉၉)ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီအမိန့်ကို အများပြည်သူ သိရှိအောင်လည်း နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအမိန့်ကို မပြည့်စုံသေးဘူးလို့ ILO က ဝေဖန်လာတဲ့အတွက်လည်း ဖြည့်စွက်တဲ့ အမိန့်ကို ထပ်မံ ထုတ်ပြန်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ဥပဒေပိုင်း၊ အုပ်ချုပ်ရေးပိုင်းနဲ့ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပေမယ့် အကြောင်းအမျိုးမျိုးရှာကြံပြီး ILOသမိုင်းမှာ မပြုလုပ်ဘူးတဲ့ အရေးယူမှုမျိုးကို မြန်မာနိုင်ငံအပေါ်မှာ မတရား ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက အပြုသဘော ပူးပေါင်းဆောင်ရွက်နေပါလျက် ILO က အခုလို အရေးယူတာဟာ ILO ပြင်ပက နိုင်ငံရေးပယောဂများကြောင့်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ငါးကြိမ်၊ ILO အဆင့်မြင့်အဖွဲ့နဲ့ အထူး အဆင့်မြင့်အဖွဲ့ကို တစ်ကြိမ်စီ လက်ခံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ပေမယ့် ပြည်တွင်းအရေးကို သူတို့ခြယ်လှယ်ချင်သလို ခြယ်လှယ်နိုင်ခွင့် မရတဲ့အတွက် ILO ဘက်က ညှိနှိုင်းဆွေးနွေးမှုများကို တစ်ဖက်သတ် ရပ်ဆိုင်းခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မိမိလုပ်သင့်လုပ်ထိုက်တဲ့တာဝန်များကို အစဉ်တစ်စိုက်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါတယ်၊ အမှန်ပေါ်စေတယ်လို့ စွပ်စွဲတိုင်ကြားလာတဲ့ အမှုကိစ္စများကိုလည်း ကွင်းဆင်းလေ့လာရေးအဖွဲ့များ စေလွှတ်စုံစမ်းပြီး ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရသူများကို ဥပဒေကြောင်းအရ အရေးယူ အပြစ်ပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

နုတ်ထွက်သင့်

မြန်မာနိုင်ငံက ILOကိုအဖွဲ့ဝင်ပီသစွာ စိတ်ရင်းစေတနာကောင်းနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပေမယ့် ၂၀၀၅ ခုနှစ် ဇွန်လ (၉၃)ကြိမ်မြောက် ILO ညီလာခံမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို ပြန်လည်အသက်သွင်းရန် မတရားဆုံးဖြတ်ခဲ့ပါတယ်၊ ILO ဟာ အလုပ်သမားရေးရာနဲ့ မသက်ဆိုင်တဲ့ နိုင်ငံရေးဖိအားပေး အကျပ်ကိုင်ခြင်း ပြုလာတာတွေ ရာဇဝတ်သား၊ အကြမ်းဖက်သမားတွေကို နေရာပေး စင်မြင့်ပေါ် တင်လာတာတွေဟာ ကျွန်တော်တို့နိုင်ငံကိုသာမက၊ တရားမျှတမှုလိုလားတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ စော်ကားခြင်းဖြစ်တဲ့အတွက် ILOအဖွဲ့မှ နုတ်ထွက်သင့်ပါကြောင်း တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ တပ်မတော်သား စစ်မှုထမ်းဟောင်းများပီပီ ရဲဘော်စိတ် သွေးတူရင်မကွဲစိတ်ဓာတ်များဖြင့် ထိရောက်တဲ့ ကူညီပံ့ပိုးမှုများကြောင့် ကျေနပ်ဝမ်းမြောက်မိပါတယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ ပိုမိုစည်းလုံးညီညွတ်စွာဖြင့် အဖွဲ့ဝင်များ၏အကျိုးစီးပွားကို ယခင်ကထက်ပိုမိုဆောင်ရွက်လာနိုင်ခဲ့ပါတယ်၊ အထူးသဖြင့် မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်များက မိမိတို့ရဲ့ အဖွဲ့ဝင်များကို ပိုမိုထောက်ပံ့ကူညီနိုင်အောင် အားထုတ်ကြိုးပမ်းမှုများ ရှိလာတာကို တွေ့ရမှာဖြစ်ပါတယ်၊ နိုင်ငံတော်ရဲ့စီးပွားရေးမျက်နှာစာမှာ သိက္ခာရှိစွာဖြင့် မှန်ကန်တည်ငြိမ်တဲ့ လုပ်ဆောင်မှုများအပေါ် ရရှိလာတဲ့ အကျိုးအမြတ်များဖြင့် စစ်မှုထမ်းဟောင်းများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်၍ ထုထည်ကြီးမား စွမ်းအားရှိတဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးဟာ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍမှာ ကျရာတာဝန်က ဦးလည်မသုန် ထမ်းဆောင်သွားမည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀–၆–၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅	၆။	အကပဒေသာ
၈:၃၀	၇။	International News
၈:၄၅	၈။	Let's Go
၉:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	**"အလံလေးတော့ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၅၅	၉။	တေးဂီတအစီအစဉ်
၁၈:၁၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၂၀	၁၁။	**"ထာဝစဉ်နှုလှ မြန်မာ့ဂီတ"** (အတီးဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း–၂)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၄၃)
၁၉:၃၅	၁၅။	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင် ကြိုးစား ရွက်လှေအားကစား
၁၉:၄၅	၁၆။	**"တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ"** (အပိုင်း–၂)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"သို့သော်"** (အပိုင်း–၁) ကျော်ဟိန်း၊ စိုးမိုးကြည်၊ ဝိုင်း၊ ကြည်လဲ့လဲ့ဦး။ (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

အမျိုးသားနိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အကျိုးပြုလုပ်ငန်းလုပ်နိုင်ရေး စီးပွားရေးကောင်းရမည် မည်သို့သောဟန့်တားပိတ်ဆို့မှုများရှိစေကာမူ နောက်မတွန့်ဘဲ တစ်စိုက်မတ်မတ်အကောင်အထည်ဖော် စီးပွားရေးပိတ်ဆို့စေလိုသူ ပြည်တွင်းသစ္စာဖောက်များကို ပြည်သူ့သဘောထား(၄)ရပ်နဲ့ ထင်ဟပ်ပြီးဖယ်ရှား

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့အစီအစဉ်ကို ယနေ့ နံနက် ၈နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ “စီးပွားရေးကဏ္ဍ” နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောထွန်း၏ ပြန်လည်ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တတိယနေ့မှာ ကဏ္ဍအလိုက်အစုအဖွဲ့များခွဲပြီး ဆွေးနွေးခဲ့ပါတယ်။ စီးပွားရေးကဏ္ဍနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးချက်ပေါ်မူတည်ပြီး အကြံပြုစာတမ်း ယနေ့စောစောပိုင်းက တင်ပြသွားခဲ့ပြီးဖြစ်ပါတယ်။ ယင်းတင်ပြချက်အပေါ်မှာ ဗဟိုစည်းရုံးရေးကော်မတီရဲ့ကိုယ်စား ကျွန်တော်က ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စီးပွားရေးအစီရင်ခံစာအပေါ်မှာ ညီလာခံကိုယ်စားလှယ်များက စိတ်ဝင်စားစွာ စိစစ်ပိုင်းခြားပြီး စေတနာထားကာ အကြံပြုဆွေးနွေးသွားတာတွေ့ရသည့်အတွက် များစွာအားရကျေနပ်မိပါတယ်။

နိုင်ငံခြားဝင်ငွေရရှိ

ပြည်နယ်နှင့်တိုင်းအလိုက် တင်ပြချက်များအရ အခြေအနေပေါ်မူတည်၍ စီးပွားရေး အနေအထားကွဲပြားမှုရှိတာတွေ့ရပါတယ်။ အချို့ပြည်နယ်နှင့်တိုင်းများမှာ တိုးတက်မှု အနေအထားအားရဖွယ်တွေ့ရှိရသလို အချို့ပြည်နယ်နှင့်တိုင်းများမှာ အားနည်းနေတာတွေ့ရပါတယ်။ အချို့မြို့နယ်များအနေဖြင့် လုံးဝဆောင်ရွက်နိုင်မှုမရှိသေးတာကိုလည်း တွေ့ရပါတယ်။ သို့ဖြစ်၍ စီးပွားရေးမလုပ်နိုင်သေးသော မြို့နယ်များအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မြေဧက အနည်းဆုံး ၁၀၀၊ ၂၀၀၊ ၃၀၀ စသည်ဖြင့် ရယူထားဖို့ လိုအပ်ပါတယ်။ မြေရယူထားပြီး အခြေအနေပေးသလို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကမ်းရိုးတန်းဒေသများအနေဖြင့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း မြစ်ဝကျွန်းပေါ်ဒေသ အပါအဝင် နေရာအနှံ့မှာ ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ငါးမွေးမြူရေး၊ ကြက်၊ ဝက်မွေးမြူရေး လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့မှ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒအရ ဆန်စပါးနှင့် အခြား သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချခွင့်ပြုတဲ့အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချခွင့် ပြုထားပါတယ်။ ဆန်၊ ဆီထွက်သီးနှံ၊ ကြက်သွန် အပါအဝင် သီးနှံမျိုးစုံကို ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံခြားကိုပင် ရောင်းချခွင့်ပြုထားတဲ့အတွက် စိုက်ပျိုးမြေများကို အခြေအနေပေးတဲ့ မြို့နယ်တိုင်းက ဧက၁၀၀၊၂၀၀၊ ၃၀၀ ရယူထားသင့်ပါတယ်။ ပြည်နယ်နှင့်တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့အလိုက် စီးပွားရေးခိုင်မာအောင် ဆောင်ရွက်နိုင်ဖို့ တင်ပြချက်အပေါ် စီးပွားရေးတွက်ခြေကိုက်အောင် လုပ်နိုင်ကိုင်နိုင်ဖို့ အခြေအနေပေါ်မှာ မူတည်ပြီး စီမံကိန်းများ ရေးဆွဲချမှတ် ၍ ပြည်နယ်၊တိုင်းတာဝန်ခံများက တစ်ဆင့် ဗဟိုသို့ တင်ပြ၍ လိုအပ်တဲ့ ငွေကြေး အပါအဝင် ကူညီပံ့ပိုး တောင်းခံပါက လိုအပ်တဲ့ ကူညီပံ့ပိုးမှုများကို ကြိုးစားဆောင်ရွက်ပေးသွားမယ်ဖြစ်ပါတယ်။ နောက်ဆုံးမှာ မြေရယူထားပြီး မြေအခြေအနေ၊ ရာသီဥတု အပေါ်တည်ပြီး သင့်လျော်သော သီးနှံစိုက်ပျိုးရန် ကြိုးစားသင့်ကြောင်း၊ အနည်းဆုံး အစေ့ထုတ်ပြောင်း၊ ပဲ၊ နှမ်းစသည်ဖြင့် စိုက်ပျိုးသင့်ကြောင်း၊ မြေရိုင်းဖြစ်ခဲ့လျှင် ပုဂ္ဂလိကနှင့် ပူးပေါင်း၍ တောရှင်းခြင်း၊ စမ်းသပ်စိုက်ပျိုးခြင်း၊ နောက်ပိုင်းမှာ အကျိုးတူဖြစ်ဖြစ် မြေရိုင်းမှ မြေယဉ်ဖြစ်အောင် လုပ်သွားနိုင်ခဲ့ပါတယ်။ နှစ်အနည်းငယ်အတွင်းမှာ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်တဲ့နေရာမှာ ကြိုးကြိုးစားစား ဇွဲရှိရှိနဲ့ မှန်ကန်ဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ဖို့ရာ ခက်ခဲတယ်ဆိုပြီး ပြောနေကြတယ်။ ကျွန်တော်တို့ စစ်မှုထမ်းခဲ့တဲ့ဘဝမှာ ပြဿနာအခက်အခဲပေါင်းများစွာကို ကျော်လွှားခဲ့ပြီးဖြစ်၍ ယခုအခက်အခဲဆိုတာ အသေးအဖွဲသာ ဖြစ်ပါတယ်။ အပြန်အလှန်လေးစားမှုနဲ့ ဆက်ဆံရေးပါးနပ်မှု၊ လိမ္မာမှု၊ ယဉ်ကျေးမှု၊ ချိုသာမှုတွေ လိုအပ်ပါတယ်။

ပြုပြင်သင့်

စီးပွားရေးကိုနားမလည်လို့မရဘူး၊ စီးပွားရေးလုပ်ငန်းကို နားကိုလည်ရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းနားလည်ဖို့က မခက်ဘူး၊ စီးပွားရေးအားလုံးဟာ လူနေမှုဘဝတစ်ခုလုံးကို စီးပွားရေးက ထိန်းချုပ်ထားပါတယ်။ လမ်းကြောင်းနေတာဖြစ်ပါတယ်။ လူအများလုပ်နေတဲ့စီးပွားရေးကို တကယ်လေ့လာရမှာဖြစ်ပါတယ်။ စီးပွားရေးမရှိရင် ဘယ်လိုမှ ရပ်တည်လို့မဖြစ်ပါဘူး။ ဒီနေ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားနိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အကျိုးပြုလုပ်ငန်းတွေ လုပ်နိုင်ဖို့ ဆိုတာက စီးပွားရေးကောင်းမှ ဖြစ်ပါမယ်၊ တကယ်ကို အခိုင်အမာ စီးပွားရေးရှိဖို့ လိုပါတယ်၊ အခု စစ်မှုထမ်းဟောင်းအဖွဲ့ အသီးသီးမှာ ရှိနေတဲ့ စီးပွားရေးတွေဟာ မခိုင်မာဘူး၊ များသောအားဖြင့် ဝန်ဆောင်မှုလုပ်ငန်း တွေ၊ ဆိုင်ခန်းငှားတာတွေ၊ စက်ဘီးငှားရမ်းတာတွေ၊ အခန်းငှားတာတွေစသည်အားဖြင့် သာမန်သေးဖွဲ့တဲ့ လုပ်ငန်းများသာဖြစ်တယ်၊ ဒီလုပ်ငန်းတွေနဲ့ ဘယ်နည်းနဲ့မှ များပြားတဲ့၊ ကြီးမားတဲ့၊ရန်ပုံငွေမရနိုင်ဘူး များများစားစားရဖို့ စစ်မှုထမ်းဟောင်းတစ်ဦးချင်းကို ထောက်ပံ့နိုင်ဖို့ဆိုရင် ဝင်ငွေကြီးကြီးမားမားရဖို့လိုပါတယ်၊ ဒါကြောင့် မိမိအခြေအနေပေးသမျှ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဇောက်ချပြီး လုပ်ရမယ်၊ အဲဒီကမှတစ်ဆင့် အရင်းအနှီးတွေ ရလာပြီဆိုရင် စက်မှုလုပ်ငန်းတွေ၊ ကုန်သွယ်မှုလုပ်ငန်းတွေ လုပ်ရမှာဖြစ်ပါတယ်၊ အဲဒီအခါကျလို့ရှိရင် တကယ်ကိုခိုင်မာတဲ့ စီးပွားရေး၊ အားထားရတဲ့စီးပွားရေးဆိုတာ ရှိလာမှာ ဖြစ်ပါတယ်၊ ဝင်ငွေမှာလဲ တောင့်တင်းလာမယ်၊ ဒါကို နားလည်သဘောပေါက်ဖို့လိုတယ်၊ ဒီလုပ်ငန်းတွေလုပ်ဖို့၊ မှန်ကန်ဖို့၊ ကြိုးစားဖို့လိုပါတယ်၊မမှန်ကန်ဘူးဆိုရင် ဒီစီးပွားရေးဟာ ပျက်သွားမှာပဲ၊ ရဲဘော်ရဲဘက်တွေအတွက်ကို ကျွမ်းကျင်တဲ့ စစ်မှုထမ်းဟောင်းတွေက လုပ်ပေးရတာကို ဂုဏ်ယူကျေနပ်ဖို့၊ဝမ်းသာဖို့လိုပါတယ်၊ များသောအားဖြင့်က စီးပွားရေးလုပ်လိုက်တိုင်းလုပ်လိုက်တိုင်းပြဿနာတွေပဲ တွေ့တွေ့ပြီးတော့ စီးပွားရေးလုပ်ငန်းဟာရှေ့ကိုမတိုးပဲနဲ့ ပျက်သွားတာချည်းပဲ တွေ့နေရတယ်၊ စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ရန်မှာ အရင်းအနှီးချည်းပဲ အဓိက မဟုတ်ပါဘူး၊ အရင်းအနှီးရှိဖို့လဲ လိုတော့လိုပါတယ်၊ ပိုလိုအပ်တာက မှန်ကန်မှု၊ သစ္စာရှိမှု၊ ယုံကြည်အပ်နှံထားမှုကို ထိန်းသိမ်းနိုင်မှု၊ အလုပ်နားလည်တတ်ကျွမ်းမှု၊ ပါးနပ်မှု၊ လိမ္မာကျွမ်းကျင်မှုတို့ ဖြစ်ပါတယ်၊ ဒါကြောင့် ဒါတွေကို အသေး စိတ်အသေအချာ သုံးသပ်ပြီးတော့မှ ပြုပြင်ဆောင်ရွက်သင့်တယ်လို့ အကြံပေးလိုပါတယ်။

ဖယ်ရှား

ကျွန်တော်တို့ ဗဟိုစီးပွားရေးအဖွဲ့အနေနဲ့လဲ အစီရင်ခံစာမှာ ဖော်ပြထားတဲ့လုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါဘူး၊ ဆက်လက်အကောင်အထည်ဖော်သွားမယ့် လုပ်ငန်းများအဖြစ်အနေ

“စီးပွားရေးကဏ္ဍ”နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောထွန်းက ပြန်လည်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နဲ့သာ ဖော်ပြထားခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ကိုယ်တိုင်လဲ ကြိုးကြိုးစားစား ဇွဲရှိရှိနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရက စီးပွားရေး စီမံကိန်းများချမှတ်ပြီး ဦးတည်ချက် (၁၂)ရပ်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီး ဖြစ်ပါတယ်၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းဟာ ပြည်သူ၊ တပ်မတော်၊ အစိုးရအင်အားစုကြီး(၃)ရပ် ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိခြင်း ဖြစ်ပါတယ်။ ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူတဲ့ ဖွံ့ဖြိုး တိုးတက်မှုအပေါ် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံက ထောက်ခံတဲ့အတွက် နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါတယ်။ **နိုင်ငံတော်အနေနဲ့ မည့်သို့သောဟန့်တားပိတ်ဆို့မှုများရှိစေကာမူ နောက်မတွန့်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် တစ်စိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာအပြုသဘောဆောင်တယ်၊မဆောင်ဘူးဆိုတာ ပြည်သူများခွဲခွဲခြားခြား သိမြင်နိုင်ပါတယ်။ နိုင်ငံကြီးအချို့ရဲ့ စီးပွားရေး ပိတ်ဆို့ဟန့်တားမှုကြောင့် ပြည်သူများသာ နစ်နာရပါတယ်။ နိုင်ငံတော်ရဲ့ ကိုယ်စားပြောရမယ်ဆိုရင် ပိတ်ပင်ဟန့်တားမှုများဖြစ်ပေါ်လာအောင် ပြောဆိုခဲ့တဲ့ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများကို ပြည်သူ့သဘောထား(၄)ရပ်နဲ့ ထင်ဟပ်ပြီး ဖယ်ရှားသွားကြရမယ် ဖြစ်ပါတယ်။**

ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးဟာ ခံ့ညားထည်ဝါတဲ့ ဂုဏ်သိက္ခာဒြပ်ရှိတဲ့ အဖွဲ့အစည်းကြီးဖြစ်ရန် ဦးတည်နေတယ်။ နိုင်ငံတော်ကို အကျိုးပြုသော အင်အားစုကြီး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီး၊ အမာခံအင်အားစုကြီး အဖြစ်ရပ်တည်ဖို့ ကျွန်တော်တို့ကြိုးစားနေတာဖြစ်တယ်။ ဒီလို ရပ်တည်နေဖို့ဆိုရင် အချက်နှစ်ချက်ရှိတယ်၊ တစ်ချက်က ကျွန်တော်တို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တွေဟာ အရာရာမှာ နိုးကြားပြီးတော့ ဗဟုသုတပြည့်စုံတဲ့၊ အရည်အချင်းပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်ဖို့လိုတယ်။စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက အလုပ်တစ်ခုကို လုပ်လိုက်ရင် ထူးထူးခြားခြားနဲ့ လူတွေအထင်ကြီးလောက်အောင် အတုယူလောက်အောင် အောင်မြင်တယ်ဆိုတာကို ပြနိုင်ဖို့လိုပါတယ်။စစ်မှုထမ်းဟောင်းရေရှည်တည်တံ့ဖို့ ဆိုတာက အလုပ်လုပ်တတ်ဖို့လိုပါတယ်။ အထူးသဖြင့်တော့ စီးပွားရေးလုပ်ငန်းတွေကို နားလည်တတ်ကျွမ်းဖို့လိုတယ်။ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ နားမလည်ဘဲ၊ မလုပ်တတ်ဘဲနဲ့တော့ဖြင့် လူထုက ကျွန်တော်တို့ကို ယုံကြည်လာမှာလည်း မဟုတ်ပါဘူး။ အထင်ကြီးမှာလည်းမဟုတ်ပါဘူး။စစ်မှုထမ်းဟောင်းအဖွဲ့တွေလုပ်လိုက်ရင် ပြဿနာနဲ့ပဲ၊ လုပ်သမျှတွေ မအောင်မြင်ဘူး၊ လုပ်ရည်ကိုင်ရည်မရှိဘူး၊ စစ်ရေး အတွေ့အကြုံသာရှိတယ်။ လူမှုရေး အတွေ့အကြုံ၊ စီးပွားရေး အတွေ့အကြုံမရှိဘူးလို့ အထင်သေး၊ အမြင်သေးဖြစ်လာရင် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနဲ့ ဆက်စပ်နေတဲ့စည်းရုံးရေးကိစ္စတွေမှာ ခေါင်းဆောင်မှုပေးဖို့ဆိုတာ အခက်အခဲဖြစ်နိုင်တယ်။ **ဒါကြောင့် အလုပ်လုပ်တတ်ဖို့၊ နားလည်ဖို့လိုပါတယ်။အလုပ်ကသာလျှင်အလုပ်တတ်ကျွမ်းမှုနဲ့ အရည်အချင်းရှိမှုက ကျွန်တော်တို့ရဲ့ ဂုဏ်သိက္ခာနဲ့ ဂုဏ်ဒြပ်ကို အစဉ်ထိန်းကျောင်းပြီးတော့ ပြောင်မြောက်အောင် လုပ်သွားမှာ ဖြစ်ပါတယ်။** ဒါကြောင့် ကြိုးကြိုး စားစား၊ ဇွဲရှိရှိနဲ့ ဆောင်ရွက်သွားကြဖို့ လိုတယ်လို့ အကြံပေးလိုက်ပါတယ်။

သင်တန်းပေး

ဗဟိုစည်းရုံးရေးကော်မတီအနေနဲ့လည်းပဲ ဝန်ဆောင်မှုလုပ်ငန်းတွေကို အောင်မြင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။ စစ်မှုထမ်းဟောင်းများကိုယ်တိုင်လည်း စစ်မှုထမ်းဟောင်းများရဲ့ သားသမီးများ၊ မှီခိုသူများကိုလည်းပဲ အခြေခံစက်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ လုပ်တတ်အောင် သင်တန်းတွေခွဲပြီးတော့ ပို့ချပေးလျက်၊ လေ့ကျင့်ပေးလျက်ရှိပါတယ်။ အချို့ကိုလည်း နိုင်ငံခြားသို့ လွှတ်ထားပြီးဖြစ်ပါတယ်။ အလားတူပဲ မြို့နယ်တွေ၊ ခရိုင်တွေ၊ ပြည်နယ်၊ တိုင်းတွေမှာလည်းပဲ စီးပွားရေးလုပ်ငန်းတွေ လုပ်တတ်အောင် စီးပွားရေးဆိုင်ရာ သင်တန်းတွေပေးသွားရင်း စီစဉ်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဓိကမှာ စီးပွားရေးတိုးတက်ခိုင်မာဖို့ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ချက်(၄)ရပ်နဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ တိုင်းပြည်၏အမာခံ အင်အားစုကြီးဖြစ်သည့် စစ်မှုထမ်းဟောင်းများ၏ စီးပွားရေးလုပ်ငန်းများသည် အဖွဲ့ဝင်များအတွက်သာမက နိုင်ငံတော်စီးပွားရေးကိုလည်း အထောက်အကူဖြစ်ရပါမည်။ ထို့ကြောင့် တိုင်းပြည်၏ အားထားရသော မှန်ကန်သော စီးပွားရေးအင်အားစုကြီးဖြစ်အောင် ဦးတည်ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းရင်း ကျွန်တော်၏ရှင်းလင်းတင်ပြချက်ကို နိဂုံးချုပ်အပ်ပါသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံ Shinohara Shoji K.K.Co., Oversea Sales Department မှ Mr. K. Okuzono နှင့် MTF Corporation မှ Mr. S. Nakano တို့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀–၆–၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Abnormal Psychology (တတိယနှစ်–စိတ်ပညာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ ကာတွန်းအစီအစဉ် **“ရှောင်လင်လူစွမ်းကောင်းလေး”** (အပိုင်း–၉)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လောကခံအတွက် လက်သီးတစ်ချက်”** (အပိုင်း–၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့မြဝတီ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နှင်းနဂါးသိုင်း”** (အပိုင်း–၄)

နိုင်ငံလူဦးရေထက်ဝက်ကျော်ဖြစ်သည့် အမျိုးသမီးထုကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပေါ်လာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကသတ်မှတ်သည့် မြန်မာအမျိုးသမီးများနေ့သာလျှင် အမျိုးသမီးထုတစ်ရပ်လုံးကိုယ်စားပြု

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကသတ်မှတ်ခဲ့သည့် မြန်မာအမျိုးသမီးများနေ့သည် ဇူလိုင်လ၃ရက်နေ့ဖြစ်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)တတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ဆက်လက်ကျင်းပရာ "လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ" နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ကလေးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်၏ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော့်အနေနဲ့ ညီလာခံမှာ တင်သွင်းတဲ့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍနဲ့စပ်လျဉ်းပြီး တွေ့ရှိချက်များကို ညီလာခံကိုယ်စားလှယ်များကိုယ်စား ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဖွဲ့စည်းထား

နိုင်ငံတော်အကြီးအကဲ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဂုဏ်သိက္ခာရှိတဲ့ ခိုင်မာတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်စေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီအနေနဲ့ စည်းရုံးရေးရာလုပ်ငန်းအဖွဲ့(၁၉)ဖွဲ့ကို ၁၅–၃–၂၀၀၅ရက် အမိန့်အမှတ်(၂၄/၂၀၀၅)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့တယ်။ လူမှုရေးနဲ့သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့ကိုတော့ အဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်သိန်းဆွေ (ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်မှူးချုပ်သူရအေးမြင့် (ဝန်ကြီး၊ အားကစားဝန်ကြီးဌာန) တို့က ဦးဆောင်ပြီးအဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးချုပ်သန်းအောင် (ညွှန်ကြားရေးမှူး၊ ကကဆေး)၊ ဦးဝင်းဖေ (ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးဦးစီးဌာန)နဲ့ ဦးစစ်မြိုင်(ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန)တို့ဖြင့် ဖွဲ့စည်းထားရှိပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ အလေးထားတင်ပြချင်တာကတော့ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းဟာ ဂုဏ်သိက္ခာရှိပြီး ခိုင်မာတဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးပဲ ဖြစ်ပါတယ်။ တကယ်တော့ စစ်မှုထမ်းဟောင်းတွေဟာ စစ်ရေးစွမ်းရည်၊ နိုင်ငံရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်စတဲ့ စွမ်းရည်သုံးရပ်နဲ့ လေ့ကျင့်ပျိုးထောင်ခံခဲ့ရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တာမို့ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ တပ်မတော်ရဲ့ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းရင်း မိမိတို့အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကိုလည်း မြင့်မားသည်ထက် မြင့်မားအောင်၊ ခိုင်မာတဲ့အဖွဲ့အစည်း တစ်ရပ်ဖြစ်အောင်၊ အငြိမ်းစား တပ်မတော်ဝန်ထမ်းများရဲ့ အားထားရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် အစဉ်အမြဲဆက်လက်ကြိုးပမ်း ဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလုံးအနေနဲ့စစ်မှုထမ်းဟောင်းအဖွဲ့ကြီးရဲ့ အခြေခံလုပ်ငန်းစဉ်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အမြဲထာဝစဉ် လိုက်နာကျင့်သုံးကြဖို့ လိုအပ်ပါတယ်။ အဲဒီ လုပ်ငန်းစဉ်တွေကတော့–

– စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ သက်သာချောင်ချိရေးနှင့် လူမှုရေးကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန်၊

– စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ကူညီရိုင်းပင်းရေးနှင့် စည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရန်၊

– စစ်မှုထမ်းဟောင်းများရဲ့ စီးပွားရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးရန်၊

– စစ်မှုထမ်းဟောင်းများရဲ့ကောင်းသော အစဉ်အလာများကို ထိန်းသိမ်းပြီး နောင်လာနောက်သားများအား နမူနာကောင်းများအား ပြသနိုင်ရေးနဲ့ပြန့်ပွားရေးကိုဆောင်ရွက်ရန်၊

– စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များရဲ့ အသိပညာ တိုးပွားရေးနဲ့ အရည်အသွေးမြင့်မားလာစေရေးကို ရှေးရှုဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်၊

တကယ့်တော့ လူမှုရေးနဲ့သက်သာချောင်ချိရေး ကိစ္စရပ်များကိုဆောင်ရွက်ခြင်းဟာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအချင်းချင်း ကူညီရိုင်းပင်းခြင်းဖြစ်တာမို့ ချစ်ကြည်ရင်းနှီးရေးနှင့် စည်းလုံးညီညွတ်ရေးကို တိုးပွားအောင်၊ ခိုင်မာအောင် တည်ဆောက်နေခြင်းပဲ ဖြစ်ပါတယ်။ **တစ်နည်းဆိုရရင်လူမှုရေးဟာ စည်းရုံးရေးရဲ့သော့ချက်လို့ပဲဆိုနိုင်ပါတယ်။ ဒါဟာမြန်မာလူမျိုးတို့ရဲ့ပင်ကိုစိတ်ဓာတ်နဲ့ ထူးခြားတဲ့ စရိုက်လက္ခဏာကို ရောင်ပြန်ထင်ဟပ်စေပါတယ်။ စစ်စစ်အားဖြင့်လူမှုရေးနဲ့ သက်သာချောင်ချိရေးဟာ တပ်မတော်သားပဲဖြစ်ဖြစ်၊ အရပ်သားပဲဖြစ်ဖြစ်၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်မှာရှိသင့်ရှိထိုက်တဲ့ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။** စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလုံးရဲ့ အကျိုးစီးပွားအတွက် ဒီလုပ်ငန်းကို ဆောင်ရွက်ရတာမို့ များစွာနှစ်ထောင်းအားရဖြစ်မိကြောင်းကိုလည်း ထုတ်ဖော်ပြောကြားလိုပါတယ်။

ထောက်ပံ့ပေး

ရှေးဦးစွာစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနဲ့ မိသားစုဝင်များအားထောက်ပံ့ကူညီခြင်းကို တင်ပြလိုပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ဟာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရင်းရရှိလာတဲ့အကျိုးအမြတ်ကို အဖွဲ့ဝင်များနဲ့မိသားစုဝင်များအား မျှဝေခံစားနိုင်အောင်ထောက်ပံ့ကူညီမှုများပေးလျက်ရှိရာ ၂၀၀၁ခုနှစ်မှာ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ၊မသန်မစွမ်းစစ်သည်များ၊ ပညာရည်ချွန်သားသမီးများအတွက် စုစုပေါင်းထောက်ပံ့ငွေ ကျပ်သိန်းပေါင်း(၃၃၀၅)သိန်းကို ထောက်ပံ့ခဲ့ပါတယ်။ ၂၀၀၁–၂၀၀၂ခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြတဲ့ စစ်မှုထမ်းဟောင်းသားသမီးတွေကိုငွေကျပ်၈၅၅၀၀၀၊ ၂၀၀၃ခုနှစ်မှာအသက်မွေးပညာသင်ကျောင်းများမှ တက်ရောက်နေကြတဲ့စစ်မှုထမ်းဟောင်းသားသမီးခြောက်ဦးကိုထောက်ပံ့ငွေကျပ်၄၉၀၀၀၀တို့ကို တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် ထောက်ပံ့ချီးမြှင့်နိုင်ခဲ့ပါတယ်။ ၂၀၀၂–၂၀၀၃ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်တဲ့ စစ်မှုထမ်းဟောင်းသားသမီး၁၄၈ဦးအား ချီးမြှင့်ငွေကျပ် ၁၃၆၀၀၀၀ ထောက်ပံ့ပေးနိုင်

"လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ကလေးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ခဲ့ပါတယ်။ ၂၀၀၄ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်၊ ကောလိပ်တက်နေတဲ့ စစ်မှုထမ်းဟောင်းသားသမီး ၄၃ဦးကိုငွေကျပ် ၁၈၃၅၀၀၀ တိတိကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒါပြင့် ၂၀၀၄ခုနှစ် ဇူလိုင်လကုန်မှာ အသက် (၇၅)နှစ်ပြည့်ပြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၁၄၈ဦးအတွက် ငွေကျပ် ၁၁၄၈၀၀၀၀ကို ထောက်ပံ့ပေးခဲ့ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနေထိုင်ရေး အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့လေးထောင့်ကန်မှာ ဦးစားပေးအလိုက် ၃၁–၁၂–၂၀၀၃ရက်အထိ တန်ဖိုးနည်းအိမ်ရာ အလုံး၁၀၀ကို နေရာချထားပေးနိုင်ခဲ့ပါတယ်။ လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ပြီး ပြည်နယ်/တိုင်းအသီးသီးရှိ သက်ဆိုင်ရာအဖွဲ့များမှ ဆောင်ရွက်ရာမှာ ဗဟိုဌာနချုပ်မှသာမန်ထောက်ပံ့ငွေ၊ပညာသင်ထောက်ပံ့ငွေ၊သင်တန်းထောက်ပံ့ငွေ၊ မသန်းမစွမ်းထောက်ပံ့ငွေ၊ နာရေးထောက်ပံ့ငွေ၊သက်ကြီးထောက်ပံ့ငွေ၊ ဆန်ဖိုးထောက်ပံ့ငွေ၊ သင်တန်းစေလွှတ်မှု၊ အလုပ်အကိုင်ရရှိမှုစတဲ့လူမှုသက်သာထောက်ပံ့ခြင်းစတဲ့ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ရာ ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ဗဟိုမှထောက်ပံ့ငွေ ကျပ်သန်း၅၁၃သန်း၊ တိုင်း၊ခရိုင်မြို့နယ်များမှ ထောက်ပံ့ငွေ ကျပ်သန်း၅၈၇သန်း စုစုပေါင်းငွေကျပ်၁၁၀၀သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

အရှိန်မြှင့်တင်

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနဲ့ မိသားစုဝင်များအား ထောက်ပံ့ကူညီမှုများပေးရာမှာ ၂၀၀၂ခုနှစ်မှ၂၀၀၅ ခုနှစ်အထိ နှစ်စဉ်ငွေကြေးပမာဏကိန်းဂဏန်းများအရ ပိုမိုထောက်ပံ့ပေးနိုင်ခဲ့တာကိုတွေ့ရတဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ထုတ်ဖော်ပြောကြားလိုပါတယ်။ ဒါဟာစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တစ်ဖက်မှာဘဏ္ဍာငွေကြေးအထိုက်အလျောက်ရှိနေပြီးဖြစ်ရုံမျှမက အခြားတစ်ဖက်မှာလည်း ငွေကြေးတိုးပွားအောင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ရရှိလာတဲ့ အကျိုးအမြတ်ကို ပိုမိုခံစားလာရလို့ ဖြစ်ပါတယ်။ ဒီလိုရရှိဖြစ်ပေါ်လာတဲ့ အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ယခုထက် ဆတက်ထမ်းပိုး တိုးပွားအောင် နည်းလမ်း ကြံဆကာ အရှိန်မြှင့်တင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းသုံးသပ်တင်ပြလိုတာကတော့ ပြည်နယ်၊ တိုင်းအသီးသီးမှာ လူမှုရေးနှင့်သက်သာချောင်ချိရေးအတွက် ထောက်ပံ့ကူညီမှုများပြုတဲ့နေရာမှာ ထောက်ပံ့ကူညီငွေ အချိုးအစားအများဆုံးနဲ့ အနည်းဆုံးတို့ကို နှိုင်းယှဉ်လေ့လာကြည့်ချက်အရ ကွာဟချက်များပြားနေတာကို တွေ့ရှိရပါတယ်၊ ဒါကြောင့် ရင်းနှီးစိုက်ထုတ်ငွေ၊ ခုနေအင်အားအပေါ်မှာ အဓိက တည်မှီနေတယ်လို့ဆိုလင့်ကစား ကွာဟမှုနည်းနိုင်သမျှ နည်းပါးသွားအောင် အဖြစ်နိုင်ဆုံး တစ်ပြေးညီဖြစ်သွားအောင် စစ်မှုထမ်းဟောင်းအဖွဲ့အဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြလိုပါတယ်။

အကြံပြုတင်ပြ

အစီရင်ခံစာမှာလေ့လာတွေ့ရှိချက်အရ ကျေနပ်အားရတဲ့နောက်တစ်ချက်ကတော့ ရန်ကုန်လေးထောင့်ကန်မှာ စစ်မှုထမ်းဟောင်းများအတွက် တန်ဖိုးနည်းအိမ်ရာ အလုံး၁၀၀ချထားပေးနိုင်ခဲ့တဲ့ ဆောင်ရွက်ချက်ပဲဖြစ်ပါတယ်၊ အချို့ပြည်နယ်နဲ့တိုင်းတွေမှာလည်း တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပြီး စစ်မှုထမ်းဟောင်းများအား နေထိုင်ခွင့်ချထားပြီးတာကို လေ့လာသိရှိရပါတယ်၊ ဒီဥပမာကို အတုယူပြီး အခြား ပြည်နယ်၊တိုင်းမှာ ရှိကြတဲ့ အဖွဲ့အစည်းအဆင့်ဆင့်ကလဲ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နေရေးထိုင်ရေး အဆင်ပြေစေရေးအတွက် အလားတူဆောင်ရွက်မှုမျိုး အခြေအနေပေးမှုအပေါ်မူတည်ပြီး လုပ်ဆောင်သင့်ပါတယ်၊ ဗဟိုအဖွဲ့ကလည်း လမ်းညွှန်မှုများနဲ့ အကြံဉာဏ်များပေးကာလိုအပ်တဲ့ ကူညီပံ့ပိုးမှုများကိုပါ ဖြည့်ဆည်းပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးတင်ပြချင်တာကတော့ စီးပွားရေးလုပ်ငန်းများအပေါ် အခြေတည်ပြီး ရရှိလာတဲ့ အကျိုးအမြတ်များမှ ကူညီပံ့ပိုးမှုများပေးရုံမျှသက်သက်ကို ရောင့်ရဲတင်းတိမ်မနေကြဘဲ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားမှုများကို အထူးသဖြင့် အသက်မွေးမှုအတတ်ပညာများ စဉ်ဆက်မပြတ်သင်ကြားပေးပြီး လုပ်ငန်းများထူထောင်နိုင်သည်အထိ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်၊ ရေရှည်လုပ်ငန်းဖြစ်တာမို့ အနာဂတ်မျိုးဆက်သစ်များအတွက် အမွေခံပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်၊ ထိုမျှသာမက မိမိကိုယ်မိမိအားထားယုံကြည်မှုစိတ်ဓာတ်ကို ဖြစ်ထွန်းစေပြီး တစ်ဖက်မှလည်း ရန်ပုံငွေတိုးတက်ရရှိအောင် ရပ်တည်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊အနှစ်ချုပ်ပြောရရင် **"လေ့ကျင့်သင်ကြား၊ လုပ်ငန်းထူထောင်၊ ကြံဆောင်စီးပွား၊ ရန်ပုံငွေများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ လှပတဲ့ အနာဂတ်များ"** ဟု ဆိုချင်ပါတယ်။

ဒီနေရာမှာ အထူးအလေးဂရုပြုသင့်တဲ့ အချက်တစ်ချက်ကို တင်ပြဆွေးနွေးလိုပါတယ်၊စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေဘောင်အတွင်း စီမံချက်များ စနစ်တကျ ရေးဆွဲချမှတ်ကာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၁)မှာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ဩဝါဒကို ရည်ညွှန်းကိုးကားတင်ပြလိုပါတယ်၊ ဗိုလ်ချုပ်မှူးကြီးက **"ဒီနေ့ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဟာ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံအဖြစ် မျှော်မှန်း၍ ဆောင်ရွက်လျက်ရှိတယ်၊ ဒါကြောင့် ရဲဘော်တို့ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းတွေကို အင်တိုက်အားတိုက် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူတွေကို အကျိုးပြုရင်း စစ်မှုထမ်းဟောင်းများရဲ့ သက်သာချောင်ချိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"** ဟု မိန့်ကြားသွားခဲ့ပါတယ်။

ဒီလိုလမ်းညွှန်မိန့်ကြားချက်များနဲ့ အညီ အဆင့်ဆင့်သော စစ်မှုထမ်းဟောင်းအဖွဲ့များရဲ့ စီးပွားရေးလုပ်ငန်းများဟာလည်း ဥပဒေဘောင်အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရမှာဖြစ်ပါတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်မယ့် ရေရှည်စီးပွားရေးလုပ်ငန်းများဖြစ်ဖို့လည်း လိုအပ်ပါတယ်။ သို့မှသာ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ စီးပွားရေးလုပ်ငန်းများဟာ ပြည်သူများကို တစ်ဖက်တစ်လမ်းမှ စောင့်ရှောက်ကူညီရာ အထောက်အကူပြုရာကျမှာဖြစ်ပါတယ်။ တပ်မတော်သားများနဲ့ ပြည်သူမျှတကြည်ဖြူပြီး ချစ်ကြည်မှု၊ စည်းလုံးမှုကိုလည်း တိုးပွားစေမှာဖြစ်ပါတယ်။

ထိုမျှသာမက စစ်မှုထမ်းဟောင်းများနဲ့ စစ်မှုထမ်းဟောင်းမိသားစုဝင်များရဲ့ လူနေမှုဘဝမြင့်မားတိုးတက်လာသည်နှင့်အမျှ အမျိုးသားရေးတာဝန်ကိုလည်း ဆတက်ထမ်းပိုးထမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။

လူမှုရေးနှင့်သက်သာချောင်ချိရေးထောက်ပံ့ပေးနိုင်မှု အနေအထားဟာ မြို့နယ်အလိုက် ခုနေအင်အားအပေါ်မူတည်နေသလို စီးပွားရေးလုပ်ငန်းများမှရရှိတဲ့ အကျိုးအမြတ်များပေါ်တွင်လည်းမူတည်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်တစ်ခုနှင့်တစ်ခု ထောက်ပံ့ပေးနိုင်မှုအင်အားကွာခြားချက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ထောက်ပံ့မှုအင်အားနည်းနေတဲ့ မြို့နယ်များက သင့်လျော်တဲ့ နည်းလမ်းများ ရှာကြံပြီး လုပ်ဆောင်သွားရမှာဖြစ်သလို ထောက်ပံ့မှုအင်အားကောင်းတဲ့ ဒေသအတွင်းမှာရှိတဲ့ မြို့နယ်များကလည်း ရိုင်းပင်းကူညီမှုပြုပြီး လက်တွဲခေါ်ဆောင်သွားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

တိုးတက်မြင့်မား

ဆက်လက်ပြီး လေ့ကျင့်ရေးအပိုင်းနဲ့ပတ်သက်လို့ ဆွေးနွေးလိုပါတယ်။ လေ့ကျင့်သင်ကြားရေးအပိုင်းမှာ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်ပြီး ပြည်နယ်၊တိုင်းအဆင့်ဆင့် စည်းရုံးရေးကော်မတီသင်တန်းများ၊ အဆင့်မြင့်စည်းရုံးရေးသင်တန်းများ၊ အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းများသို့ စေလွှတ်၍ သင်ကြားပေးခြင်းများနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများအပါအဝင် အလုပ်သမားဝန်ကြီးဌာနနဲ့ ဆက်သွယ်ပြီး စစ်မှုထမ်းဟောင်းများနဲ့ ၎င်းတို့ရဲ့ သားသမီးများ ပြည်တွင်း ပြည်ပမှာ အလုပ်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးမှုများပါဝင်တာတွေ့ရှိရပါတယ်။ အခြေခံနှင့်အဆင့်မြင့်သင်တန်းများကို တိုးချဲ့သင်ကြားပေးနိုင်ဖို့အတွက် လေ့ကျင့်သင်ကြားပြီးသင်တန်းသားဦးရေ ပိုမိုများပြားလာတာမို့ များစွာနှစ်ထောင်းအားရဖြစ်မိပါတယ်။ နောင်ကိုလည်း ယခုလိုစဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးသင့်ပါကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ သင်တန်းဖွင့်လှစ်သင်ကြားပေးနိုင်မှုနည်းနေသေးတဲ့ ဒေသများကလည်း တိုင်း၊ ခရိုင် အဖွဲ့များနဲ့ ညှိနှိုင်းဆက်သွယ်ပြီး တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်မှသာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ အသိပညာများ တိုးပွားလာပြီး အရည်အသွေးများလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ရေမြင့်မှကြာတင့်ဆိုသလို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ စွမ်းဆောင်ရည်များ ထက်မြက်ခိုင်မာပြီး တိုးတက် မြင့်မားလာမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စစ်မှုထမ်းဟောင်းများသည် တိုင်းပြည်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ အဖွဲ့ဝင်များ၏ကိစ္စရပ်များကိုဆောင်ရွက်ရင်း ပြည်သူ့အကျိုးစီးပွားကို အထောက်အကူပြုသည့်အဖွဲ့ဖြစ် တပ်မတော်၏အရန်အင်အားအဖြစ် ရပ်တည်ဆောင်ရွက်သွားရန် အလေးအနက်တိုက်တွန်း

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်သိန်းဆွေ၏ ပြန်လည်ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ ဒုတိယနေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ လုပ်ငန်းကဏ္ဍအစုအဖွဲ့များအလိုက် နှီးနှောဖလှယ်ပွဲများအနက် လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်နယ်၊ တိုင်းအသီးသီးရဲ့လုပ်ငန်းဆောင်ရွက်ချက်များနဲ့ အကြံပြုချက် တင်ပြချက်များအပေါ်မှာ အစုအဖွဲ့ကိုယ်စားလှယ်များမှ ယနေ့နံနက်ပိုင်းမှာ အကြံပြုသုံးသပ်ချက်များနဲ့အတူ တွေ့ရှိချက်များကို တင်ပြသွားပြီးဖြစ်ပါတယ်၊ ကိုယ်စားလှယ်ရဲ့ တင်ပြချက်အပေါ်မှာ ဗဟိုစည်းရုံးရေးကော်မတီရဲ့ကိုယ်စား ကျွန်တော်ကပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များရဲ့ ဆွေးနွေးတင်ပြချက်အပေါ်မှာ အစုအဖွဲ့ကဏ္ဍ ကိုယ်စားလှယ်ရဲ့ ပြန်လည်စုစည်းတင်ပြတဲ့ အကြံပြုချက်တွေထဲက အဓိကကျတဲ့အချက်များကိုသာ ကောက်နုတ်ပြီး ပြန်လည်ရှင်းလင်းသွားမှာဖြစ်ပါတယ်။

"လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်ချုပ်သိန်းဆွေက ပြန်လည်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စနစ်တကျဖွဲ့စည်း

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ကျစ်လျစ်ခိုင်မာတဲ့ အရန်အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့အတွက် ကိုယ်ပိုင်စွမ်းရည် ကိုယ်ပိုင်ဂုဏ်ဒြပ်နဲ့ ပြည့်စုံတဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ အဖွဲ့အစည်းကြီးအဖြစ် အစဉ်အမြဲ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ လုပ်ငန်းတာဝန်ကြီး (၅)ရပ်ကို စနစ်တကျဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်စေတာပဲ ဖြစ်ပါတယ်။

လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းဟာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးရဲ့ လုပ်ငန်းတာဝန်ကြီး(၅)ရပ်အနက် တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အများစုဟာ အသက်အရွယ်ကြီးရင့်ကြပြီး ပင်စင်လစာငွေကိုသာ အဓိကအားထားနေကြရသူများဖြစ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ကြီးဟာ ၎င်းတို့ရဲ့ အားထားရာအဖွဲ့အစည်းအဖြစ်အစဉ်တည်ရှိနေရေးအတွက် လူမှုရေးနဲ့ သက်သာချောင်ချိရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ လူမှုရေးနဲ့သက်သာချောင်ချိရေးကဏ္ဍ အရေးကြီးတာနဲ့အမျှ စစ်မှုထမ်းဟောင်း အဖွဲ့ကြီးရဲ့ရှေ့လုပ်ငန်းစဉ်(၇)ရပ်မှာ ထည့်သွင်းဖော်ပြထားသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးရဲ့ အဓိကရည်ရွယ်ချက် (၃)ရပ်မှာလည်း အချက်တစ်ချက်အဖြစ် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ **စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ လူမှုရေးနဲ့သက်သာချောင်ချိရေး ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးနိုင်တာနဲ့အမျှ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးရဲ့ စည်းရုံးလှုပ်ရှားမှုများ ပိုမိုသွက်လက်ထက်မြက်လာမှာဖြစ်ပါတယ်။**

စစ်မှုထမ်းဟောင်းများရဲ့လိုအပ်ချက်တွေကို မှန်ကန်တဲ့လမ်းကြောင်းအပေါ်ကနေ နည်းလမ်းတကျ ဖြည့်ဆည်းပေးခြင်းဟာ ထိရောက်ကောင်းမွန်တဲ့ စည်းရုံးရေးလုပ်ငန်းတစ်ရပ်ပဲဖြစ်ပါတယ်။ သို့မှသာခိုင်မာတဲ့အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းရပ်တည်နိုင်မှာဖြစ်ပါတယ်။

အကျိုးပြုနေဆဲ

စစ်မှုထမ်းဟောင်းများဟာ တပ်မတော်သားများအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အထက်မှပေးအပ်တဲ့အမိန့်နှင့် တာဝန်ဝတ္တရားများကို ဦးလည်မသုန်သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သူများဖြစ်ကြပါတယ်။ အမှုထမ်းသက်တမ်း သတ်မှတ်ချက်နဲ့အခြားသောလူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များအရတပ်မတော်မှ အငြိမ်းစားယူခဲ့ကြပြီးနောက် ပြင်ပအငြိမ်းစားဘဝမှာ စစ်မှုထမ်းဟောင်းတစ်ဦးအဖြစ် ရပ်တည်ပြီး ပင်စင်လစာဖြင့် ကျေနပ်ရောင့်ရဲနေကြရသူများဖြစ်ကြပါတယ်။ သို့ဖြစ်စေကာမူလည်း စစ်မှုထမ်းဟောင်းတစ်ဦးအဖြစ် ပေးအပ်လာတဲ့ တာဝန်နဲ့ဝတ္တရားများကို စွမ်းဆောင်နိုင်မှုအတိုင်းအတာအသီးသီးဖြင့် နိုင်ငံအတွက်အကျိုးပြုနေကြဆဲပင် ဖြစ်ပါတယ်။

စစ်မှုထမ်းဟောင်း အဖွဲ့ဟာ တပ်မတော်ရဲ့ အရန်အင်အားအဖြစ် တပ်မတော်ရဲ့ ကာကွယ်ရေးလုပ်ငန်းတာဝန်များကို တစ်ဖက်တစ်လမ်းမှ ပေါင်းစပ်တာဝန်ယူနေရတဲ့ တပ်မတော်နဲ့ တစ်ဆက်တစ်စပ်တည်း အရှိဆုံးသော (NGO) အဖွဲ့အစည်းတစ်ခုပဲ ဖြစ်ပါတယ်။ အခြားသော (NGO)အဖွဲ့အစည်းများအားလုံးထက် တပ်မတော်ရဲ့အစဉ်အလာကို အသိနားလည်ဆုံးသော ရဲဘော်ရဲဘက်စိတ်အပြည့်ဝဆုံးသော အဖွဲ့အစည်းအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိပါတယ်။

အဖွဲ့အစည်းတစ်ခုအမြဲရှင်သန်နေဖို့ သဘောတရားရှိရမှာဖြစ်ပြီး သဘောတရားအပေါ်အခြေခံတဲ့ စည်းရုံးရေးလုပ်ငန်းလည်းရှိဖို့လိုပါတယ်။ အဖွဲ့အစည်းတစ်ခုရဲ့ ရှင်သန်မှုဟာ ၎င်းရဲ့ မူဝါဒ၊ ယုံကြည်ချက်၊ ခံယူချက်၊ လုပ်ငန်းစဉ်များချမှတ်ပြီး လုပ်ဆောင်နေမှုအပေါ်မှာ မူတည်တဲ့အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေနဲ့၊ ရှေ့လုပ်ငန်းစဉ်များနဲ့၊ လုပ်ငန်းတာဝန်ကြီး(၅)ရပ်ကို အကောင်အထည်ဖော်ရာမှာ ပကတိဖြစ်ပေါ်တိုးတက်ဆောင်ရွက်နေမှု အခြေအနေပေါ်မှာ အခြေခံပြီး စဉ်းစားလုပ်ဆောင်ကြဖို့လိုပါတယ်။

ထည့်သွင်းရေးဆွဲ

တပ်မတော်သားဘဝနဲ့နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြပြီးမှ အငြိမ်းစားယူလာကြတဲ့ ကျွန်တော်တို့ စစ်မှုထမ်းဟောင်းများဟာ အချင်းချင်းရင်းနှီးချစ်ခင်မှုရှိကြဖို့ အထူးလိုအပ်လှပါတယ်။ စစ်မှုထမ်းဟောင်းများရဲ့ ဘဝရပ်တည်ရေးအတွက် သင့်လျော်တဲ့ အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးကြရမှာဖြစ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနဲ့ သူတို့ရဲ့ သားသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထိရောက်သော ကူညီစောင့်ရှောက်မှုများဟာ စစ်မှုထမ်းဟောင်းများအတွက် အထူးမျှော်လင့်အားထားကြတဲ့ လိုလားချက်ပဲဖြစ်ပါတယ်။ **မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အစည်း အဆင့်ဆင့်ရဲ့ ဖွဲ့စည်းမှုများကျစ်လျစ်ခိုင်မာရေး၊ အဖွဲ့ဝင်များရဲ့ လှုပ်ရှားမှုများ သွက်လက် ထက်မြက်ရေးနဲ့ စိတ်ဓာတ် မြင့်မားရေးတို့အတွက် လူမှုရေးနဲ့ သက်သာချောင်ချိရေး အခန်းကဏ္ဍဟာ ပဓာနကျတဲ့ အခန်းကဏ္ဍကနေ အကျိုးပြုနေတာဖြစ်ပါတယ်။** ဒါ့ကြောင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်မှာ စစ်မှုထမ်းဟောင်းများရဲ့သက်သာချောင်ချိရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်ဆိုတဲ့ အချက်ကိုလည်းပဲ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲထားခြင်းပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီး အဘက်ဘက်မှ တောင့်တင်းခိုင်မာရန်မှာ အဖွဲ့ဝင်အင်အား တောင့်တင်းရန်လိုအပ်သကဲ့သို့ စိတ်ဓာတ်ရေးရာအပိုင်းနဲ့ အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုအဘက်ဘက်က တောင့်တင်းခိုင်မာအောင် တည်ဆောက်ရာမှာ ငွေကြေးပြည့်စုံကြွယ်ဝမှုရှိအောင် ဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့များရဲ့ ငွေကြေးတောင့်တင်းရန်မှာ နိုင်ငံတော်မှ ချမှတ်ထားတဲ့ ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်ရန် ခွင့်ပြုထားတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ သက်သာချောင်ချိရေး၊ ရန်ပုံငွေတိုးပွားရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ထူထောင်လုပ်ကိုင်

အဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းတောင့်တင်းမှ အဖွဲ့ဝင်တို့ရဲ့ လူနေမှုဘဝကို မြှင့်တင်နိုင်မှာဖြစ်ပြီး မိသားစုအပေါ်မှာ နောက်ဆံမတင်းရဘဲ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဖွဲ့ပိုင်စီးပွားရေးလုပ်ငန်း တောင့်တင်းစေဖို့ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုအစရှိတဲ့ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ကြရမှာလည်း နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံတဲ့ လုပ်ငန်းများကိုရေတိုရေရှည်ကာလများအလိုက် အမြတ် အစွန်းရရှိအောင် စီမံကြဖို့နဲ့ မိမိအဖွဲ့အစည်းကို အထင်သေးစေမယ့် လုပ်ငန်းများကို ရှောင်ရှားပြီး ပြည်သူများရဲ့အမြင်မှာ ဂုဏ်သိက္ခာရှိတဲ့ စီးပွားရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ကြဖို့ လိုပါတယ်။

လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင် ကြီးကြပ်ရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိသလို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုစည်းရုံးရေးကော်မတီကလည်း တိုက်ရိုက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတာဖြစ်ပါတယ်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးနဲ့ စစ်မှုထမ်းဟောင်းမိသားစုများရဲ့ ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုရေးလုပ်ငန်းတွေမှာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကော်မတီမှ သီးခြားထောက်ပံ့မှုအနေနဲ့ ထောက်ပံ့မှုခြောက်မျိုးဖြစ်တဲ့ ပညာသင် ထောက်ပံ့ကြေးမှာ ဂုဏ်ထူးရသားသမီးများ ထောက်ပံ့ခြင်း ငွေကျပ် ၈၁၃၀၀၀၀၊ တက္ကသိုလ်၊ ကောလိပ်၊ စက်မှုလက်မှု သိပ္ပံကျောင်းတွေမှာ ပညာသင်ကြားနေတဲ့ သား သမီးများ ပညာသင်ထောက်ပံ့ခြင်း ငွေကျပ် ၂၅၂၀၀၀၀၊ ခြေတစ်ဖက်စွန့်နှင့် ခြေနှစ်ဖက်စွန့် မသန်စွမ်း စစ်မှုထမ်းဟောင်းများ ထောက်ပံ့ခြင်း ငွေကျပ် ၁၇၄၀၀၀၀၀၊ ဒူးအောက်ပြတ် မသန်စွမ်း စစ်မှုထမ်းဟောင်းများ ခြေတုတပ်ဆင်ခြင်းနှင့် ခရီးစရိတ် ထောက်ပံ့ခြင်း ငွေကျပ် ၁၀၉၈၀၀၀၀၊ ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ခြင်း ငွေကျပ် ၁၆၄၈၀၀၀၀၀၊ ရန်ကုန်၊ မန္တလေး၊ မကွေးမြို့ရှိ သင်တန်းကျောင်းများနဲ့ ပြည်နယ်၊ တိုင်းများမှာ ဖွင့်လှစ်တဲ့ သင်တန်းများအတွက် ထောက်ပံ့ခြင်း (၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ) ငွေကျပ် ၈၁၂၈၇၈၆၀၊ ပြည်နယ်၊ တိုင်းများရှိ စစ်မှုထမ်းဟောင်း လုံချည်များ ထောက်ပံ့ခြင်း ငွေကျပ် ၂၈၀၈၀၀၀၀ တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟို စည်းရုံးရေး ကော်မတီများမှ ၂၀၀၁ မှ ၂၀၀၄ ခုနှစ်အထိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများကို ထောက်ပံ့ခြင်း ၁၀ မျိုးအတွက် စုစုပေါင်း ငွေကျပ် ၅၁၃၀၂၁၆၈၀ ထောက်ပံ့နိုင်ခဲ့ပါတယ်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီများအနေနဲ့ ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အထိ လူမှုရေးနှင့် သက်သာချောင်ချိရေး ထောက်ပံ့မှုအဖြစ် စုစုပေါင်း ငွေကျပ် ၅၈၇၉၃၉၃၉၂ ထောက်ပံ့နိုင်ခဲ့ကြောင်း တွေ့ရှိပါတယ်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနဲ့ မိသားစုများရဲ့ အလုပ်အကိုင်ရှာဖွေပေးနိုင်မှုအခြေအနေကိုကြည့်ရင် ပြည်တွင်းအလုပ်အကိုင် ရှာဖွေပေးမှုမှာ အရာရှိ ၅၆ ဦး၊ စစ်သည် ၁၇၉ ဦး၊ မိသားစုဝင် ၁၈၂ ဦး စုစုပေါင်း ၄၁၇ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ပါတယ်။

ပြည်ပအလုပ်အကိုင် နေရာချထားမှုအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ သားများ ၁၁၉၀၃ ဦးကို မလေးရှားနိုင်ငံမှာ အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ပါတယ်။

စစ်မှုထမ်းဟောင်းများအဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုကော်မတီမှ တန်ဖိုးနည်းအိမ်ရာများဖော်ထုတ်ဆောက်လုပ် နေရာချထားပေးလျက်ရှိရာမှာ လေးထောင့်ကန်မှာ အိမ် ၁၀၀၊ သာယာကုန်း စံပြရွာမှာ ကိုးအိမ်နဲ့ သဲဖြူရွာမှာ ၁၀ အိမ်ဆောက်လုပ်နေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။

ကြိုးပမ်းဆောင်ရွက်

စစ်မှုထမ်းဟောင်း မိသားစုများ အလုပ်အကိုင်ရရှိခြင်းဟာ မိသားစုသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေတဲ့အတွက် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ ဂဟေ၊ စက်ချုပ်စတဲ့ အသက်မွေးဝမ်းကျောင်းပညာတွေကို လေ့ကျင့် သင်ကြားစေပြီး အလုပ်အကိုင်ရရှိစေခြင်းနဲ့ ပြည်ပအလုပ်အကိုင် ရှာဖွေပေးခြင်းဖြင့် လူနေမှုဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်မှုထမ်းဟောင်းမိသားစုဝင်များရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်မှာ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မှုအပေါ်မှာ တည်မှီလျက်ရှိတဲ့အတွက် အောင်ခြေအဆင့်မှ ဗဟိုအဆင့်အထိ စီးပွားရေးတောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လူမှုရေးနှင့်သက်သာချောင်ချိရေးကိစ္စရပ်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ရန်မှာ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်မှုအပေါ်များစွာ တည်မှီလျက်ရှိပါတယ်၊စီးပွားရေးအခြေအနေကောင်းမွန်တာနဲ့အမျှ လူမှုရေးကိစ္စရပ်များတွင် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များရဲ့ ရုပ်ပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဖြစ်စေရုံသာမက အထက်အဆင့်ဆင့်အပေါ် ယုံကြည်လေးစား ချစ်ကြည်မှုနှင့် ယုံကြည်ကိုးစားမှု ပိုမိုမြဲမြံလာမှာဖြစ်ပါတယ်။

ပြည်နယ်၊ တိုင်းများရဲ့ သက်သာချောင်ချိရေးထောက်ပံ့ပေးနိုင်မှု ပမာဏများကို နှိုင်းယှဉ်ကြည့်ရင် တန်းတူရည်တူ ထောက်ပံ့ပေးနိုင်မှု မရှိကြသေးတာကို တွေ့ရှိရပါတယ်၊ ပြည်နယ်၊ တိုင်းအသီးသီးရဲ့ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အပြန်အလှန်လေ့လာဖလှယ်ကြပြီး စံနမူနာကောင်းများကို လွှဲပြောင်း လက်ခံကျင့်သုံးကြခြင်းအားဖြင့် ခိုင်မာသော ဝင်ငွေရှာဖွေမှုလုပ်ငန်းများ ဖြစ်ပေါ်လာမှာဖြစ်ပြီး တစ်ပြေးညီ ထောက်ပံ့မှုများ ပြုလုပ်သွားနိုင်မှာဖြစ်ပါတယ်။

လမ်းညွှန်မှုရယူ

ယခုဆက်လက်ပြီး လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍနှင့်စပ်လျဉ်းတဲ့ အကြံပြုတင်ပြချက်များကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်၊ အချို့သောပြည်နယ်နှင့်တိုင်းများမှာ စစ်မှုထမ်းဟောင်းများနဲ့ မိသားစုအဖွဲ့ဝင်များရဲ့ နေရေးထိုင်ရေးအဆင်ပြေစေရေးအတွက် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ပြီး နေရာချထားပေးနေတာကို တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ အခြားပြည်နယ်နှင့် တိုင်းများမှာရှိကြတဲ့ အဖွဲ့အစည်းအဆင့်ဆင့်ကလည်း အလားတူလုပ်ရပ်မျိုးကို နမူနာယူ လုပ်ဆောင်သင့်ကြောင်း အကြံပြုထားချက်ဟာ ကောင်းမွန်တဲ့ အကြံပြုချက်တစ်ရပ်လို့ ဆိုချင်ပါတယ်၊ ယခုလို တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်တဲ့လုပ်ငန်းမျိုးတွေမှာ ဗဟိုအဖွဲ့က လိုအပ်တဲ့ ပံ့ပိုးကူညီမှုများပေးဖို့အကြံပြုထားတာနဲ့ပတ်သက်ပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်အဖွဲ့များနဲ့ညှိနှိုင်းပြီး အကူအညီရယူကြဖို့နဲ့ ဖြေရှင်းဆောင်ရွက်ဖို့ ခက်ခဲမှုရှိတဲ့ကိစ္စရပ်များ ရှိလာတဲ့အခါများမှာ ဗဟိုကော်မတီသို့ တင်ပြပြီး အကူအညီနှင့်လမ်းညွှန်မှုများ ရယူသွားကြဖို့ ပြန်ကြားလိုပါတယ်။

ပြည်နယ်၊ တိုင်းအသီးသီးရဲ့ ကူညီပံ့ပိုးငွေနဲ့ ထောက်ပံ့ငွေအချိုးအစား အတိုင်းအဆများဟာ ဒေသတစ်ခုနှင့်တစ်ခု၊ မြို့နယ်တစ်ခုနှင့်တစ်ခု ကွာဟချက်များရှိနေမှာဖြစ်ပါတယ်၊ ဒါဟာလည်း ရင်းနှီးလုပ်ကိုင်တဲ့ ဓနအင်အားနဲ့ စီးပွားရေးလုပ်ငန်းမှ ပြန်လည်ရရှိတဲ့ အမြတ်အစွန်းအတိုင်းအဆအပေါ်မှာ အဓိကမူတည်နေတာဖြစ်ပါ တယ်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်များမှာရှိတဲ့ ရန်ပုံငွေအင်အားနည်းနေတဲ့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များကို ကူညီဖေးမပြီး လက်တွဲခေါ်ဆောင်ဖို့ အကြံပြုချက်ဟာ လျော်ကန်သင့်မြတ်တဲ့ အကြံပြုချက်တစ်ခုပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ပြည်နယ်၊ တိုင်းများအနေနဲ့ မိမိတို့ကွပ်ကဲမှုအောက်မှာရှိတဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ငယ်များရဲ့ ဓနအင်အားတိုးတက်ခိုင်မာလာအောင် တစ်ဖက်တစ်လမ်းက အထောက်အကူပေးခြင်းအားဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့များအတွင်း သက်သာချောင်ချိရေးဆောင်ရွက်ပေးမှု အချိုးအစားများကျဉ်းမြောင်းလာအောင်နဲ့ တစ်ပြေးညီဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်၊ တစ်နည်းအားဖြင့် တင်ပြပါအတိုင်းဆောင်ရွက်ဖို့ အခက်အခဲရှိတဲ့ ပြည်နယ်၊ တိုင်းများအနေနဲ့ သီးခြားရယူလိုတဲ့ အကူအညီများရှိရင်လည်း စိစစ်တင်ပြကြဖို့နဲ့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြ ပေးသွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၆

ILO ၏အနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ထုတ်ပြန်ထားသောအမိန့်ကို ကိုယ်တိုင်ချိုးဖောက် မြန်မာနိုင်ငံကို ဖိအားပေးနိုင်ရန် ပုဆိန်ရိုးမောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေကိုအသုံးချလာ အကြမ်းဖက်သမားကို နိုင်ငံရေးစင်မြင့်ပေါ်တင်ပြီး နိုင်ငံ့အချုပ်အခြာအာဏာကို ထိပါးစော်ကား

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ "ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌဗိုလ်ကြီးမြင့်ဆွေ(အငြိမ်းစား)၏ တင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်တော့်အနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းအစုအဖွဲ့(၅)ရဲ့ကိုယ်စားသုံးသပ်အကြံပြုချက်များကို တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။

စည်းရုံးလှုပ်ရှား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို မှန်မြတ်မှန်ကန်တဲ့ ရည်ရွယ်ချက်(၃)ရပ်နဲ့ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီရည်ရွယ်ချက်များကတော့ (၁) တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို စဉ်ဆက်မပြတ်ခံယူပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်အားကာကွယ်စောင့်ရှောက်သွားရန်၊ (၂) စစ်မှုထမ်းဟောင်းအချင်းချင်းနှင့် စစ်မှုထမ်းဟောင်းသားသမီးများကိုပါ ကူညီစောင့်ရှောက်သွားရန်နဲ့ (၃)အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။ ဒီလိုမှန်မြတ်မှန်ကန်တဲ့ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးဟာ ဗဟို နာယကကြီးဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သြဝါဒနှင့်အညီ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ပြည်နယ်/တိုင်းအသီးသီးအား ဆူကြိုနှိမ့်မြင့်ကွာခြားမှု နည်းပါးစေရန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ကျရာအခန်းကဏ္ဍမှ စည်းရုံးလှုပ်ရှားဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ **တပ်မတော်သားဘဝက နိုင်ငံနှင့် ပြည်သူအတွက် အသက်၊ သွေး၊ ချွေးပေးလှူခဲ့တဲ့ မွန်မြတ်သောစိတ်ဓာတ်ကောင်းရှိပြီးဖြစ်တဲ့ တပ်မတော်သားကောင်းတွေ ဖြစ်ခဲ့ကြပါတယ်။ စစ်မှုထမ်းဟောင်းဘဝမှာလည်း ပြည်သူကို အမျိုးသားနိုင်ငံရေးအမြင်နဲ့ အရှိန်အဟုန်မပျက် ဆက်လက်ကျေးဇူးပြုနေခြင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်မှ အသက်အရွယ်ကြောင့် အငြိမ်းစားယူခဲ့ကြတဲ့ ကျွန်တော်တို့စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ အသက်ကြီးပေမယ့် စည်းကမ်းအရာမှာ နုပျိုနေဆဲဖြစ်ပါတယ်။**

ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့တပ်မတော်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ အခြားတပ်မတော်များနှင့် မတူဘဲ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံဖွဲ့စည်းထားတဲ့ တပ်မတော်ဖြစ်ပါတယ်။ တပ်မတော်ရဲ့အဓိကလုပ်ငန်းတာဝန်(၃)ရပ်ဖြစ်တဲ့ (၁)စစ်တိုက်ရန်၊ (၂)စစ်တိုက်ရန်မရှိက လေ့ကျင့်ရန်၊ (၃)စစ်တိုက်ရန်နှင့် လေ့ကျင့်ရန်မရှိက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် တိကျစွာသတ်မှတ်ထားပြီးဖြစ်တဲ့အတိုင်း လိုက်နာကျင့်သုံးပြီး နိုင်ငံတော်ကာကွယ်ရေး၊ နယ်မြေဒေသလုံခြုံရေးအတွက် ရှေ့တန်းစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နေ

"ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍ"နှင့် စပ်လျဉ်း၍ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်ဆွေ (အငြိမ်းစား)က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ချိန်မှာပင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အခါအခွင့်သင့်တိုင်း ဒေသခံရွာသူရွာသားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

ပြည်သူကိုစည်းရုံးဆောင်ရွက်ရာမှာ အထိရောက်ဆုံး၊ အကျိုးအရှိဆုံး နည်းလမ်းကတော့ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ တစ်နည်းဆိုရင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းကဏ္ဍ(၅)ရပ်ချမှတ်ဆောင်ရွက်ရာမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖွဲ့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အဖွဲ့ခေါင်းဆောင်၊ မြို့တော်ဝန်(မန္တလေး) ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ဒုတိယအဖွဲ့ခေါင်းဆောင်နဲ့ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဗိုလ်မှူးကြီးမောင်ပါ၊ ဗိုလ်မှူးကြီးမျိုးမြင့်တို့ပါဝင်ဖွဲ့စည်းပြီး တစ်နိုင်ငံလုံး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ပြည်သူ့အကျိုးပြု လုပ်ငန်းကို အကြမ်းအားဖြင့်ခွဲကြည့်လျှင် ပြည်သူကို တိုက်ရိုက်အကျိုးပြုသောလုပ်ငန်း၊ ပြည်သူကို သွယ်ဝိုက်အကျိုးပြုသောလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်တားဆီးခြင်း၊ ကယ်ဆယ်ခြင်း လုပ်ငန်းများဆိုပြီး သုံးမျိုးသုံးစားခွဲခြားနိုင်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ပြည်သူကိုတိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများအဖြစ် ကျွန်တော်တို့ဟာ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ အကျိုးပြုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ မြို့ပြ၊ ကျေးလက်သာယာလှပရေး၊ သန့်ရှင်းရေးစတဲ့လုပ်ငန်းများ၊ သောက်သုံးရေရရှိရေး၊ လမ်း၊ တံတား၊ ဆည်မြောင်းစတဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နေကြပါတယ်။ ဖော်ပြပါ လုပ်ငန်းများဟာ ပြည်သူကို ချက်ချင်း အကျိုးသက်ရောက်စေနိုင်တဲ့ လုပ်ငန်းများဖြစ်လို့ ဆက်လက်ပြီး အရှိန်အဟုန်နဲ့တိုးတက်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေ ၇၃ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေ ပြည်သူများဖြစ်ကြပါတယ်။ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ လူဦးရေ အများစုနေထိုင်ကြတဲ့ ကျေးလက် ဒေသများဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်တာကြောင့် နိုင်ငံတော်အကြီးအကဲ အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လမ်းစဉ်ကြီး(၅)ရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ တင်ပြပါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ကြီး(၅)ရပ်ဖြစ်တဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ ကျန်းမာရေးအဆင့်မြှင့်တင်ပေးရေး၊ ကျေးလက်နေပြည်သူများ ပညာရေးအဆင့်မြှင့်တင်ပေးရေးနဲ့ ကျေးလက်စီးပွားရေးအား စိုက်ပျိုးမွေးမြူရေးကို အခြေခံဆောင်ရွက်ပေးရေးတို့နဲ့ ပတ်သက်ပြီး သက်ဆိုင်တဲ့ ဝန်ကြီးဌာနများ၊ အခြားလူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆက်သွယ်ပြီး ဆောင်ရွက်သွားဖို့လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

အလေးထား

ပြည်သူကို သွယ်ဝိုက်အကျိုးပြုလုပ်ငန်းများအနေနဲ့ နိုင်ငံတော်စီမံကိန်းကြီးများတွင် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခြင်း၊ စီမံကိန်းအတွက်လိုအပ်သော ယန္တရား အုတ်၊ သဲ၊ ကျောက် ရရှိရေး၊ မြေသားလုပ်ငန်းများတွင် ပါဝင်ကူညီရေးတို့ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံကိန်းကြီးများဖြစ်တဲ့ မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်း၊ ဆည်တမံကြီးများ တည်ဆောက်ခြင်း၊ စက်ရုံကြီးများ တည်ဆောက်ခြင်းတို့မှာ ဖော်ပြပါလုပ်ငန်းများ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့ အဖွဲ့အစည်းအတွက် ဝင်ငွေရရှိမှာ ဖြစ်သလို မိမိတို့ လုပ်အားပစ္စည်းကြောင့် စီမံကိန်းကြီးများ စောစီးစွာ ပြီးစီး၍ ပြည်သူများ အသုံးပြုနိုင်ပါက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြုရာရောက်မှာဖြစ်တဲ့အတွက် တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများက အလေးထားဆောင်ရွက်ပေးကြပါရန် တင်ပြလိုပါတယ်။

သဘာဝဘေးဒဏ်ကာကွယ် တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ အခြားမိတ်ဖက် အဖွဲ့အစည်းများနည်းတူ တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သဘာဝဘေးဒဏ် ကာကွယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများအနက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းဒဏ် ခံစားခဲ့ရသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာ၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်၊ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်များရှိ ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ငွေကြေးထောက်ပံ့မှုများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

လက်တွဲဆောင်ရွက်

အလားတူ ၂၀၀၄ ခုနှစ် ဇူလိုင်လ မိုးရာသီကာလအတွင်း ဧရာဝတီမြစ်ရေ ထူးကဲစွာတက်ရောက်လာမှုကြောင့်မန္တလေးမြို့နေလူဦးရေရှစ်သိန်းခန့် ရေနစ်မြုပ်မည်ကို စိုးရိမ်ထိတ်လန့်ခဲ့ကြပါတယ်။ မန္တလေးမြို့နေပြည်သူလူထုများ ရေဘေးအန္တရာယ်မှ ကင်းဝေးစေရန် တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ယာဉ်ယန္တရားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် မန္တလေး ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့များ ပူးပေါင်း၍ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ရက်ပေါင်း ၂၀ခန့် နေ့ရောညပါ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသဖြင့် မန္တလေးမြို့ရှိ ပြည်သူလူထု ရေဘေးအန္တရာယ်မှ ကင်းဝေးလွတ်မြောက်ခဲ့ပါတယ်။ ရေဘေး၊ လေဘေး၊ မီးဘေးစတဲ့ သဘာဝဘေးအန္တရာယ်များကျရောက်ခံစားရတဲ့အခါမှာ ပြည်သူတွေဟာ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးကြရလို့ စိတ်နှလုံးပူဆွေးကြေကွဲနေကြပါတယ်။ ဒီအချိန်မှာ သူတို့ကို ဂရုတစိုက်ပြုစုစောင့်ရှောက် ထိန်းသိမ်းပေးသူများကို ကယ်တင်ရှင်များအဖြစ်မှတ်ယူသွားတတ်ကြပါတယ်။ "**တစ်လုတ်စားဖူး သူ့ကျေးဇူး**"ဆိုတဲ့ ဆိုရိုးစကား အတိုင်း တစ်သက်လုံး ကျေးဇူးရှင် မိတ်ဆွေ စစ်များအဖြစ် သတ်မှတ်တတ်ပါတယ်။ အဆိုပါ ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲပြီး အားကြိုးမာန်တက် ဆောင်ရွက်ကြပါလို့ တိုက်တွန်းတင်ပြလိုပါတယ်။

ဆက်လက်ပြီး ညီလာခံ ၂၀၀၁ နောက်ပိုင်း ဆောင်ရွက်ခဲ့တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများအပေါ် သုံးသပ်တင်ပြလိုပါတယ်။ ညီလာခံ ၂၀၀၁ နောက်ပိုင်း ၂၀၀၂ခုနှစ်တွင် ၃၀၉၃ ကြိမ်၊ ၂၀၀၃ခုနှစ်တွင် ၂၈၃၉ကြိမ်၊ ၂၀၀၄ခုနှစ်တွင် ၂၆၁၀ကြိမ်၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ၆၂၈ကြိမ် ဆောင်ရွက်နိုင်ခဲ့တာတွေ့ရပါတယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ကချင်ပြည်နယ်မှာ ၅၈၉ကြိမ်၊ ကယားပြည်နယ် ၁၃၆ ကြိမ်၊ ကရင်ပြည်နယ် ၄၃၇ကြိမ်၊ ချင်းပြည်နယ် ၂၈၄ကြိမ်၊ စစ်ကိုင်းတိုင်း ၄၄၄ကြိမ်၊ တနင်္သာရီတိုင်း ၂၁၉ကြိမ်၊ ပဲခူးတိုင်း (အရှေ့) ၈၀၁ကြိမ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) ၈၇၉ကြိမ်၊ မကွေးတိုင်း ၁၉၅ကြိမ်၊ မန္တလေးတိုင်း ၁၀၆၄ကြိမ်၊ မွန်ပြည်နယ် ၂၁၃ကြိမ်၊ ရခိုင်ပြည်နယ် ၁၆၅ကြိမ်၊ ရန်ကုန်တိုင်း ၁၂၄၆ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၈ကြိမ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၃၄၇ကြိမ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၁၀ကြိမ်နှင့် ဧရာဝတီတိုင်း ၁၁၀၅ ကြိမ်၊ စုစုပေါင်း ၈၅၄၂ကြိမ် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

အချိန်မီပို့

အကြိမ်အရေအတွက် ကွဲပြားခြားနားခြင်းအား လေ့လာပါက ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုပြန်တမ်းများ အချိန်နှင့်တစ်ပြေးညီ ပေးပို့မှုမရှိတာကိုလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့စစ်မှုထမ်းဟောင်းအဖွဲ့များဟာ ပြည်သူနှင့် တစ်သားတည်းဖြစ်စေရေးမှာ အဓိကအရေးပါတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အလေးထားပြီး တိုးတက်အောင် ဆောင်ရွက်ဖို့ လိုသလို ပြန်တမ်းများကိုလည်း မှန်မှန်ကန်ကန် အချိန်မီပေးပို့ကြပါရန် တင်ပြလိုပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးရဲ့ စုပေါင်းဆောင်ရွက်တတ်မှု၊ အများအကျိုးသယ်ပိုးလိုစိတ် ဆန္ဒပြင်းပြမှုများကို တင်ပြလိုပါတယ်။ ငယ်စဉ်ကတည်းက လူကြီးသူမများရဲ့ အဆုံးအမနဲ့ ကျွန်တော်တို့ ယုံကြည်ခံယူလာကြတာဟာအများအကျိုးအတွက် ဆောင်ရွက်ရင်ယခုဘဝသာမကနောင်သံသရာဘဝ ဆက်တိုင်းမှာလည်း ကောင်းကျိုးချမ်းသာရရှိလိမ့်မယ်လို့ ယုံကြည်ခံယူထားကြပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမမှာ တာဝတိံသာနတ်ပြည်မှ သိကြားမင်းဟာ ဦးမာဃဘဝတုန်းက လူ့ပြည်မှာ လမ်းဖောက်၊ တံတားဆောက်ခဲ့လို့ သိကြားမင်းဘဝက နတ်စည်းစိမ်ခံစားရတယ်လို့ သာသနာရေးဆိုင်ရာ စာအုပ်စာစောင်များမှာ ရေးသားထားသည်ကို တွေ့ရှိရပါတယ်။ ရေလှူတယ်ဆိုရင်လည်း ရေ အကျိုး၁၀ပါးမတောင်းဘဲ ပြည့်တယ်လို့ ယုံကြည်ထားကြပါတယ်။ ဒါကြောင့်မို့ ရေအလှူရှင်ပေါင်း ၁၃၅၅ ဦး က ငွေကျပ်၁၀၅၃ဒသမ၀၆၇သန်း လှူဒါန်းပြီး တစ်နိုင်ငံလုံး ရေတွင်းပေါင်း၁၇၉၃တွင်း တူးဖော်နေကြသလို မြို့ရွာများမှာ လမ်းတံတားများကိုလည်း စုပေါင်းလုပ်ဆောင်နေကြပါတယ်။ ဒါ့အပြင် သာရေး၊ နာရေး၊ လူမှုရေးတွေမှာလည်း စေတနာသဒ္ဓါတရားအလျောက် စုပေါင်းဆောင်ရွက်နေကြတာ အများအသိပဲဖြစ်ပါတယ်။ ဒီလိုစေတနာကို အရင်းခံပြီး ကုသိုလ်ရေး ဒါနပြု ဆောင်ရွက်နေကြတဲ့ လုပ်ငန်းကို ငွေကြေးနဲ့ တန်ဖိုးဖြတ်ခဲ့ရင် စေတနာ သဒ္ဓါတရားကို စော်ကားခံရတယ်လို့ မှတ်ယူကြပါတယ်။ စေတနာသဒ္ဓါတရားကို အရင်းတည်ပြီး ဆောင်ရွက်ခဲ့တဲ့ လမ်းတွေ၊ တံတားတွေ၊ ရေတွင်း၊ ရေကန်တွေ၊ စေတီပုထိုးတွေ ကျွန်တော်တို့နိုင်ငံမှာ လက်ညှိုးထိုးမလွဲ ပေါများလှပါတယ်။

ကြိုးပမ်းနေ

နိုင်ငံတော်ရဲ့ အကျိုးကို ဆန့်ကျင်ပြီး အစိုးရလုပ်ရပ်ကို အကောင်းမမြင်ဘဲ နိုင်ငံရေးပါတီအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ

စာမျက်နှာ ၁၄ ကော်လံ ၄ သို့

အနောက်အုပ်စုဝင် အင်အားကြီးနိုင်ငံများဟာ အိုင်အယ်လ်အိုစင်မြင့်ကို အလုပ်သမားကိစ္စများ အတွက်သာမကဘဲ မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာကို နာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် လက်ရှိတပ်မတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်နိုင်အောင် နိုင်ငံရေးစင်မြင့် တစ်ခုအဖြစ် အသုံးချလာတာကို လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ တွေ့မြင်နေရ။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်

ပြည်သူ့အကျိုးပြုသောလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းလုပ်ဆောင်

လုပ်ငန်းများဆောင်ရွက်ရာတွင် တိုက်ရိုက်လုပ်ငန်းသာမက သွယ်ဝိုက်လုပ်ငန်းများလည်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ဆက်လက်ကျင်းပရာ "ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီးသိန်းညွန့်၏ ပြန်လည်ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်လို့ ၂၀၀၁ ခုနှစ် ညီလာခံကျင်းပပြီးနောက် ၂၀၀၂ ခုနှစ်တွင် ၃၀၉၃ကြိမ်၊ ၂၀၀၃ခုနှစ်တွင် ၂၈၃၉ ကြိမ်နှင့် ၂၀၀၄ ခုနှစ်တွင် ၂၆၁၀ကြိမ် စုစုပေါင်း ၈၅၄၂ကြိမ် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်နိုင်မှုများမှာ ကချင်ပြည်နယ် ၅၈၉ ကြိမ်၊ ကယားပြည်နယ် ၁၃၆ ကြိမ်၊ ကရင်ပြည်နယ် ၄၃၇ ကြိမ်၊ ချင်းပြည်နယ် ၂၈၄ ကြိမ်၊ စစ်ကိုင်းတိုင်း ၄၄၄ကြိမ်၊ တနင်္သာရီတိုင်း ၂၁၉ ကြိမ်၊ ပဲခူးတိုင်း(အရှေ့) ၈၀၁ ကြိမ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) ၈၇၉ ကြိမ်၊ မကွေးတိုင်း ၁၉၅ ကြိမ်၊ မန္တလေးတိုင်း ၁၀၆၄ ကြိမ်၊ မွန်ပြည်နယ် ၂၁၃ ကြိမ်၊ ရခိုင်ပြည်နယ် ၁၆၅ ကြိမ်၊ ရန်ကုန်တိုင်း ၁၂၄၆ ကြိမ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၈ ကြိမ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၃၄၇ ကြိမ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၁၀ ကြိမ်နှင့် ဧရာဝတီတိုင်း ၁၁၀၅ ကြိမ် အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆောင်ရွက်နိုင်မှုအပေါ် စိစစ်ကြည့်ပါက ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတို့ဟာ အများဆုံးဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ကျန်ပြည်နယ်နှင့်တိုင်းများမှလည်း အဆိုပါ တိုင်းများကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းအား ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အလေးထား

"ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီး သိန်းညွန့်က ပြန်လည်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားရန်နှင့် အစီရင်ခံစာများကိုလည်း အချိန်မီပေးပို့ တင်ပြသွားကြရန် အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

သုံးသပ်တင်ပြ

နှစ်အလိုက် ဆောင်ရွက်နိုင်မှု အခြေအနေကို သုံးသပ်ပါက ၂၀၀၂ ခုနှစ်တွင် အကြိမ်ရေအများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၂၅၄ ကြိမ် လျော့နည်း၍လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ယခင်နှစ်ကထက် ၂၂၉ ကြိမ် လျော့နည်း၍ လည်းကောင်း ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ၂၀၀၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ၂၆၁၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ရာ မြို့နယ်ပေါင်း ၃၁၃ မြို့နယ်အတွက် တစ်မြို့နယ်လျှင် ပျမ်းမျှ ၈ဒသမ၃၃ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့သဖြင့် မြို့နယ် တစ်ခုလျှင် တစ်နှစ်ရှစ်ကြိမ်သာ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တစ်နှစ်ထက်တစ်နှစ် အကြိမ်ရေ လျော့နည်းလာသည့်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်း

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအကြား ရင်းနှီးချစ်ခင်မှုကို တိုးပွားစေပြီး အသိပညာများဖလှယ်ခြင်းနဲ့ အဖွဲ့အသီးသီးရဲ့ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တိုးတက်ဖြစ်ထွန်းမှုရရှိရေး၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်မှု အခွင့်အလမ်းများ ရရှိနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံနဲ့ တွေ့ဆုံဆွေးနွေးပွဲများကို နှစ်စဉ်(သို့မဟုတ်) နှစ်နှစ်တစ်ကြိမ် ကျင်းပသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

တိုးချဲ့ပေး

ဆက်လက်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တိုးမြှင့်ဆောင်ရွက်ရမယ့် လုပ်ငန်းများကိုလည်း တင်ပြလိုပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ဟာ လူမှုရေးနဲ့ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရမယ့်အပြင် အသက် မွေးဝမ်းကျောင်းပညာရပ်များဖြစ်တဲ့ ဆံပင်ညှပ်လုပ်ငန်း၊ အလှပြင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အထွေထွေပစ္စည်းအရောင်းဆိုင်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ စတာတွေကို တိုးချဲ့ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

ဆက်လက်ပြီး အထူးအဆိုပြုချက်(၂)ရပ်ကို ဒီညီလာခံမှာ တင်သွင်းသွားမှာဖြစ်ပါတယ်။ ပထမတစ်ချက်ကတော့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေနဲ့ လုပ်ငန်းတာဝန်(၅)ရပ်ဖြစ်တဲ့ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူကြားက ၁၉သန်းကျော်သော မျိုးဆက်သစ်လူငယ်များနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စတဲ့အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိတယ်လို့ အနောက်နိုင်ငံများက မတရားစွပ်စွဲလျက်ရှိနေတာကို တွေ့ရပါတယ်။ ဒီလိုစွပ်စွဲချက်တွေဟာ ကျွန်တော်တို့ တပ်မတော်အစိုးရ လက်ထက်ကျမှ ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ တပ်မတော်အစိုးရအပေါ် မလိုလားတဲ့အတွက် စွပ်စွဲခြင်းဖြစ်ပါတယ်။ အနောက်နိုင်ငံများဟာ မျိုးချစ်တပ်မတော်အစိုးရကို ၎င်းတို့ကြိုးကိုင်နိုင်တဲ့ လူပုဂ္ဂိုလ်၊ အုပ်စုတို့နှင့်အစားထိုးပြီး မြန်မာနိုင်ငံရဲ့အနာဂတ်ကို ၎င်းတို့လိုရာ ဖန်တီးနိုင်ဖို့ ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ ဒီလိုလုပ်ရပ်များကို လက်မခံနိုင်ပါ။ ပြင်းထန်စွာ ကန့်ကွက်ပါတယ်။ အခြေအနေမှန်ကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ တပ်မတော်အစိုးရလက်ထက်မှာ တိုင်းသူပြည်သားအားလုံး လူ့အခွင့်အရေးခံစားနိုင်ဖို့အတွက် အတတ်နိုင်ဆုံး ကြိုးပမ်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်မတော်အစိုးရလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ကာ နှစ်ပေါင်းများစွာ ပျောက်ကွယ်ခဲ့တဲ့ ငြိမ်းချမ်းရေးကို ရယူနိုင်ခဲ့ပြီး တိုင်းသူပြည်သားအားလုံးက ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်များကို ခံစားနေရတာကို တွေ့မြင်နိုင်ပါတယ်။ ဒီလို တပ်မတော်အစိုးရရဲ့ လူ့အခွင့်အရေးအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်းကို အနောက်နိုင်ငံများက အသိအမှတ်မပြုဘဲ မျက်ကွယ်ပြုခဲ့ကြပါတယ်။

ကျွန်တော်တို့ တပ်မတော်အစိုးရဟာ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဦးတည်ချက်(၁၂)ရပ်ကို နိုင်ငံနဲ့အဝန်း စနစ်တကျအကောင်အထည်ဖော်နေကြပါတယ်။ ဒီလို အကောင်အထည် ဖော်ခြင်းဟာ တိုင်းသူပြည်သားအားလုံးရဲ့ အခြေခံလူ့အခွင့်အရေးများ၊ အခြေခံစားဝတ်နေရေးနဲ့ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်တယ်ဆိုတာကို အားလုံးသိပြီးဖြစ်ပါတယ်။ ဒီလုပ်ဆောင်ချက်တွေကို အနောက်နိုင်ငံများက အသိအမှတ်မပြုလိုပါ။

စွပ်စွဲပုတ်ခတ်

ကျွန်တော်တို့အမိနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်း၁၀၀ကျော် မှီတင်းနေထိုင်ပါတယ်။ ဝေးလံခေါင်ပါးတဲ့ နယ်စပ်ဒေသရှိတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးအတွက် **တပ်မတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတစ်ရပ် တည်ထောင်လျက် တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ကိုလိုနီခေတ်အမွေဆိုးဖြစ်တဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်းကိုလည်း ထိရောက်စွာ တားဆီးနှိမ်နင်းနေပြီဖြစ်ပါတယ်။ ဒီအောင်မြင်မှုများကိုလည်း အနောက်နိုင်ငံများက သိလျက်သားနဲ့ အသိအမှတ် မပြုတဲ့အပြင် စွပ်စွဲပုတ်ခတ်လျက်ရှိပါတယ်။**

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံ တောင်ပေါ်နှင့် မြေပြန့်၊ မြို့ပြနှင့် ကျေးရွာ **ကွာဟမှုများ ကျဉ်းမြောင်းပပျောက်**ရေးအတွက် တပ်မတော်အစိုးရက **စီမံကိန်းကြီးများ စနစ်တကျချမှတ်ပြီး** အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ **တက္ကသိုလ်များ၊** ကျောင်းများ၊ ဆေးရုံများ တည်ဆောက်ဖွင့်လှစ်ပေးခြင်း၊ လမ်းမကြီး**များ ဖောက်လုပ်ခြင်း၊ တံတားများ** တည်ဆောက်ခြင်း၊ ဆည်မြောင်း တာတမံများ တည်ဆောက်ပေးခြင်းများကို နိုင်ငံအတွင်းရှိ တိုင်းသူပြည်သား **တစ်ရပ်လုံး တိုးတက်သာယာဝပြော**ရေးအတွက် ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားနဲ့ အပတ်တကုတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို **ဆောင်ရွက်နေတာတွေကို အနောက်နိုင်ငံများက နိုင်ငံရေးအတွက် ဖိအားပေးတဲ့အနေနဲ့ အခြေအနေမှန်များကို လျစ်လျူရှုကာ ၎င်းတို့လိုလားတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအာဏာရရေးကိုသာ ရည်ရွယ်ပြီး မဟုတ်မမှန် တစ်ဖက်သတ်စွပ်စွဲနေတာ လုံးဝလက်မခံပါဘူး။ ဒါ့ကြောင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စား လုံးဝ ကန့်ကွက် ရှုတ်ချပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။**

ဆက်လက်ပြီး ဒုတိယ အထူးအဆိုပြုချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ လာမည့် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မယ့် **"မြန်မာအမျိုးသမီးများနေ့"**နှင့်စပ်လျဉ်းပြီး ဆန့်ကျင်ဘက် အဖွဲ့အစည်းအချို့ရဲ့ မလျော်မကန်တဲ့လုပ်ရပ်အပေါ် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ အရေးပါအရာရောက်မှုနဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင် အောင်မြင်မှုများကို ထောက်ခံကြိုဆိုကြောင်း ပဏာမ တင်ပြလိုပါတယ်။ ဒီအဖွဲ့ဟာ သက်ဆိုင်ရာ အမျိုးသမီးထုတစ်ရပ်လုံးအတွက် ခိုင်ခိုင်မာမာဖွဲ့စည်းလှုပ်ရှားလာတဲ့ လူထုလူတန်းစား(NGO) အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။

ပြောင်းလဲဖွဲ့စည်း

၁၉၉၅ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် နိုင်ငံတကာ အမျိုးသမီးညီလာခံကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံတိုင်းမှာ အမျိုးသားအဆင့်ယန္တရားတစ်ခု ဖွဲ့စည်းဆောင်ရွက်သွားဖို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီနောက် ၁၉၉၈ခုနှစ် ဇူလိုင်လ၃ရက်နေ့က စတင်ပြီး အဲ့ဒီနေ့ကို "မြန်မာအမျိုးသမီးများနေ့"လို့ သတ်မှတ်ပေးခဲ့ပါတယ်။ နှစ်စဉ်လဲ ဒီမြန်မာအမျိုးသမီးများနေ့ကို အလေးအနက်ထား ကျင်းပခဲ့ပါတယ်။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာတော့ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံရှိလူဦးရေဟာ ၅၄ဒသမ၂၉သန်းဖြစ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးဦးရေဟာ ၂၇ဒသမ၂၃သန်းဖြစ်တယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ လူဦးရေ ထက်ဝက်ကျော်ဟာ အမျိုးသမီးထုဖြစ်ပါတယ်။ အဲ့ဒီအမျိုးသမီးများကို ကိုယ်စားပြုပြီးတော့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ အဲဒီ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက သတ်မှတ်ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံအမျိုးသမီးများနေ့သာလျှင် မြန်မာနိုင်ငံရှိလူဦးရေထက်ဝက်ကျော်ဖြစ်တဲ့ အမျိုးသမီးထုတစ်ရပ်လုံးကို အမှန်တကယ်ကိုယ်စားပြုတဲ့နေ့ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် ချီးမွမ်း သတ်မှတ်ထားတဲ့နေ့၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ထူးခြားတဲ့ လက္ခဏာကို မြှောက်ပင့်တဲ့အနေနဲ့ မြန်မာနိုင်ငံ အမျိုးသမီးများနေ့လို့သတ်မှတ်ချင်တာကို ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က တရားဝင်သတ်မှတ်ခဲ့တဲ့ မြန်မာနိုင်ငံ အမျိုးသမီးများနေ့ ဇူလိုင်လ၃ရက်နေ့ကို ထောက်ခံကြိုဆိုကြပါတယ်။ "နှစ်(၆၀)ပြည့် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့၊ မြန်မာနိုင်ငံအမျိုးသမီးများနေ့ (၁၉–၆–၂၀၀၅)"လို့ ဖော်ပြထားတဲ့ စာတမ်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အဝင်မှာ ဇွန်လ၁၉ရက်က ချိတ်ဆွဲခဲ့ပါတယ်။

ဒါဟာ မလုပ်သင့်မလုပ်ထိုက်တဲ့အပြင် မလျော်ကန်တဲ့လုပ်ရပ်လဲဖြစ်ပါတယ်။ အမျိုးသမီးများနေ့ဆိုတာ တစ်ဦးတစ်ယောက်တည်းကို အမွှမ်းတင် ဂုဏ်ပြုမြှောက်စားသတ်မှတ်တဲ့ အနေအထားမျိုး မဖြစ်သင့်ပါဘူး။ မြန်မာနိုင်ငံမှာ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးတွေ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးတွေမှာ ရဲစွမ်းသတ္တိပြောင်မြောက်စွာနဲ့ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ အမျိုးသမီးသူရဲကောင်းစံပြထိုက်တဲ့သူတွေ အများကြီးရှိခဲ့ကြပါတယ်။ မြန်မာ့သမိုင်းမှာ အထင်အရှား သမိုင်းမော်ကွန်းတင်ထားတာတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလို ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးသူရဲကောင်းတွေကို ကိုယ်စားပြုဂုဏ်ပြုပြီး မြန်မာနိုင်ငံ အမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့ခြင်းမရှိပါဘူး။ ထိုသို့ သတ်မှတ်ခြင်းဟာလဲ မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ရှိတဲ့ မြန်မာအမျိုးသမီးထုကို ကိုယ်စားပြုခြင်း မဟုတ်ဘူးဆိုတာကို ပြောကြားလိုပါတယ်။

ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့လို့ သတ်မှတ်ချင်တာကတော့ အမြင်မတော် ဆင်တော်နှင့်ခလောက်၊ မလျော်ကန်မသင့်မြတ်တဲ့အပြင် ယုတ်ညံ့တဲ့ ကိုလိုနီနယ်ချဲ့ရဲ့ အကြံဉာဏ်ပဲဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ချင်တာဟာ ကိုလိုနီလက်သစ် နယ်ချဲ့တွေရဲ့ နပ်ကြောင်းပေးမှုအပေါ်မှာ မူတည်ပြီး နယ်ချဲ့အလိုတော်ကျလိုက်ကာ လုပ်ချင်တဲ့လုပ်ရပ်ပဲဖြစ်တယ်ဆိုတာကို ထင်ထင်ရှားရှား ထောက်ပြပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံအမျိုးသမီးများရဲ့ ထူးခြားတဲ့ စွမ်းရည်တို့ကို အသိအမှတ်ပြုလေးစားသောအားဖြင့် ဇူလိုင်လ ၃ရက်နေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့လို့ သတ်မှတ်ခဲ့တာကို အထူးဂုဏ်ပြုကြိုဆိုပါကြောင်း လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဟာ အဖွဲ့ရဲ့ အခြေခံလုပ်ငန်းစဉ်များကို အစဉ်အမြဲခံယူကျင့်သုံးရင်း စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းနှင့် ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ခိုင်မာအောင် အမျိုးသားနိုင်ငံရေးလမ်းစဉ်ကို မြဲမြံစွာ စွဲကိုင်လျက် စည်းရုံးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့နဲ့ ပြည်သူလူထုအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ နယ်စပ်ဒေသအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး လူမှုရေး၊ စီးပွားရေး ပြိုင်တူဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တပ်မတော်ရဲ့ အမာခံအင်အားစုများအဖြစ် ဆက်လက်ပါဝင်လှုပ်ရှားဖို့လဲ လိုပါတယ်။ တစ်ဖက်မှာလဲ တပ်မတော်သားများရဲ့ ရဲဘော်ရဲဘက်စိတ်ဓာတ်ကို ဆက်လက်မြှင့်တင်လျက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မိသားစုဝင်များရဲ့ စီးပွားရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးကဏ္ဍများကို ဆက်လက်လုပ်ဆောင်နေရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးခဲ့တဲ့ လုပ်ငန်းရပ်များထဲက အားသာချက် အားနည်းချက်များကို နှိုင်းယှဉ်လေ့လာပြီး အားနည်းချက်များကို ပြုပြင်သွားရမှာဖြစ်ပါတယ်။ ထို့မျှသာမက လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးကြပ်မတ်ပြီး ဆုပေးဒဏ်ပေးစနစ်ကို လက်တွေ့ကျကျ ကျင့်သုံးဖို့နဲ့ ငွေပဒေသာပင်စိုက်ထူပြီး မိသားစုများရဲ့ လူမှုရေးလိုအပ်ချက်အလိုက် ထောက်ပံ့ပေးမှုများ ခံစားနိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အစည်းအဆင့်ဆင့်က စစ်မှုထမ်းဟောင်းများနဲ့ မိသားစုများရဲ့ အရေးကိစ္စများနဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးရဲ့ အရေးကိစ္စများကို ရဲဘော်ရဲဘက်စိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးနေတာကို တွေ့ရတဲ့အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်ရကြောင်းပြောကြားလိုပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ အဓိကအရန်အင်အားဟူသောခံယူချက်ဖြင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ **(သတင်းစဉ်)**

စာမျက်နှာ ၁၃ မှ

များမှ ယခုထက်ပိုမို၍ အလေးထား ဆောင်ရွက်သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း မြို့ပြများတွင်သာ ကျန်းမာရေးနှင့်ဆိုင်သောလုပ်ငန်းများ၊ မြို့ပြသာယာလှပရေးနှင့်ဆိုင်သောလုပ်ငန်းများ၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးနှင့်ဆိုင်သော လုပ်ငန်းများတွင်သာ အများစု ဆောင်ရွက်နေတာကိုတွေ့ရှိရပြီး၊ကျေးလက်ဒေသများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်မှုနည်းပါးနေသေးတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၃ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်ဒေသအား မြို့ပြနှင့်မခြားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲမှ ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ် (၅) ရပ်အား ပြဋ္ဌာန်းဆောင်ရွက်စေလျက်ရှိပါတယ်။ ကျွန်တော်တို့ **စစ်မှုထမ်းဟောင်းအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ကျေးလက်ဒေသတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် အခြားမိတ်ဖက် အဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက် သွားသင့်ကြောင်း** သုံးသပ် အကြံပြု တင်ပြအပ်ပါတယ်။

အထူးသဖြင့် ကျေးလက်ဒေသအတွင်း အထူးလိုအပ်နေသော လမ်း၊ တံတားများ တည်ဆောက်ပြုပြင်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက် ပေးခြင်းတို့အား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသင့်ပါတယ်။ အလျဉ်းသင့်လို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ အနီးကပ် ကြီးကြပ် ကွပ်ကဲမှုဖြင့် ဗဟိုဌာနချုပ်၏ ကျေးလက်ဒေသ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား အောက်ပါအတိုင်းတင်ပြလိုပါတယ်–

(က) ဗဟိုဌာနချုပ်မှ အပူပိုင်းဒေသ ရေရရှိရေးစီမံကိန်းအတွက် ငွေကျပ် ၁၀ သိန်းစီ ၃ကြိမ် လှူဒါန်းခဲ့ပြီး မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် စီထိန်းကျေးရွာ၊ လက်ပံကားလျားကျေးရွာ၊ ထန်းလေးပင်ကျေးရွာနှင့် သာပေါင်း ကျေးရွာတို့တွင် တစ်နာရီ ရေဂါလန် ၁၂၀၀ ထွက်ရှိသော စက်ရေတွင်းလေးတွင်းကိုလည်းကောင်း၊

(ခ) ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကွင်း စံပြကျေးရွာ၊ ပိန္နဲကုန်းစံပြကျေးရွာနှင့် စစ်မှုထမ်းဟောင်း စံပြကျေးရွာတို့တွင် တစ်နာရီ ရေဂါလန် ၁၀၀၀ထွက်ရှိသော လေးလက်မ စက်ရေတွင်း လေးတွင်းကိုလည်းကောင်း၊

(ဂ) ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သဲဖြူရွာအဝင် ပေ ၁၅၀၀ အရှည်ရှိ ဂဝံလမ်းကိုလည်းကောင်း၊

(ဃ) ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သဲဖြူရွာနှင့် ပိန္နဲကုန်းရွာ ပေ၃၅၀၀အရှည်ရှိ ဂဝံလမ်းကိုလည်းကောင်း၊

(င) ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သဲဖြူရွာ၊ ညောင်တံခါးရွာနှင့် ပိန္နဲကုန်းရွာများ ဆက်သွယ်သော ပေ ၁၆၂၀၀အရှည်ရှိ မြေသားလမ်းကိုလည်းကောင်း၊

(စ) ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သဲဖြူကျေးရွာ မူလတန်းလွန်ကျောင်းကိုလည်းကောင်း အသီးသီး တည်ဆောက်လှူဒါန်းဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဗဟိုဌာနချုပ်မှ ဆောင်ရွက်ခဲ့သော ဖော်ပြပါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့အကျိုးပြု လုပ်ငန်းများအား စံနမူနာယူ၍ ပြည်နယ်၊ တိုင်း၊ ခရိုင် ကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီများလည်း အလားတူ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့အကျိုးပြု လုပ်ငန်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်သွားကြရန် တိုက်တွန်းတင်ပြလိုပါတယ်။

အားကြိုးမာန်တက်ဆောင်ရွက်

ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအဖွဲ့များအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာမှာ ပြည်သူကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည့် အကျိုးပြုလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ မြို့ပြနှင့် ကျေးလက် သာယာလှပရေး လုပ်ငန်းများ၊ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူသို့ သွယ်ဝိုက်အကျိုးပြု လုပ်ငန်းများအနေဖြင့် နိုင်ငံတော် စီမံကိန်းကြီးများတွင် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့် ယန္တရားများ ရရှိရေးလုပ်ငန်း၊ အုတ်သဲကျောက် ရရှိရေးလုပ်ငန်း၊ မြေသားလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအားလည်း အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါတယ်။

ရေဘေး၊ လေဘေး၊ မီးဘေး စတဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြုံတွေ့ရတဲ့ ပြည်သူများအနေနဲ့ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခြင်းများ ခံစားရပြီး၊ စိတ်နှလုံး ညှိုးနွမ်းပူဆွေးသောက ရောက်ကြရစမြဲဖြစ်ပါတယ်။ ဒီအချိန်မှာ ဒုက္ခခံစားရသူများရှေ့မှ မားမားမတ်မတ် ရပ်တည်ပြီး ကယ်ဆယ်စောင့်ရှောက်သူများအား မိတ်ဆွေစစ် မိတ်ဆွေမှန် ကျေးဇူးရှင်များအဖြစ် မှတ်ယူလေ့ရှိကြပါတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့များအနေဖြင့် ယခုလို ဘေးဒုက္ခကြုံတွေ့တိုင်း ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလေ့ရှိပါသည်။ သာဓကအနေဖြင့် တင်ပြရပါက ၂၀၀၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းဒဏ် ခံစားခဲ့ကြရသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင် ရှိကျေးရွာများ၊ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ရှိ ကျေးရွာများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ငွေကြေးထောက်ပံ့မှုများကို မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာ ဆောင်ရွက်ခဲ့ကြပါတယ်။

အလားတူ ၂၀၀၄ခုနှစ် ဇူလိုင်လမိုးရာသီအတွင်း ဧရာဝတီမြစ်ရေ ထူးကဲစွာတက်ရောက်မှုကြောင့် မန္တလေးမြို့နေ လူဦးရေ ၈သိန်းခန့် ရေနစ်မြုပ်မည့်အန္တရာယ်ဘေးမှ ကင်းဝေးစေရန် တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ရေဘေးကာကွယ်ရေး လုပ်ငန်းများကို ရက်၂၀ခန့် နေ့ရောညပါ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့မှုကြောင့် မန္တလေးမြို့ ရေဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့တာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ အတွေ့အကြုံများကို နမူနာယူ၍ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် မိမိတို့ဒေသတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ဘေးအန္တရာယ် ကျရောက်လာပါက ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများအား စနစ်တကျ စီမံချက်များရေးဆွဲပြီး အားကြိုးမာန်တက် ဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့်ရှင်းလင်းတင်ပြလိုတာက စစ်မှုထမ်းဟောင်းအဖွဲ့များဟာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာတိုက်ရိုက်အကျိုးပြုတဲ့ လုပ်ငန်းများသာမက သွယ်ဝိုက်အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်သွားကြဖို့လိုအပ်ပါတယ်။ မိမိတို့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများကိုလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်သို့ လစဉ်မပျက်မကွက် လဆန်းပထမပတ်အရောက် တင်ပြပေးဖို့ တိုက်တွန်း မှာကြားလိုပါတယ်။ ပြည်သူ့အကျိုးပြု လုပ်ငန်းများ လုပ်ဆောင်မှု အရေအတွက်များကိုလည်း လစဉ်ပိုမိုလုပ်ဆောင်နိုင်အောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်
၃၀–၆–၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အိုလံပစ်အားကစားချန်ပီယံများ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	စိုက်ပျိုးအောင်မြင် စပျစ်ပင်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	မှတ်ပုံတင်ကစကြရအောင်
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	ရှင်နှောင်းကျောင်းရောက်ပြီ
၁၀း၁၀	Star Album (2)
၁၀း၄၅	မြန်မာ့သဘော်ကျင်းလုပ်ငန်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိလေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၂ မှ

များက အခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဝမ်းမသာနိုင်ဘဲ အဓမ္မအလုပ်ခိုင်းစေမှုများ ကျူးလွန်နေတယ်လို့ အမှန်တကယ် ဖြစ်သယောင် လီဆယ်တိုင်ကြားမှုများ ပြုလုပ်နေခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် **အိုင်အယ်လ်အို** ပူးပေါင်း ဆောင်ရွက်နေတာကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကျဆင်းဖို့ အစိုးရယန္တရားကိုပျက်ပြားအောင် ကြိုးပမ်းနေခြင်းသာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ် မေလမှာ **အိုင်အယ်လ်အို**ရဲ့ (၅၅)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့အတွက် အဖွဲ့ဝင် ၁၇၈နိုင်ငံရှိပြီ ဖြစ်တဲ့ ယနေ့အချိန်မှာ မြန်မာနိုင်ငံဟာ **အိုင်အယ်လ်အို** ရဲ့ သက်တမ်းရင့် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်နေပါပြီ။ ဒါပေမယ့် အနောက်အုပ်စုဝင် အင်အားကြီးနိုင်ငံများဟာ **အိုင်အယ်လ်အို** စင်မြင့်ကို အလုပ်သမားကိစ္စများအတွက်သာမကဘဲ မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာကိုနာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် လက်ရှိတပ်မတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်နိုင်အောင် နိုင်ငံရေးစင်မြင့် တစ်ခုအဖြစ် အသုံးချလာတာကို လယ်ပြင်မှာဆင်သွားသလို ထင်ရှားစွာ တွေ့မြင်နေရပါတယ်။

အရေးပေါ်ဆုံးဖြတ်

အိုင်အယ်လ်အိုအဖွဲ့မှ တစ်ဆင့် မြန်မာနိုင်ငံကို ဖိအားပေးမှုများ ပြုလုပ်နိုင်ရန်အတွက် ပြည်ပအားကိုး ပုဆိန်ရိုး မောင်မောင် (ခေါ်)ပြည်သစ်ညွန့်ဝေကို အသုံးချလာတာ တွေ့ရှိရပါတယ်။ ၁၉၉၉ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် (၈၇)ကြိမ်မြောက် **အိုင်အယ်လ်စီ** ညီလာခံ၌ပင် မြန်မာနိုင်ငံ၏အပြုသဘော ဆောင်ရွက်ချက်အပေါ် အသိအမှတ်ပြုလက်ခံခြင်းမရှိဘဲ **အိုင်အယ်လ်အို** စုံစမ်းရေးကော်မရှင်၏ ဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း မရှိဟုဆိုပြီး အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉) အကောင်အထည်ဖော်ရေးလုပ်ငန်းများအတွက်မှတစ်ပါး မြန်မာနိုင်ငံကို မည်သည့်အကူအညီကိုမျှ မပေးရန်**အိုင်အယ်လ်အို**ကကြီးမှူးကျင်းပသည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများသို့ မြန်မာနိုင်ငံအား ဖိတ်ကြားခြင်းမပြုရန် အရေးပေါ်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါတယ်။

အိုင်အယ်လ်အို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအပိုဒ်(၃)အရ အိုင်အယ်လ်အို အထွေထွေညီလာခံသို့ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသော်လည်း အကြမ်းဖက်အဖျက်သမား တရားခံပြေး ပြည်သစ်ညွန့်ဝေကို အိုင်အယ်လ်အိုအစည်းအဝေးသို့ တက်ရောက်ခွင့်ပြုနေခြင်းသည် အိုင်အယ်လ်အိုအနေဖြင့် မိမိ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသောအမိန့်ကို မိမိကိုယ်တိုင်ချိုးဖောက်ကာ အကြမ်းဖက်သမားကို နိုင်ငံရေးစင်မြင့်ပေါ်သို့တင်ပြီး သိဒ္ဓိတင်ပေး သကဲ့သို့ဖြစ်နေပြီး ကျွန်တော်တို့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးသကဲ့သို့ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကိုလည်း စော်ကားရာရောက်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ယင်းလုပ်ရပ်များကို ကြည့်လျှင် အိုင်အယ်လ်အို အဖွဲ့သည် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ပြည်သူအတွက် မည်သည့်အကျိုးတစ်ခုမျှ မရှိတော့တာမို့ နိုင်ငံတော်အစိုးရအား အိုင်အယ်လ်အိုအဖွဲ့ကနုတ်ထွက်ဖို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးမှတစ်ဆင့် လေးနက်စွာအဆိုပြု တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

နိဂုံးချုပ် တင်ပြလိုတာကတော့ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒ လမ်းညွှန်ချက်များကို ကျွန်တော်တို့အဖွဲ့ကြီးရဲ့လုပ်ငန်းလမ်းညွှန်ချက် အဖြစ်ခံယူပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမယ့်အခြေအနေ၊ အချိန်အခါနှင့်အညီ ပြည်သူအတွက် အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများကို ဦးစားပေးအဆင့်ခွဲ၍ ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများဟာ စစ်မှုထမ်းဟောင်းအဖွဲ့အပေါ်မှာ ယုံကြည်အားကိုးစိတ်များ ဖြစ်ပေါ်လာပြီး အခြားကဏ္ဍများကိုလည်း အထောက်အကူပြုသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လာမည့်နှစ်များတွင် ယခုထက် ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ **(သတင်းစဉ်)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၅၀ နေ
ဦးထင်လင်း–ဒေါ်စုလှိုင်ထွေး(အထက–၂၊ စမ်းချောင်း)တို့၏သားကြီး

မောင်သံလွင်လင်းဦး Dip. in French (Paris), Dip.in Airline Management
Emirates Airline International, Dubai U.A.E

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၉၆ နေ
(ဦးစောလှသိန်း၊ မန်နေဂျာ–ငြိမ်း၊ ကုန်သွယ်/လယ်ယာ)–ဒေါ်ခင်သန်း(မန်နေဂျာ–ငြိမ်း၊ မြန်မာ့ကုန်တိုက်)
တို့၏သမီးငယ်

မခင်ညိုညိုငြိမ်း B.Sc. Phy.(Q)
Emirates Airline International, Dubai, U.A.E

တို့၏ ၂၅–၆–၂၀၀၅ရက် (စနေနေ့)တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၏ဇနီး ဒေါ်မြမြဝင်း၊ ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြရင်တို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ ဖျော်ဖြေတီးခတ်ပေးသော Auroraတီးဝိုင်းနှင့် တေးသံရှင်များ၊ မင်္ဂလာလက်ထပ် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသက်ဖြူဖြူအောင်၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော မယဉ်မွန်(ယဉ်မွန်ရတနာ–ဗိုလ်ချုပ်ဈေး)၊ မှတ်တမ်းတင် ဗီဒီယိုနှင့်ဓာတ်ပုံ စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ Traders Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သံလွင်လင်းဦး–မခင်ညိုညိုငြိမ်း။

စာမျက်နှာ ၁၁ မှ

ပြည်နယ်နှင့်တိုင်းများတွင် စစ်မှုထမ်းဟောင်းသင်တန်းများ တိုးချဲ့ ဖွင့်လှစ်နိုင်မှုဟာလည်း ကျေနပ်အားရဖွယ် ဖြစ်ကြောင်း တွေ့ရှိရပါတယ်၊ ဒါပေမယ့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီးတစ်ခုလုံးရဲ့ အတိုင်းအတာနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ သင်တန်းဖွင့်လှစ်နိုင်မှုအရေအတွက်နဲ့တက်ရောက်သင်ကြားနိုင်မှုပမာဏ နည်းပါးနေသေးတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားပေးတဲ့နေရာမှာ အရည်အချင်း ပြည့်ဝလာအောင် အချိန်ယူလေ့ကျင့်သင်ကြားဖို့လည်း လိုပါတယ်။ ဒါမှသာ လုပ်ငန်းထူထောင် လုပ်ကိုင်နိုင်သည်အထိ ဦးဆောင်လုပ်ကိုင်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်လာကြမှာဖြစ်ပါတယ်။ အလားတူစွာ ပြည်ပအလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးနိုင်မှုကို ကြည့်မယ်ဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာအရ အရေအတွက် နည်းပါးနေတယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ဒါ့ထက်မက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ညှိနှိုင်းဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကြီးကို နှစ်စဉ်ကျင်းပသင့်ကြောင်း အကြံပြုချက်နဲ့ ပတ်သက်လို့ကတော့ စဉ်းစားသင့်သည့် အကြံပြုချက်တစ်ရပ်အဖြစ် မှတ်သားထားမှာဖြစ်ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီသို့ တင်ပြပေးမှာဖြစ်ကြောင်း ပြန်ကြားလိုပါတယ်။

ကိုယ်စားလှယ်များက နိုင်ငံတော်ရဲ့အကျိုး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်ရဲ့အကျိုးကိုရှေးရှုပြီး အဖွဲ့ဝင်များရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် အကြံပြု တင်ပြသွားကြတာကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီရဲ့ ကိုယ်စားအထူးပဲ ကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်။ ကျယ်ပြန့်လေးနက်လှတဲ့ အဖွဲ့ဝင်တို့ရဲ့ လူနေမှုဘဝတိုးတက်ရေးအစီအစဉ်တွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးတည်ဆောက်မှု အစီအစဉ်တွေနဲ့ တစ်ဆက်တစ်စပ်တည်းယှဉ်တွဲလျက်ရှိနေပါတယ်။ အဖွဲ့ကြီးရဲ့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လာတာနဲ့အမျှ အဖွဲ့ဝင်များရဲ့ လူနေမှုနဲ့ သက်သာချောင်ချိရေးလုပ်ငန်းရပ်များကို ကျယ်ကျယ်ပြန့်ပြန့်၊ မြင့်မြင့်မားမား ဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာတင်ပြခဲ့တဲ့ အကြောင်းအရာများဟာ လက်ငင်းဖြေရှင်းပြန်ကြားနိုင်တဲ့ လုပ်ငန်းတာဝန်တွေရှိသလို ဗဟိုစည်းရုံးရေးကော်မတီအဆင့်ဆင့်မှာ ညှိနှိုင်းအဖြေရှာပြီးမှဆောင်ရွက်ပေးရမယ့်လုပ်ငန်းများလည်းပါရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များဟာ တပ်မတော်မှ အငြိမ်းစားယူခဲ့ကြပြီးသည့်တိုင် တိုင်းပြည်ကာကွယ်ရေးအတွက် ပေးအပ်လာတဲ့တာဝန်နဲ့ ဝတ္တရားများကို ဦးလည်မသုန်ကြိုးပမ်းဆောင်ရွက်ကြဆဲ ပုဂ္ဂိုလ်များဖြစ်တာနဲ့အညီ စစ်မှုထမ်းဟောင်းများနဲ့ ၎င်းတို့မိသားစုများရဲ့ဘဝ တိုးတက်မြင့်မားရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ လူမှုရေးကိစ္စရပ်များသည် စည်းရုံးရေးကဏ္ဍ၏ သော့ချက်ဖြစ်သည်ဆိုသောအချက်ကို အမြဲထာဝစဉ် နှလုံးသွင်းပြီး စစ်မှုထမ်းဟောင်းများနဲ့ မိသားစုများရဲ့ လူမှုရေးနှင့်သက်သာချောင်ချိရေးကိစ္စရပ်များကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်ရင်းနဲ့ တစ်ဖက်မှလည်း ပြည်သူများရဲ့ အကျိုးစီးပွားကို အထောက်အကူပြု ပြီး သိက္ခာရှိတဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်းကောင်း၊တပ်မတော်ရဲ့ အရန်အင်အားစုတစ်ရပ်အဖြစ်လည်းကောင်း ရပ်တည်ဆောင်ရွက်သွားကြပါလို့ အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။ ယနေ့ ရှင်းလင်းပြောကြားချက်များနဲ့စပ်လျဉ်းပြီး ပြည့်ပြည့်စုံစုံ သိလို၍ဖြစ်စေ၊ ထပ်မံအကြံပြု တင်ပြလို၍ဖြစ်စေ ပုံမှန်အစီရင်ခံစာများ၊ အထူးအစီရင်ခံစာများနဲ့တင်ပြနိုင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို
အမြို့မြို့အနယ်နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ဇွန် ၁၁ရက်က မိုးကောင်းမြို့နယ် နမ့်တီးကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်ပြည်သူများ အခြေခံပညာမူလတန်းကျောင်း(အလီကုန်း) ၌ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက် ကြစဉ်။ (၄၁၆)

၂၀၀၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို
ပုလဲမြို့တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပုလဲ ဇွန် ၂၀

၂၀၀၅ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀နာရီက ပုလဲ–ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၂၃/၄)မှ (၂၄/၆) လက်တောင်းကြီး စံပြကျေးရွာနှင့် မကျီးကန်ရွာအကြား လမ်းဘေး ဝဲ/ယာ ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေနှင့် အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတက်တိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လက်တောင်းကြီး၊ကုက္ကိုစု၊ မုန်ကြိုင်းနှင့် မကျီးကန်ရွာတို့မှ ပြည်သူများတက်ရောက်ကြသည်။

တပျော်တပါးစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ငြိမ်းက စိုက်၊ ပျိုး၊ ထိန်း၊ သုံး လုပ်ငန်းကြီးလေးရပ်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌဦးမြင့်ကြည်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ငြိမ်းတို့က အရိပ်ရသစ်ပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသည့် လူမှုရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးလက်ပြည်သူများက အော်ရီးရှား၊ တမာ၊ မဲဇလီ၊ မဟော်ဂနီ၊ ပနားမားငု၊ စိန်ပန်းနီ၊ သစ်ဆိမ့်နှင့် ကျွန်းစသည့် သစ်ပင်မျိုးစုံ ၁၁၀၀ကို တပျော် တပါး စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဇနိဗ္ဗာမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ဇနိဗ္ဗာ ဇွန် ၂၄

ဇနိဗ္ဗာမြို့နယ်၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၈ ရက်က ဇနိဗ္ဗာမြို့ပတ်လမ်း၊ သပြုကျေးရွာ လင်ဗန်းကျလမ်း၊ ရေလဲချောင်းဖျားလမ်း၊ ညောင်ချောင်း–တော်ဝလမ်း၊ ဇီးဖြူကုန်း–ငါးဘတ်အိုင်လမ်း၊ မြို့ပေါ်အထက၊ ရွှေကူအထက(ခွဲ)၊ သပြုအထက(ခွဲ)တို့တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးတင့်လွင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှစိန်နှင့် အဖွဲ့ဝင်၊အသင်းဝင်များက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်များ၊ အခြားလူမှုရေးအသင်း အဖွဲ့များမှ ခေါင်းဆောင်များနှင့် အသင်းအဖွဲ့ဝင်များ၊ သစ်တော ဦးစီးဌာနမှ ဦးကိုကိုထွန်းနှင့်မြို့နယ် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်ဌာန ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမ ကြီးများနှင့် ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၃၅၀ တို့က အာသောက၊ မဟော်ဂနီ၊ သစ်ဆိမ့်၊ ရေတမာ၊ မသီ သရက်နှင့် အခြားပန်း အလှပင်များ စုစုပေါင်း ၅၈၀၀ ကျော် ကို တပျော်တပါးစုပေါင်း စိုက်ပျိုးကြကြောင်းသိရသည်။

(အောက်ပုံ) **(၀၈၅)**



ဖျာပုံမြို့နယ် အခြေခံပညာ မူလတန်းကျောင်း
စာသင်ဆောင်များခြင်ဆေးဖျန်း၊ ရေမြောင်းဆယ်ယူ

ဖျာပုံ ဇွန် ၂၅

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မီးသတ်ဝန်ထမ်းများသည် (၅)ရပ်ကွက်အတွင်းရှိ အမှတ်(၇)အခြေခံ ပညာမူလတန်းကျောင်း၌ ဇွန် ၂၂ရက်က စာသင်ဆောင်များအတွင်းသို့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ၊ ကျောင်းရှေ့ မြက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းတို့ကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်က ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၅၈)**

မိတ္ထီလာမြို့ ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းရပ်ကွက် ကန်ဖြတ်လမ်း
ငွေကျပ် ၅၄ သိန်းအကုန်အကျခံ ပြုပြင်ဖောက်လုပ် ဆောင်ရွက်ခဲ့

မိတ္ထီလာ ဇွန် ၁၀

မိတ္ထီလာမြို့ ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းရပ်ကွက် ကန်ဖြတ်လမ်းမှာ မိတ္ထီလာ–ကျောက်ပန်းတောင်းသွား ကားလမ်းမကြီးတွင် ယာဉ်များ သွားလာမှု လွယ်ကူစေရန်အတွက် အနေးယာဉ်များဖြစ်သည့် ထော်လာဂျီနှင့် မြင်းလှည်းများအတွက်သတ်မှတ်ထားသောလမ်းဖြစ်သည်။ ထိုလမ်းမှာ မိုးရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးသွားသဖြင့် အနေးယာဉ်များဖြစ်သည့် ထော်လာဂျီနှင့် မြင်းလှည်းများမှာ မိတ္ထီလာ–ကျောက်ပန်းတောင်းသွား ကန်ကူးတံတားမှဖြတ်သန်းသွားလာနေသဖြင့် မော်တော်ယာဉ်များသွားလာမှု နှောင့်နှေးစေသည်။

ထို့ကြောင့် မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန်း ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လမ်းအင်ဂျင်နီယာ ဦးစိုးနိုင်၏ ကြီးကြပ်မှုဖြင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် ပျက်စီးသွားသည့် ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းရပ်ကွက် ကန်ဖြတ် လမ်းကို ဧပြီ ၈ရက်ကစတင်၍ အလျား ပေ၁၅၀၊ အမြင့် ၁၂ ပေ၊ အကျယ်ပေ ၂၀ ရှိ ကန်ဖြတ်လမ်းမအား အချင်းသုံးပေ၊ အလျားပေ ၂၀ရှိ ရေပြွန်နှစ်လုံးခံ၍ ငွေကျပ် ၅၄ သိန်း အကုန်အကျခံ ပြုပြင်ဖောက်လုပ် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုံးဝပြီးစီးသွားပြီဖြစ်သည်။ ကန်ဖြတ်လမ်း ပြုပြင်ဖောက်လုပ်ပြီးစီး သဖြင့် အနေးယာဉ်များ၊ ဈေးသည်များနှင့် ဈေးဝယ်များ လွယ်ကူစွာဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၁၄)

ပုလဲမြို့ ဆုတောင်းပြည့်စေတီ ဘက်စုံပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

ပုလဲ ဇွန် ၂၆

မုံရွာခရိုင်ပုလဲမြို့ ပုပ္ပာကျေးရွာတွင် ရှေးဟောင်းရွှေဘုံသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သဖြင့် ရပ်ဝေး ရပ်နီးမှ ပါရမီရှင် အပေါင်းတို့သည် နယ်လှည့်သာသနာပြု လူမှုထူးချွန် ပထမဆင့် ဆရာတော်ချင်းတွင်း အရှင်ကလျာဏ–(မော်လမြိုင် ဓမ္မရက္ခိတကျောင်း) ပုပ္ပာကျေးရွာ ဆရာတော် ဘဒ္ဒန္တပညာတိက္ခနှင့် ပုပ္ပာကျေးရွာ ဥက္ကဋ္ဌတို့သို့ အလှူရှင်များ ပါဝင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုသင်တန်းဖွင့်ပွဲကျင်းပ

ချောင်းဦး ဇွန် ၁၀

စစ်ကိုင်းတိုင်း မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုသင်တန်း(၁/၂၀၀၅) ဖွင့်ပွဲကို ဇွန် ၁ ရက်က ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာခရိုင် အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(ဝဲပုံ)** သင်တန်းကို ဖွင့်လှစ်ရာ မြို့ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအား ခရိုင်အတွင်းရေးမှူးက သင်တန်းပို့ချသည်။

သင်တန်းပို့ချ

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဆက်စပ်သည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအား ခရိုင် ဥပဒေအရာရှိ ဦးမောင်မောင်လင်းက လည်းကောင်း၊ အများပြည်သူပိုင် ငွေကြေးများကိုင်တွယ် ထိန်းသိမ်းမှု နည်းစနစ်များကို မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်အေးမြကြည်က လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် မြေနုကျွန်းအငြင်းပွားမှုဆိုင်ရာကိစ္စရပ် များအား မြို့နယ်မြေစာရင်းအရာရှိ ဦးကြည်က လည်းကောင်း၊ ဆည်မြောင်း တာတမံဆိုင်ရာ ကိစ္စရပ်များနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆည်မြောင်းဦးစီးဌာန ခရိုင် ဦးစီးအရာရှိဦးခင်မောင်သိုက လည်းကောင်း သင်တန်းပို့ချပေးကြသည်။ **(က–ပ)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်က မိုင်းဖြတ်မြို့ ပြည်သူ့ပန်းခြံတွင် လှပမှုရှိစေရန်အတွက် သွပ်ဆူးကြိုးကာ ဝင်းခြံပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးကိုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မကွေးခရိုင် ပြန်/ဆက် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကျင်းပ

မကွေး ဇွန် ၂၆

မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကိုဇွန် ၂၁ရက်က ခရိုင်ရုံးစာကြည့်တိုက် ခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝေလင်းက ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးဝေလင်းက မူလတန်းဆင့် ၁၁ ဦး၊ အလယ်တန်းဆင့် ခြောက်ဦး၊ အထက်တန်းဆင့် ရှစ်ဦး၊ အဆင့်မြင့်တန်း ၁၀ ဦး တို့အတွက် ခရိုင်အတွင်းရှိ မြို့နယ်ရုံးများကိုယ်စား မကွေးမြို့နယ် ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းသို့ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေါက်ခေါင်းမြို့တွင် ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် ပြည်–တောင်ငူ လမ်းမကြီး တစ်လျှောက် မြို့အဝင် လမ်းဘေးကပ်တုံးပြုလုပ်ခြင်းလုပ်ငန်းကို ဇွန် ၈ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အောင်ပန်းမြို့မှ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

အောင်ပန်း ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့မ အထွေထွေ စီးပွားရေး လုပ်ငန်း သမဝါယမအသင်း (လီမိတက်)၏ ၂၀၀၄–၂၀၀၅ခုနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၁ ရက်က အသင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ၂၀၀၄ – ၂၀၀၅ ခုနှစ် အတွက်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအမှုဆောင် ဦးမောင်မောင်အေး နှင့် အဖွဲ့ဝင်များက ရှင်းလင်းတင်ပြပြီး အတည်ပြုကြသည်။

ထို့နောက်အသင်းသားများ၏ တင်ပြအကြံပြုချက်များကိုပြန်လည်ဖြေကြားကြသည်။ **(ဝ၉၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဟိုပင်မြို့တွင် မြောင်းအလှ တိုးချဲ့စိုက်ပျိုး

ဟိုပင် ဇွန် ၃

ဟိုပင်မြို့တွင် ခေတ်မီ စံပြမြို့ အင်္ဂါရပ်များနှင့် ပြည့်စုံကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေး အဖွဲ့တာဝန်ခံဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ဂျပန်မြက်ခင်းနှင့် မြေခင်းအလှတိုးချဲ့ စိုက်ပျိုးခြင်းကို မေ ၂၇ ရက်က စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁–၇–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဝါယာကြိုးမျိုးစုံထုတ်လုပ်မှု အကြောင်း)

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဇီးတစ်ပင်လုံး ဆေးအသုံး)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အချစ်ပြစ်ဒဏ်ခံပြီးအပြန်)

ညနေပိုင်း

၁၆:၃၀ ထီပေါက်စဉ်

၁၇:၃၀ မေတို့ရေးရာ သိမှတ်စရာ (မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရင်သွေးငယ်များဖွံ့ဖြိုးမှုနှင့် ကလေးများကို ပြုစုပျိုးထောင်ပေးခြင်းအကြောင်း)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၁၅ ကျေးလက်ဇာတ်လမ်း (အလေးဂရုပြုစရာ မိုးတွင်းချိန်ခါ)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှုရှာပုံတော်–ဒုတိယပိုင်း) (မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့(အောင်စေကာလပေါ်တူရိယာအဖွဲ့)

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇေယျာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိကမ်းနားလမ်းတစ်လျှောက်တွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရာ ဇွန် ၁၈ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းသိုက်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၂၆၅)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၄–၇–၂၀၀၅ (တနင်္လာနေ့)

- ❑ Tramsltion Studies
  - မဟာဝိဇ္ဇာ အရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု
- ❑ Psycholinguistics
  - ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

၅–၇–၂၀၀၅ (အင်္ဂါနေ့)

- ❑ What is Resources?
  - မဟာဝိဇ္ဇာ မဟာအရည်အချင်းစစ် ဂုဏ်ထူးတန်းများ ဝိဇ္ဇာဘာသာရပ်အားလုံး
- ❑ Intra-ASEAN Socio- Economic and Security Co-operation
  - သမိုင်း ပထမ၊ ဒုတိယ၊ တတိယနှစ် ဂုဏ်ထူးတန်း မဟာအရည်အချင်းစစ် ကျောင်းသား၊ ကျောင်းသူများ

၆–၇–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ❑ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဥပဒေနှင့် နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ
  - အများပြည်သူ
- ❑ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေအထူးပြု အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ

၇–၇–၂၀၀၅ (ကြာသပတေးနေ့)

- ❑ ပုစွန်အကြောင်း သိကောင်းစရာ
  - အများပြည်သူများ
- ❑ Soaps and Detergents (Soaps)
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ
- ❑ Detergents
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

၈–၇–၂၀၀၅ (သောကြာနေ့)

- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြုအဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ
- ❑ - Methods of Intergration
  - ပထမနှစ် သိပ္ပံနေ့ ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၉–၇–၂၀၀၅ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၀–၇–၂၀၀၅ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်(၉၀)၊ကံဘဲ့လမ်း၊ရန်ကင်း၊ရန်ကုန်မြို့
Ph;-(951)578470,565142,Fax;(951)5784
E-mail-mpe.myr@mptmail.net.mm,www.myanmarpearl.com

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က) ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း – ၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်မှ (၁၄)ရက်အထိ (၁၀း၀၀)နာရီမှ(၁၆း၀၀)နာရီထိ

(ခ) တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း – ၂၀၀၅ခုနှစ်၊ဇူလိုင်လ(၁၅)ရက် နံနက်(၀၉း၀၀)နာရီ

(ဂ) ပုလဲရောင်းချပွဲကျင်းပမည့်နေရာ – သီရိရတနာခန်းမ၊ သတ္တုတွင်း ဝန်ကြီးဌာန အမှတ်(၉၀)ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့

(ဃ) အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် – ၅၇၁၀၃၈၊၅၇၈၄၇၀၊၅၆၂၈၉၈

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

မင်္ဂလာညစာစားပွဲ ကျင်းပပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်မှူးကေသန်းထွင့်(ငြိမ်း)ဒေါ်အေးအေးမြတို့၏သားကြီး
ဒေါက်တာနေမျိုးထွဋ် (M.B.,B.S)
Chiton- Medical Centre- Darliston (Jamaica) နှင့်
ရန်ကုန်မြို့နေ ဦးကျော်သိန်း(လက်ထောက် အထွေထွေ မန်နေဂျာငြိမ်း) ကုန်သွယ်/ပုံနှိပ်– ဒေါ်ကြည်ကြည်မြ(အလယ်တန်းကျောင်းအုပ်–ငြိမ်း) တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာအိအိသိန်း (M.B.,B.S)
Savanna LA. MHR Hospital. Westmoreland. Negril Hill. Jamaica

တို့သည် ၂၂–၅–၂၀၀၅ရက် (တနင်္ဂနွေနေ့) တွင် Negril Hill Golf Club Negril Hill Westmoreland Jamaica၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ မင်္ဂလာ ညစာစားပွဲကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာနေမျိုးထွဋ်–ဒေါက်တာအိအိသိန်း။

ထိမ်းမြားလက်ထပ်မင်္ဂလာနှင့် မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းမြင့်–ဒေါ်မြင့်မြင့်ကျော်(ဖေယျာဝင်းပွဲရုံ–ဘုရင့်နောင်နှင့် ဖေယျာဝင်းဆီစက်–မြင်းခြံစက်မှုဇုန်)တို့၏သားကြီး
ဒေါက်တာဉာဏ်မျိုးဝင်းမြင့် M.B., B.S (Ygn)
နှင့်
မြင်းခြံမြို့နေ ဦးမျိုးအောင်–ဒေါ်သန်းနု(ဟသ်ာပွဲရုံ)တို့၏သမီးထွေး
ဒေါက်တာအိအိအောင် M.B., B.S (Mdy)

တို့၏ ၁၉–၅–၂၀၀၅ရက်တွင် ကျင်းပသော လက်ထပ်မင်္ဂလာ အခမ်းအနားနှင့် ၆–၆–၂၀၀၅ ရက်နေ့တွင်မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောမိဘဆွေမျိုး ဂုဏ်သရေရှိလူကြီးမင်း အပေါင်းတို့အားလည်းကောင်း၊ ၂၅–၆–၂၀၀၅ရက်တွင်ရန်ကုန်မြို့ Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီအားလည်းကောင်း၊ ဒုတိယရှေ့နေချုပ်နှင့်ဇနီးအားလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဇနီးအားလည်းကောင်း၊ အထူးကုဆရာဝန်ကြီးနှင့် ဇနီးအားလည်းကောင်း၊ သူငယ်ချင်းဆရာဝန်များအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများအားလည်းကောင်း၊ တောင်သာမြို့နယ် အသင်းသူ၊ အသင်းသားများအားလည်းကောင်း၊ 1977 Nov: Bath Mech: Engg: ကျောင်းဆင်း သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ စည်ကားသိုက်မြိုက်စွာ ကြွရောက်အားပေးချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဉာဏ်မျိုးဝင်းမြင့်–ဒေါက်တာအိအိအောင်။

အမည်ပြောင်း

မိတ္ထီလာမြို့ အထက(၁) ပဥ္စမတန်း (ဂ) မှ ဗိုလ်မှူးမျိုးဝင်းညွန့်၏ သမီး မခိုင်စုသွင်အား မဆုရှွန်းလဲ့ဖူးဟု ပြောင်းလဲခေါ်ပါရန်။

မဆုရှွန်းလဲ့ဖူး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘအ/၂၅၃၅ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(ဘားအံ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ဘားအံ)။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် စောဆိုးအယ်ဒိုPP-448498/CDC-55296 ကိုင်ဆောင်သော 4-TICKET လက်မှတ်သည် ၂၀–၆–၂၀၀၅ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း–၅၄၃၄၀၈။

အမည်ပြောင်း

အဖဦးသိန်းထွင့်၏သမီး မဇာခြည်နွယ် မှတ်ပုံတင်အမှတ်၁၂/အလန (နိုင်) ၀၀၂၆၄၇ အား ဆုလာဘ်ထွန်းဟု လည်းကောင်း၊ မသက်ဆုခိုင် Grade 9 အထက (၃) ပန်းဘဲတန်းအား စုလဲ့တင်ဟု ခေါ်ပါရန်။

အမွေစားအမွေခံ သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်တင်မောင်စိုး မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၇၂၈၇၃ သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင် ဖြစ်ပေါ်လာမည့် တာဝန်များကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဦးအိစမိုးစံလ် AK ၁၁၈၈၃၆
ဒေါ်ဘောဒီ ၁၂/မဂတ(နိုင်)၀၃၁၂၀၃
အမှတ်(၁၁၈)၊ ၉၁ လမ်း၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ပညာရေးဘွဲ့(ဘီ၊ အီး၊ ဒီ)စာပေးစာယူ ၂ နှစ်သင်တန်း၊

အမှတ်စဉ်(၂၅) ဝင်ခွင့်စာမေးပွဲကျင်းပမည့်အစီအစဉ် ကြေညာချက်

၁။ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာရေးဘွဲ့(ဘီ၊အီး၊ဒီ)စာပေးစာယူ ၂နှစ်သင်တန်း၊ ဝင်ခွင့်စာမေးပွဲကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက သတ်မှတ်ထားသော စာစစ်ဌာနများတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

စဉ်	ကျင်းပမည့်ရက်စွဲ	နေ့	အချိန်	ဘာသာရပ်
၁။	၅–၁၂–၂၀၀၅	တနင်္လာနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	မြန်မာစာ
၂။	၆–၁၂–၂၀၀၅	အင်္ဂါနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	အင်္ဂလိပ်စာ
၃။	၇–၁၂–၂၀၀၅	ဗုဒ္ဓဟူးနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	သင်္ချာ
၄။	၈–၁၂–၂၀၀၅	ကြာသပတေးနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ရူပဗေဒ/ပထဝီဝင်
၅။	၉–၁၂–၂၀၀၅	သောကြာနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ဓာတုဗေဒ/သမိုင်း
၆။	၁၀–၁၂–၂၀၀၅	စနေနေ့	၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ	ဇီဝဗေဒ/ဘောဂဗေဒ

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ စီစဉ်ပို့ချသော အလယ်တန်းဆရာအတတ်သင်တန်း (အချိန်ပြည့်/စာပေးစာယူ/ ပညာရေးကောလိပ်အခြေပြု) သို့မဟုတ် PGDT သို့မဟုတ် PGDMA သင်တန်းအောင် လက်မှတ်ရ ဆရာ ဆရာမများသည် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ (ဘီ၊အီး၊ဒီ)စာပေးစာယူ ၂နှစ်သင်တန်း ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းပညာရေးမှူးရုံးသို့ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၁၄ ရက်(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

(က) အလယ်တန်းပြ သို့မဟုတ် မူလတန်းကျောင်းအုပ်ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လက်ရှိရာထူး၌ လုပ်သက်တစ်ဆက်တည်း ၄နှစ်ပြည့်သူဖြစ်ရမည်။ ခြွင်းချက်အနေဖြင့် ဘွဲ့ရစဉ်က ဂုဏ်ထူးတန်း တက်ရောက်ရန် အဆင့်မီသူ သို့မဟုတ် မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ပါက ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့တွင် လက်ရှိရာထူး၌ လုပ်သက် တစ်ဆက်တည်း ၂နှစ်ပြည့်သူ ဖြစ်ရမည်။
(ဃ) ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့တွင် အသက် ၅၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(င) အခြားသင်တန်းတက်ရောက်နေသူ မဖြစ်စေရ။
(စ) ပညာရေးဘွဲ့ရရှိပြီးသောအခါ ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရ တာဝန်ပေးရာ နေရာဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ စာမေးပွဲဖြေဆိုခွင့် ရရှိသူများ၏ ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများက စာစစ်ဌာနအလိုက် ကြိုတင်ကြေညာပေးမည်ဖြစ်ပါသည်။

အတွင်းရေးမှူး
သင်တန်းဝင်ခွင့်ကြီးကြပ်ရေးအဖွဲ့။

မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ရေငန်ငါး၊ ပုစွန်များအား တင်ဒါ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ငါး၊ ပုစွန်ဖြန့်ဖြူးရေးဌာန (ဗဟို)၊ ကမ်းနားဈေး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၆) ဆိပ်ခံတံတားတွင် ကုမ္ပဏီမှ ကိုယ်တိုင်ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ပြည်ပပို့ ရေငန်ငါး၊ ပုစွန်များ ပြည်တွင်းစားသုံးသည့် ရေငန်ငါးများ၊ ငါးခြောက်ထုတ်လုပ်နိုင်သည့် ရေငန်ငါးများအား မည်သူမဆို လွတ်လပ်စွာ တင်ဒါလေလံတင်စနစ်ဖြင့် အောက်ဖော်ပြပါ နေ့ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါပွဲကျင်းပမည့်နေ့ရက် – ၄–၇–၂၀၀၅ ရက်
တင်ဒါပွဲကျင်းပမည့်အချိန် – နံနက် ၁၀ နာရီ
ဆက်သွယ်ရန်လိပ်စာ – ငါး၊ ပုစွန်ဖြန့်ဖြူးရေးဌာန(ဗဟို)၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း–၅၀၀၂၁၈၊ ၅၃၄၃၀၀၊ ၅၀၀၈၂၅။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၄၈၈၆၃ ယာဉ်လက်ဝယ်ရှိသူက ယာဉ်ပိုင်ဆိုင်မှုအတွက် (ကမ–၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (တောင်ငူ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး၊ (တောင်ငူ)။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ စိုင်းလောဝ်ခမ်း ၁၃/ တကန(နိုင်) ၁၉၇၅၃၈ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ဆန္ဒ အတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် သက်ဆိုင်သော ကိစ္စအဝဝအား လုံးဝ တာဝန်မယူပါကြောင်း သိစေအပ်ပါသည်။

ဒေါ်နန်းခမ်းအေး
၁၃/ တကန (နိုင်) ၀၆၇၇၉၃။

ရွှေရှမ်းကန်၏ ဝသန်ဦးကာလ အထူးအစီအစဉ်

ဇူလိုင်လ(၁)ရက်မှစ၍ (သောကြာ၊စနေ၊တနင်္ဂနွေ)ညစာ သုံးရက်ကိုသာ Buffet တစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် (ပုံမှန်စားဝိုင်း)စားသုံးလိုသူများအတွက်လည်း နေ့စဉ် ရောင်းချပေးလျက် ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(ရွှေရှမ်းကန်စားသောက်ဆိုင်)
ရန်ကုန်တက္ကသိုလ်လှေလှော်အသင်း၊ အင်းလျားလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၇၀၆၇၈၉။

မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာတစ်လျှောက်တွင် စိန်တံချူပင်၊ စိန်မျက်ခုံးပင်နှင့် ကြေးနီရွက်လှပင်များကို ဇွန် ၈ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေချစိုက်ပျိုးမှုကို ဦးစီးအရာရှိဦးတင့်ဝေနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့ကြီးကြပ်ဆောင်ရွက်ရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၉၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်နေ ဦးတင်မောင်**(အပေါ်ပုံ)**သည် ဇွန် ၁၃ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၉၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကျိုက်ထိုမြို့နယ် ချောင်းဝကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ရက်က အဆိုပါ စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ လုပ်ငန်းကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့တွင် သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးချုပ်ပြည့်စုံနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့အစီအစဉ်များကို ယနေ့နံနက်ပိုင်းရှိတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ်စောထွန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) တတိယနေ့တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးချုပ်ပြည့်စုံက **စာမျက်နှာ ၆ ကော်လံ ၁** ❐

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)တတိယနေ့တွင် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



၂၀၀၅ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်၉၄၈ဦးရောက်ရှိ

ရန်ကုန် ဇွန် ၂၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဆပ်ကော်မတီအတွင်းရေးမှူးများက ကြိုဆိုကြသည်။

ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့ကျောက်မျက်ရတနာခန်းမအဆောက်အအုံဝန်းကျင်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာနေကြသည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသည်။

၂၀၀၅ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြင်ပနိုင်ငံခုနစ်နိုင်ငံ၊ကုမ္ပဏီ ၁၁၃ ခုမှ ရတနာကုန်သည် ၃၇၉ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၂၃၆ ခုမှ နိုင်ငံသားရတနာကုန်သည် ၅၆၉ဦး စုစုပေါင်း၉၄၈ဦး ရောက်ရှိနေကြပြီဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အစီအစဉ်အရ ပြည်တွင်းပြည်ပရတနာကုန်သည်များအား ဇူလိုင်၁ရက်နှင့် ၂ရက်နေ့များတွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ဇူလိုင် ၃ ရက်၊ ၄ရက်နှင့် ၅ရက်နေ့များတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကဏ္ဍကြီးငါးရပ် ပြန်လည်ရှင်းလင်း

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)တတိယနေ့တွင် အမျိုးသားနိုင်ငံရေးရာကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြ။